
# သက်မွေးရှင်သန်

ဝတ္ထု ၁၂ ပုဒ်

ခင်ဆွေဦး၊ ဇော်ဇော်အောင်၊ စမ်းစမ်းနွဲ့(သာယာဝတီ)၊ မောင်ဝဏ္ဏ၊
ဒေါက်တာငွေစိုး၊ သက်ထွန်း(ဆေးသိပ္ပံ)၊ ကျော်စွာထက်၊ လူမျိုးနော်၊
ကိုရိုးကွန့်၊ နှင်းဝေငြိမ်း၊ ရဲသျှမ်း၊ ကိုခိုင်နွေ(ပုသိမ်)



၂၀၂၁ - နှစ်သစ်ကြို

ဝတ္ထု ၁၂ ပုဒ်အစီအစဉ် - ၂

KLA0005

1,800.00 KS

စိတ်ကူးချိုချိုစာအုပ်

# သက်မွေးရှင်သန်

## ဝတ္ထု ၁၂ ပုဒ်

ကြည်လင်အေး–စီစဉ်သည်။

ပထမအကြိမ်၊ ၂၀၂၁

သက်မွေးရှင်သန် ဝတ္ထု ၁၂ ပုဒ်၊ ခင်ဆွေဦး နှင့်အခြား...

မျက်နှာဖုံးပန်းချီ - တော်တီဆွေ

စာမျက်နှာ ၁၅၈ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။

ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။

၂၀၂၁၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်



*email: skccph@gmail.com ; P.O.Box: 705*

*www.facebook.com/SKCCmyanmarbook*

*www.skccmyanmarbook.com*

# သက်မွေးရှင်သန်
## ဝတ္ထု ၁၂ ပုဒ်

လူတိုင်းတွင် အလုပ်ဘဝ ရှိကြသည်ချည်း ဖြစ်ပါသည်။ အသက်မွေးဖို့ နေ့စဉ် အလုပ်လုပ်ရခြင်းကို ရည်ညွှန်းပါသည်။ အလုပ်ဘဝတွင် တက်ကြွအားရ ပျော်ကြ ရွှင်ကြ ဆိုသည်များကိုလည်း မြင်ရနိုင်ပါသည်။ ထို့အတူ ဘဝရှင်သန်ရေး ရုန်းကန်အားထုတ်ရခြင်းများလည်း အလုပ်ဘဝတွင် ပါဝင်လျက် ဖြစ်ပါသည်။

ဘဝဝန်းကျင်ကို သရုပ်ဖော် ထင်ဟပ်သော စာများထဲတွင် လက်တွေ့ကျသော ဘဝအတွေးအမြင်များ တွေ့မြင်ကြရပါမည်။ စာနာဝေမျှ ခံစားရသည့် အဖြစ်တို့လည်း ရှောင်လွှဲမရ ပါနေမည်သာ ဖြစ်ပါသည်။

လူတစ်ယောက်တွင် စုံလင်သော ဘဝဝန်းကျင်များကို ကိုယ်တိုင်ကြုံဆုံနိုင်ရေးမှာ ဖြစ်တောင့်ဖြစ်ခဲ။ သို့သော် စာပေအနုပညာတွင် ရှာဖွေမည်ဆိုလျှင်တော့ တပြန့်တပြော ပိုင်ဆိုင်နိုင်ပြန်လေသည်ဟုသာ ယခုစာအုပ်အတွက် အဖွင့်စကားဆိုလိုက်ပါသည်။ ။

(၁) ခင်ဆွေဦး

(၁၅) စမ်းစမ်းနွဲ့(သာယာဝတီ)

(၂၈) ကျော်စွာထက်

(၄၈) ဒေါက်တာငွေစိုး

(၅၈) လူမျိုးနော်

(၆၈) မောင်ဝဏ္ဏ

(၇၉) သက်ထွန်း(ဆေးသိပ္ပံ)

(၉၆) ကိုရိုးကွန်

(၁၁၂) နှင်းဝေငြိမ်း

(၁၂၃) ရဲသျှမ်း

(၁၃၂) ကိုခိုင်နွေ(ပုသိမ်)

(၁၄၉) ဇော်ဇော်အောင်

ဝိညာဉ်ဖြူ ဘယ်သူဆေးခြယ်ပါ့

သမီးရဲ့ သမိုင်း

စာမေးပွဲ

နှစ်ဦးသဘောတူ

နားကြပ်ပုံပြင်

တွေးကြည့်ခြင်း

အနုပဋိလောမ

ကြိုဆိုပါသည်

ဒီလိုနဲ့... နှစ်သုံးဆယ်

အရောင်ပြယ်

မစားကောင်းသော သစ်သီး

ဆစ်ဂ်မန်ဖရွိုက် ပတ်ပျိုး

## ဝိညာဉ်ဖြူ ဘယ်သူဆေးခြယ်ပါ

- ခင်ဆွေဦး -

စိမ်းစိမ်းလန်းလန်း ညိုဖုပ်သော သစ်ရွက်များနှင့် သရက်အုပ်ညိုညို တို့သည် အမြင်ကို အေးချမ်းစေသည်မှာလည်း အမှန်ပင်။

ဝါးရုံပင်တို့၏ ထူးကဲသန့်စွမ်းသော လုံးပတ်စိမ်းမှောင်မှောင် တို့၏ ဝါးဆစ်များ၊ ဝါးဆစ်ထိပ်ဖျားမှ ဝါးတို့ နွဲ့ဟန်ယိမ်းကဟန်တို့ ကလည်း အနုစိတ်လှနေသည်မှာလည်း အမှန်ပင်။

ရန်ကုန်မြို့ တစ်နေရာ တစ်ဌာန ထိုတောအုပ်အကြားမှ ညိုရင့် ရင့် ဓနိမိုးနှင့် ဝါးကပ်ကာ ဘုန်းကြီးကျောင်းတို့မှာလည်း အရိပ်ခိုနားရာ ဖြစ်သည်မှာ အမှန်ပင်။ ထို့ပြင် ထိုကျောင်းများအနီး စေတီတစ်ဆူမှ ဆည်းလည်းသံတို့သည်လည်း သာယာသော တေးဂီတကို ဖန်တီးနေ ခဲ့သည်။

သို့သော်လည်း ထိုစေတီထဲမှ ငိုသံတစ်ချက် ခပ်သဲ့သဲ့ကြားရ ပြီးနောက် လူတွေ အုံနေတာကို တွေ့ရပြန်တော့ ဘာများဖြစ်ပါလိမ့်မလဲ ဟု လုံးတင်က အထိတ်တလန့် စူးစမ်းချင်သလို ပြေးကြည့်မိသည်။

စေတီ ရာဟုထောင့်ဘေးတွင် မိန်းမငယ်တစ်ယောက် ငိုသလို၊ ရယ်သလို တိမ်းမူးယိမ်းယိုင်ဖြစ်နေကာ သူ့အနီးမှ အမေနှင့်တူသူ အမျိုး

သမီးက ပွေ့ဖက်လျက် ယပ်ခတ်ပေးနေတာကို တွေ့ရသည်။

ဝိုင်းအုံရပ်ကြည့်နေကြသော 'ဈ' ရပ်ကွက်မှ လူစုသည် များသည်ထက် များလာသလိုပင်။ ခပ်စောစော ဆုတောင်းပြည့်စေတီတော်ပရိဝုဏ်ကအထွက် မြေလမ်းအနီးတွင် ဆိုက်ကပ်ထားသော ကိုယ်ပိုင်ကားနှစ်စီးနား ဝိုင်းအုံနေခဲ့သော ကလေးတစ်သိုက်သည်ပင်လျှင် သည်ဘက်သို့ အာရုံကူးပြောင်းလာကာ အပြေးအလွှား ရောက်လာကြလေသည်။

*

လုံးတင်သည် ခေါင်းရွက်ဈေးသည်လေးများအကြားမှ အသာတိုးဝင်လာကာ တစ်စတစ်စနှင့် မြင်သာသော နေရာအရောက်တွင် သတင်းမေးမြန်းပြီး အချက်အလက် စုဆောင်းရသလောက် စုဆောင်းမိပြီးဖြစ်သည်။

"ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ"

နောက်မှရောက်လာသူတို့အား စိတ်ကျေနပ်စေရန် လုံလောက်သော အဖြေများ လုံးတင် ပေးနိုင်ပြီဖြစ်သည်။ သူ့ကိုယ်သူ ကျေနပ်အားရခြင်းလည်း ဖြစ်မိသည်။

"ကောလိပ်က ကောင်မလေးပဲ၊ အဲဒါ သူ့အမေနဲ့ ဆုတောင်းပြည့်ဘုရားလည်း ရောက်ရော၊ ငိုလိုက်ရယ်လိုက်ဖြစ်လို့"

"သြော်... ဒါများ"

လုံးတင်ဘေးက ကောင်လေးတစ်ယောက်ကတော့ ပခုံးတစ်ချက်တွန့်ကာ သူနင်းလာသော ဆိုက်ကားရပ်ထားသော နေရာသို့ ခပ်သုတ်သုတ်ပြန်သွားသည်။

"သြော်... ဒါများ လုပ်မနေနဲ့ဟဲ့ ချစ်အေးရဲ့၊ ခုဟာက ဆန်းတယ်"

လုံးတင်က ချစ်အေးနောက်ကျောကို ဆတ်ခနဲ လှမ်းကြည့်ပြီး မျက်စောင်းတစ်ချက် ဝင့်လိုက်သည်။ သူ့လက်ထဲမှ သင်လက်စ မချစ်စု သရက်သီးတစ်လုံးကို ကျစ်ကျစ်ပါအောင် လက်ထဲဆုပ်ကိုင်ပြီး ရှေ့သို့ ခြေတစ်လှမ်း တိုးကြည့်ပြန်သည်။ ပြန်သွားကြသော ခေါင်းရွက်ဈေးသည်အချို့၏ နေရာကွက်လပ်များ အားသွားသဖြင့် နည်းနည်း အသက်ရှူချောင်သွားသည်။

"ကောင်မလေးက ချောတော့ ချောသားနော်"

"ချောတာတော့ မချောပါဘူး၊ မင်းသမီးတွေလို ပြင်ထားလို့ပါ"

"လှပါတယ်တော့"

လူတွေ ပြောသံဆိုသံကြားထဲ လုံးတင်ကလည်း သူ့ထင်မြင်ချက်ကို မရမနေ တစ်ချက်ပစ်သွင်းလိုက်သည်။

"ဖြူတာလေးပါပဲ၊ ဒီလို ၁၉ နှစ် ၂၀ အရွယ်မျိုးကတော့ ချစ်စရာကောင်းတာပေါ့"

"အနားက နေကာမျက်မှန်ဝိုင်းကြီးတပ်လို့ ယပ်ခတ်ပေးတဲ့ အမျိုးသမီးက သူ့အမေလား"

"ဟုတ်မယ်၊ ဟုတ်မယ်၊ သမီးလေး သမီးလေးလို့ ပျာယာခတ်နေတာပဲ မတွေ့ဘူးလား"

"ယောဂီဝတ်စုံနဲ့ ပုတီးကိုင်ထားတဲ့ အမျိုးသမီးကရော"

"ဒီဘက်က အပျံစားယောဂီကို မေးတာမဟုတ်လား၊ ခပ်စုတ်စုတ် မဟုတ်ဘူးလေ"

"နင့်နှယ်ဟယ်၊ လုံးတင်တစ်ယောက်ဟာ ပြောလည်းပြောတတ်ပါ့၊ အပျံစား ယောဂီရယ်လို့"

"ဟုတ်တယ် အဒေါ်ရဲ့၊ သူ့ယောဂီဝမ်းဆက် ဝတ်ထားတာ ကြည့်၊ တကယ်မိတယ်၊ ဖိနပ်တောင် စင်ကာပူဖိနပ်ခေါ်တယ်တဲ့၊ အညို

ရင့်ရောင်လေး၊ လိုက်တယ်နော်၊ ဘရာစီယာကလည်း အကောင်းစား တော့်၊ လက်သည်းအညိုရောင်ဆိုရင် အဲလိုတောက်တာမျိုးက နိုင်ငံခြား ဖြစ်"

"ဟဲ့... ကြားသွားပါ့မယ်ဟယ်"

"မကြားပါဘူး၊ အဝေးကြီးဥစ္စာ၊ အဲဒီမိန်းမက ဟိုလိပ်ခုံးကား ဖြူဖြူနဲ့ လာတာတဲ့၊ ခုမူးလဲနေတဲ့ ကောင်မလေးက ဒီဘက်က တိုယို တာ ကားအဝါစိမ်းက"

"အဲဒီ မိန်းမကြီး ဒီကို ခဏခဏလာတာတော့ တွေ့ဖူးပါတယ်၊ ရာဟုထောင့်မှာ ထီးတွေပန်းတွေ လာလာကပ်တာ ၁၀ ကျပ်ဖိုး အနည်း ဆုံးရှိမယ်၊ နှင်းဆီတွေမှ 'အကိ'လို့ လှလိုက်တာ..."

"သူတို့က ပိုက်ဆံသိပ်သုံးနိုင်တာ၊ ပိုက်ဆံအိတ်တောင် ၂၀၀ ကျော် ပေးဝယ်သုံးတာမျိုး"

လုံးတင်က ဝမ်းနည်းစိတ်နှင့် ငိုင်နေမိသည်။ ငါ သရက်သီး ရောင်းလို့ တစ်နေကုန်သွားတာ တစ်လတစ်လ ဝင်တဲ့ပိုက်ဆံတောင် ဒါလောက်မရှိဘူး။ အို ကိုထွန်းရှင်ရတဲ့ ဘီစကွတ်စက်ရုံ လုပ်အားခ လစာထက်တောင် များသေး။

"သူတို့က လူချမ်းသာတွေပဲ ထင်ရဲ့"

"အင်းလေ၊ ဒါလောက် ချမ်းသာနေမှ ငိုရရယ်ရနဲ့ အဖြစ်က"

"အဲဒီကောင်မလေးက ဘာဖြစ်တာလဲ"

"သူက ရှေးတုန်းက ဘုရင်တစ်ပါးရဲ့ သမီးတော်တဲ့တော်၊ ဒီဘုရား မြင်တော့ သူ့ဘဝဟောင်းကို အောက်မေ့ပြီး ငိုတာ၊ ဒီဘုရားက သူ့ခမည်း တော် တည်ခဲ့တာတဲ့၊ ခုကတော့ အသစ်ပြန်တည်တာကိုး၊ နန်းဟန် ပန်းဟန် စကားတွေလည်း ပြောတယ်၊ သူ့ခမည်းတော်ကိုလည်း ဖူးမြင် ချင်လိုက်တာတဲ့တော်"

"အဲဒါ ဘဝဟောင်းက အဆက်အနွယ်ပေါ့"

"မသိပါဘူး၊ သူ့အမေက ဟိုအမျိုးသမီးတွေကို ပြောပြတာတော့... သူ့သမီးလေးက ဘုရင့်သမီးတော် အထုံပါလာတာမို့ မသန့်တဲ့ အရပ်တွေ ဘာတွေ သွားလို့မရဘူးတဲ့၊ အသုဘအိမ်ဆိုရင် တစ်ကိုယ်လုံးယားယံလာရောတဲ့၊ သင်္ချိုင်းဆို ဘယ်တော့မှ မသွားရဘူးတဲ့"

"သူသေမှ သွားရမှာပေါ့နော်"

လုံးတင်အနီးမှ ခုနစ်နှစ်သားကလေး တစ်ယောက်က ဖျတ်ခနဲမေးလိုက်လေသည်။

"ဟဲ့ သေမှတော့ သွားရမှာပေါ့၊ လူကြီးတွေ စကားပြောတဲ့အထဲ နားမလည်ဘဲ ဝင်မပြောနဲ့"

လုံးတင်မှာ သူ့စကားစ, ပြတ်သွားသဖြင့် နှုတ်ခမ်းတလန် ပန်းတလန်နှင့် အနားကကောင်လေးကို ဟောက်လိုက်သည်။ ကောင်လေးက မျက်လုံးလေး ပေကလတ် ပေကလတ်နှင့် နှပ်တစ်ချက်ရှုံ့ကာ အပြစ်ရှိသူပမာ အသာငြိမ်သက်နေသည်။ လုံးတင်သည် စိတ်ဝင်စားကာ ထက်သန်နေဆဲမို့ –

"သူ့နာမည်က မေမာသီတဲ့"

"မေမာသီ"

"အင်း ချစ်စရာလေးနော်၊ သူ့အမေက မမကေသီဆိုလား၊ သူတို့ ခေါ်သံကြားတာပဲ၊ အဲဒီမေမာသီရဲ့ ခမည်းတော်ဟောင်း ဘုရင်ကလည်း ခု ဘယ်နိုင်ငံမှာဆိုလားပဲ၊ ဘာဆိုလားမသိဘူး ဖြစ်နေတာတဲ့၊ အဲဒီဘုရင်ဆိုတဲ့ လူကြီးအိမ်ကို မိတ်ဆက်သွားပြီး အဲဒီအကြောင်းပြောပြဖို့ဟာ မပြောလိုက်ရလို့ ကောင်မလေးအမေက စိတ်မကောင်းဘူးတဲ့"

"ပြောလို့ ဘုရင်ဆိုတဲ့ လူကြီးက ယုံမလား"

"ယုံမှာပါတဲ့"

လုံးတင်သည် သူ စကားပြောလောသွားတာကို သတိရကာ ခေတ္တငြိမ်သွားပြီးမှ –

"ကောင်မလေးက အဲဒီလူကြီးအကြောင်းကို အဝေးကနေ လှမ်းလှမ်း သိနေတယ်တဲ့၊ တော်နေကျ ဖေဘုရား ဖျားနေတယ်၊ ဖေဘုရား ရာထူးတိုးမယ်၊ ဖေဘုရားအိမ်မှာ ဘာပစ္စည်းပျောက်တယ် ဆိုတာက အစ စုံစမ်းရင် မှန်လွန်းလို့တဲ့"

"အဲဒါ သူ့အမေက ပြောတာလား"

အနားက လူတစ်ယောက်က မေးသည်။

"အင်းပေါ့"

"သူ့အမေက ပြောတယ်ဆိုတော့ ဖြစ်နိုင်ပါတယ်"

တစ်စုံတစ်ယောက်ကပြောတော့ စောစောက မေးခွန်းထုတ်သူက ခပ်အုပ်အုပ် ရယ်မောနေသည်။

"အဲဒီလူကြီးကို မပြောလိုက်ရတာတော့ နာတယ်နော်၊ နိုင်ငံခြား ပစ္စည်းတွေ ဘာတွေ မှာလို့မရတော့ဘူးပေါ့"

"သြော်... လုံးတင်တစ်ယောက်ကလည်း ရူးတယ်ဆိုမှပဲ ဖော်ပြနေပြန်ပြီ၊ နိုင်ငံခြားပစ္စည်း နင်လည်းရမှာမဟုတ်ဘဲနဲ့"

"နေစမ်းပါ အဒေါ်ရဲ့၊ ကျုပ်ကလည်း ဒါတွေ မမက်မောပါဘူး၊ စကားအဖြစ် ပြောတာပါ၊ ကောင်မလေးကလည်း ခုဘဝမှာ သူလည်း ကောင်းစားတာပဲ၊ သူ့ကို ပြင်ဦးလွင်မှာ မွေးတာတဲ့"

"ပြင်ဦးလွင်မှာ မွေးတာနဲ့ ကောင်းစားရောလား"

ပုဆိုးစိမ်းနဲ့ ချွေးတွေရွဲနစ်လျက် ချဉ်စော်နံနေသော ၁၀ တန်း ကျောင်းသားအရွယ် ကောင်လေးက ပြောလိုက်သည်။

"ဟဲ့... ဖိုးညို့ရဲ့ ရှေးတုန်းက မျက်နှာဖြူဗိုလ်ကြီးတွေ နေခဲ့တဲ့ မြို့မှာ မွေးတာ ကံကောင်းလွန်းလို့တဲ့၊ သူ့အမေပြောတာ ဒါလေးက

ပြင်ဦးလွင် မွေးလေးတဲ့"

"အင်္ဂလန်မွေးရင် ပိုက်ကောင်းမှာပေါ့နော်"

ပြောင်သည်လား၊ နောက်သည်လား မသိ။ တစ်စုံတစ်ယောက်က ဝင်ထောက်ဆဲ။

"ဖင်လန်မှာတော့ မမွေးချင်နဲ့၊ ကြည့်ကောင်းမှာ မဟုတ်ဘူး"

အဘယ်လူရှုပ်လူနောက်က ဝင်ပြောသည် မသိလိုက်ရ။ လုံးတင်ကတော့ မျက်တောင်လေး ပုတ်ခတ်လုပ်လျက်...

"စကားကောင်း ပြောနေတာတော့ မနောက်ကြနဲ့"

အုံ့ဩစရာကောင်းလောက်အောင်ပင် လုံးတင်သည် စိတ်ပါဝင်စားမှု ပြင်းထန်လျက်ရှိသည်။ သူ့မှာ နည်းနည်းမျှ ငြီးငွေ့နိုင်ခြင်းမရှိ။ ကိုယ့်အလုပ် သူ့အလုပ်နှင့် အသီးသီး ပြန်သွားကြသော်လည်း လုံးတင် မပြန်နိုင်သေး။ ကလေးတွေပင် ကြာတော့ပျင်းလာဟန်ရှိသည်။ ကလေးတစ်သိုက် စေတီပရိဝုဏ်မှထွက်ကာ ကားနားတွင် ရစ်ဝဲနေကြပြန်သည်။

လုံးတင်သည် ကားနားမှ ကလေးတစ်အုပ် ဆူညံနေသည်ကို ကြည့်ရင်း ကားတွေကိုငေးကာ –

"တို့ရပ်ကွက်နာမည်ကလည်း အပျံစားပဲ၊ ဗျူ ရပ်ကွက်၊ ကားသာဆိုရင် ဘယ်လောက်အဖိုးတန်လိုက်မလဲနော်၊ ငါ့ကို ဘာလို့များ လူချမ်းသာဗိုက်ထဲ မဝင်စားစေတာလဲ၊ အမေတို့ အဖေတို့၊ လင်သည်ကိုထွန်းရွှေတို့လို ဆင်းရဲသား ဝမ်းဗိုက်မှာ သန္ဓေတည်စေရတာလဲ၊ ကြည့်စမ်း ကောင်မလေးဟာ အရင်တုန်းက ဘုရင့်သမီး၊ ဒီဘဝမှာ သူဌေးကြီးသမီးလား၊ အရာရှိကြီးသမီးလား၊ ကောင်းတော့ ကောင်းစားတာပဲ၊ အံမယ်... သူ ဟိုတုန်းကအကြောင်း နန်းဟန်အသံပဲပြောတာနားထောင်ကောင်းရကောင်းနဲ့၊ အင်းဟင်း ရှေးကနန်းဟန်အသံပဲဟာ

ငါသိလို့လား၊ မဟုတ်သေးပါဘူး။ တစ်ခါမှလည်း မကြားဖူးဘဲနဲ့"

လုံးတင်သည် သူ့ဘာသာသူ ရယ်ချင်သလိုဖြစ်ပြီး ရက်သွားသည်။ ငါတွေးတာ ဘယ်သူမှမသိလို့ တော်ပါသေးရဲ့။ ဘေးဘီကို အသာခိုးကြည့်ပြီးမှ မေမာသီကို အားပါးတရ စိုက်ကြည့်နေမိပြန်သည်။

*

မေမာသီ အသံဝဲပြောတာ နားထောင်ကောင်းသည်ဟု အောက်မေ့ပြီးမှ တစ်ချက်သတိရသည်။ မေမာသီစကားဝဲပြောတာ ရုပ်ရှင်ထဲက ရုပ်ရှင်မင်းသမီးတွေ ရှမ်းသံဝဲတာနှင့် တူသလိုလို၊ ကရင်သံဝဲတာနှင့် တူသလိုလို၊ ကချင်သံဝဲတာနှင့် တူသလိုလိုရှိသည်။ နောက်ဆုံး ဤသုံးမျိုးကို တစ်လှည့်စီဝဲနေသည်ဟုလည်း ထင်မိသည်။

"ဖေဖျားနဲ့ မေမာနဲ့ တစ်နေ့ကျတွေ့မှာပါ မာမီရယ်"

ခုဘဝ မာမီကို ဖက်ထားသည်။ လုံးတင်သည် သူတို့သားအမိနှစ်ယောက်ကို ငေးကြည့်ရင်း တောင်စဉ်ရေမရတွေ တွေးပြန်သည်။ "ဟိုတုန်းက ငါဘာဖြစ်ခဲ့ပါလိမ့်၊ လူလား၊ နတ်လား၊ ဘီလူးလား၊ ခွေးလား၊ ဝက်လား၊ ဒီနေ့ အချိန်အခါမှာတော့ 'ဝက်'မဖြစ်ချင်ဆုံးပဲ၊ ဝက်က ဈေးပေါပေါနဲ့ အလုပ်ဖြစ်လို့ ဝက်ချည်းပဲ စားနေကြတာ၊ မှိန်းနဲ့ချည်း ထိုးအသတ်ခံရတော့မှာပဲ၊ ဒီကြားထဲ ဝက်သားနေရာ ခွေးသားအစားထိုးရောင်းသေး။ တစ်လောက ချက်စားတဲ့ ဝက်သားဆိုတာ မသက်ာပါဘူး။ အသားက နူးလည်းနူးညံ့ ချိုမြမြနဲ့ ဒါစားပြီး ပူလွန်းလို့ ရေချည်းချိုးချင်နေတာ"

နွေခေါင်ခေါင် မိုးရေကလည်း ရှားပါးလှသည်။

ရေဆို၍ ခုမှသတိရသည်။ ရေဘုံပိုင်တွင် ရေပုံးထားခဲ့တာ ကိုယ့်အလှည့် ရောက်ပြီလားမသိ။ ပုံးတန်းက အရှည်ကြီးရယ်။ ဈေးရောင်းရ

တာ တစ်ဖက်နှင့် ရေခံရတဲ့အလုပ်က တစ်ဖက်။

မေမာသီအိမ်ဆို ရေပိုက်က ဖွေးခနဲ စီးကျလာမှာပဲနော်။ သူတို့ အိမ်ကလည်း အပျံစားလားမသိ၊ ကြွေရေချိုးကန်လည်း ရှိမလားမသိ။ နိုင်ငံခြားရုပ်ရှင်ထဲကလို မျက်နှာသုတ်ပဝါကြီးပတ်လျက် ရေချိုးကန် သွားမည်ထင်သည်။ ဒီလိုဖြူဖြူနွဲ့နွဲ့နှင့် မိန်းကလေးမျိုးသည် ရုပ်ရှင် ထဲကလို ကြည့်ကောင်းမည်ထင်သည်။

လူ့ဘဝတွင် လူဖြစ်လာရသော လူအဖြစ်က ဘာလို့များ ကွဲပြား ခြားနားနေရသလဲ။ လှတာ၊ အရုပ်ဆိုးတာ၊ ပိန်တာ၊ ဝ,တာ၊ ပညာတတ် တာ၊ မတတ်တာတွေ ကွဲပြားခြားနားပါစေတော့။ ပိုက်ဆံရှိတာ မရှိတာ တော့ မခြားနားဘဲနေရင် ဘယ်လောက်ကောင်းမည်လဲနော်။

"မာမို သမီးလေးကိုတော့ နောက် ဘုရားစေတီတွေဆီ ခေါ်လာ လို့မဖြစ်ဘူး၊ အိမ်ကပဲ စိတ်မှန်းနဲ့ ဖူးတော့နော်၊ ဒါကြောင့် မမကေသီ ကို ဆရာကပြောတာ၊ ညီမရဲ့ကလေးက စေတီဟောင်းတွေဆီ သွားရင် လည်း မရဘူးတဲ့၊ တစ်ယောက်တည်းလည်း မလွှတ်နဲ့တဲ့၊ သိုက်ကခေါ် မှာကြောင့်"

လုံးတင် ကြက်သီးဖြန်းခနဲ ထ,သွားသည်။ အရေးထဲ လုံးတင် နောက်မှ ကောင်လေးနှစ်ယောက် အငြင်းပွားနေကြသည်။ ဘယ် စကားစ ဘယ်လိုစ,၍ ဘယ်လိုငြင်းကြသည်မသိ။

"ဟေ့... မင်း နောက်ဘဝရှိတယ်ဆိုတာ အခိုင်အမာ သက်သေ ပြနိုင်လား"

"ဟ ဒါမျိုးဘယ်ပြနိုင်မှာလဲ၊ ရှိတယ်လို့ ငါယုံတာပေါ့"

"ငါလည်း ယုံချင်ပါတယ်၊ ရှိလည်းရှိစေချင်ပါတယ်"

"မင်းက မရှိဘူးထင်လို့လား"

"မရှိပါဘူးကွာ"

"ရှိပါတယ်ကွာ"

"မရှိပါဘူး၊ ဟော့ ရှိတယ်သာ အာမခံချက် အသေအချာပေးနိုင်ရင် ငါ ခုချက်ချင်း ငါ့ကိုယ်ငါ သတ်သေတယ်"

"ကဲ သက်သေတော့ရှိတယ်ကွ"

"ရှိရင် တကယ်သတ်သေတယ် သူငယ်ချင်း၊ ငါ ဒီဘဝမှာ မနေချင်ဘူးကွ"

လုံးတင်က နောက်ဘက်သို့ မျက်စောင်းတစ်ချက် လှည့်ထိုးကာ "ဒီကောင်လေးတွေဟာ တောင်စဉ်ရေမရတွေ ငြင်းနေတာပဲ၊ ဘာမှလဲ နားမလည်ဘဲနဲ့" ဟု စိတ်ကြီးဝင်လျက် တွေးမိပြန်သည်။ စောစောက တစ်ကိုယ်လုံး ချဉ်စော်နံနေတဲ့ ၁၀ တန်းကျောင်းသားအရွယ် ဖိုးညို ဆိုတဲ့ ကောင်လေးနှင့် အပေါင်းအသင်းတွေပဲ ဖြစ်မည်ထင်သည်။ ရေမချိုးတဲ့ ချဉ်စုတ်ကောင်လေးတွေ။ အေးလေ... ရေကလည်း မရှိဘဲကိုး။ လုံးတင်ပင် တစ်မနက်ခင်းလုံး ရေမချိုးရသဖြင့် အနေရ၊ အထိုင်ရ ခက်နေသည်ကို အမှတ်ရမိသည်။ ငါလည်း လက်ပတ်စော် နံ့နေမှာပဲ။ သူ့ကိုယ်နံ့ကို သူမသိမသာ ရှူကြည့်ပြီး နှာခေါင်းရှုံ့လိုက်သည်။

ကောင်လေးတွေ ပြန်ခါနီးတော့ တစ်စုံတစ်ရာကို ပြောင်ပြက်ရင်း ရေရွတ်သွားကြသည်။ "ဒီကမ္ဘာမှာ ကျွန်တော်အနံဆုံး"တဲ့။ သူတို့ဘာသာ သူတို့လည်း သိသားပဲ။ လုံးတင်သည် တစ်ယောက်တည်း ကျိတ်ရယ်ကာ ကျန်ရစ်ခဲ့သည်။

*

လူတွေလည်း တစ်စတစ်စ နည်းပါးသွားပြီ။

မေမာသီ နဖူးချွေးများကို ဒေါ်ကေသီက သုတ်ပေးလိုက်သည်။ လုံးတင်သည် သူတို့နှင့် အနီးကပ်ဆုံးနေရာသို့ တရွေ့ရွေ့ တိုးလာ

သည်။ သူတို့ကိုယ်ကလား၊ လက်ကိုင်ပဝါကလား မသိ။ မွှေးလိုက်သည့်ဖြစ်ခြင်း။ ရေမွှေးနံ့မှာ သင်းသင်းလေး ပျံ့မွှေးနေသည်။ မျက်နှာမှ ပေါင်ဒါရနံ့ကလည်း ချွေးနံ့နှင့်ရောနေသော်လည်း မွှေးမြ။

"အင်း... ဒီနေ့တော့ မေမာရဲ့ ဖေဖျားဘ၀၊ မနက်ဖြန်တော့ မမကေသီရဲ့ ကိုကြီးကျော်ဇာတ်လမ်းကလည်း ရှိသေးတယ်"

ဒေါ်ကေသီက ဟန်ဆောင်စိတ်ရှုပ်သလို အမူအရာနှင့် ရယ်လျက်ပြောသည်။

"ဘယ်အိမ်မှာလဲ"

"ဦးဌေးမြင့်တို့ အိမ်မှာလေ"

"ဘယ်အိမ်လဲ၊ အိမ်ကြီးလား အိမ်သေးလား"

"ဟင်းဟင်း လုပ်ရော့မယ်၊ ညီမကလည်း အိမ်ကြီးပေါ့၊ သူ့မယားကြီးရဲ့သားက တစ်လောက ထီပေါက်တယ်လေ၊ မင်းကလေးက အိပ်မက်ပေးတာတဲ့၊ အဲဒီအိပ်မက်ထဲက ဂဏန်းအတိုင်းထိုးတာ"

"ဘယ်လောက်ပေါက်တုံး"

"၅၀၀၀၀"

"ကြော်... ရတနာရှိရာ ရတနာစုပဲ"

သူတို့ပြောသောစကားကို လုံးတင် အကုန်နားမလည်။ ဗမာစကားအစစ်မှ ဟုတ်ရဲ့လား။

ထိုအခိုက် မေမာသီတို့လည်း ပြန်သွားကြပြီ။

မေမာသီနှင့် ဒေါ်ကေသီတို့ ဇာတ်လည်း ဤတွင် နိဂုံးတံလေပြီ။

*

လုံးတင်၏ဇာတ်ကတော့ ဤနေ့အဖို့ အဆုံးမသတ်။

အိမ်အပြန် လုံးတင်၏ ရေပုံးပျောက်တာကို သိရသည်။ မောင်လေး

အစောင့်ထားခဲ့လျက် ဘယ်သူအလစ်သုတ်သွားသည် မသိ။

အဖေနှင့် အမေတို့ ဆူကြသည်မှာ ဝက်ဝက်ကွဲ။ ရေနံဆီပုံး တစ်ပုံး အစိတ် ၃၀၊ ၄၀ တန်သည်ကိုလည်း လုံးတင်မစဉ်းစားချင်။ "ကျုပ်ပြန်ဝယ်ပေးပါ့မယ်တော်" မရဲတရဲပြောလည်း မရ။ ဘာထူးလဲ။ ပိုက်ဆံအလကား ရသလားတဲ့။ မချစ်စု သရက်သီး စိတ်ရောင်းတာလည်း ယနေ့အဖို့ နှစ်ကျပ်တစ်မတ်ပဲ ရသေးတယ်။

"ပိုက်ဆံက အလကားရတယ်ပဲ ရှိမလားတော့်၊ ကျုပ်သိတာပေါ့"

လုံးတင်သည် ဆူလွန်းမက ဆူလာတော့ နှုတ်လှန်ထိုးသည်။

"ဘုရင့်သမီးဖြစ်တာနဲ့ နင်နဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တော့ မဆိုင်ဘူးပေါ့၊ ဗဟုသုတလေး ဘာလေး ရလိုရငြား သွားကြည့်တာပေါ့"

"ဘာဗဟုသုတလဲ၊ ဒါမျိုးဗဟုသုတက နင့်ကို ထမင်းကျွေးထားလား"

အမေက မြည်တံရှည်ကြီးနှင့် မြည်ပြန်သည်။

"နင်လားနင်၊ ထွန်းရှင်လိုလင်မို့ ငါလိုဆို ကွာပစ်တယ်"

"အို... ကွာပေါ့၊ လင်ပဲ ပေါလွန်းလို့"

အမေ့စကားကို မခံချင်သဖြင့် ပြောမိပြောရာတွေ ပြန်ပြောသည်။

"ဟဲ့... မိလုံး၊ ဒါ ဘာစကားလဲ"

အမေက ထ,ဟောက်သည်။

"ဘုရင့်သားအဖဇာတ် သွားကြည့်မိတာနဲ့ တကတဲ ရာဇဝတ်မှုကျူးလွန်တာ ကျနေတာပဲ"

မကြားတကြား ပြန်ပြောပြီးမှ အဖေ မကြားပါစေနှင့် ကပ္ပာကယာ ဆုတောင်းလိုက်ရသည်။ အမေကတော့ ကတ်ကတ်သတ်သတ် ကြားလိုက်ပြီး...

"တစ်နေ့လုပ်မှ တစ်နေ့စားရတာကို ခု အလုပ်ပျက်တော့ နင့်ကို ဘယ်သူက ကျွေးမှာလဲ၊ ကြည့်စမ်း ဈေးရောင်းတာ ဆန်တစ်ပြည်ဖိုး တောင် မရဘူး၊ ငါ ဟောဒီ ပိုက်ဆံဘူးမြင်ရင် အသည်းယားတယ် စိတ်တိုတယ်"

ကိုထွန်းရှင် ပြန်လာတော့ အခြေအနေက ပိုဆိုးသည်။ စကား နည်းသလောက် စိတ်တိုကာ အလုပ်က မောမောပန်းပန်းပြန်လာသော ကိုထွန်းရှင် လုံးတင်၏တင်ပါးကို ခြေထောက်နှင့် နှစ်ချက်ကန်သည်။ ရေနံဆီပုံးက ကိုထွန်းရှင် ဝယ်ပေးထားတာဖြစ်သည်။ ရှိစုမဲ့စု ဆင်းရဲ သားတို့၏ အိမ်ထောင်ဦးပစ္စည်းလည်း ဖြစ်သည်။

"မှတ်ထား နင့်လင် ကိုကြီးကျော်ရှိရာနောက် လိုက်ကြည့်တာမှ ကြက်သားကြော် စားရဦးမယ်၊ ခုဟာက အရေမရ"

ခါတိုင်း ညှာညှာတာတာ ကန်နေကျ၊ ဒီတစ်ခါ ခါးရိုးမျက်သွား အောင် အကန်ခံရသဖြင့် လုံးတင်သည် ရှုံ့ရှုံ့ရှားရှားဖြစ်ကာ –

"အို... လိုက်မယ်... လိုက်မယ် ဘာဖြစ်သေးလဲ၊ ဘုရင့်ဇာတ် ဖြစ်ဖြစ်၊ ဘုရင့်သမီးဇာတ်ဖြစ်ဖြစ် ကျုပ်ဘာသာ ကျုပ်သွားကြည့်တာ တော်က ဘာမနာလိုတာလဲ၊ လာသမျှဇာတ်တွေ အကုန်ကြည့်ပစ်မယ်၊ ဒီဘုရားမှာကို ကျုပ်သွားနေပြီး ကြည့်ကိုကြည့်ပြမယ် မှတ်ပလား"

လုံးတင်က ငိုရှိုက်သံနှင့်အတူ အော်ကြီးဟစ်ကျယ် ခုနစ်သံတင် ကာ ပြောလိုက်လေသည်။ ကိုထွန်းရှင်က သူ့မိန်းမ၏ ကလေးဆန် သော မျက်နှာကို စိန်းစိန်းဝါးဝါးကြည့်ကာ မသိမသာ လျှော့ကျလာ သော မျက်နှာထားကို ပြန်တင်းလျက် တောက်တစ်ချက်ခေါက်သည်။

"တောက်၊ တော်တော် အသိဉာဏ်မဲ့တဲ့ မိန်းမ"

"အဲဒါ အပြစ်လားတော့်၊ မသိတာ ဘာဖြစ်လဲ၊ ကျုပ်နိမ့်ကျတဲ့ ဘဝကို ကျုပ်သိပါတယ်တော့်၊ ကျုပ်က ဆင်းရဲတယ်၊ ဉာဏ်လည်းမဲ့

တယ်၊ ကျုပ် ဘာမှမသိဘူး၊ ရှင်မချစ်ရင်လည်း မချစ်နဲ့ပေါ့၊ ကျုပ်မသိတာ ကျုပ် ဘယ်တတ်နိုင်မလဲ"

ရင်ထဲမှလာသောအသံနှင့် စကားပြောရင်း ငိုနေသည်။ ကလေးငယ်ကဲ့သို့သော မျက်နှာတွင် ရိုးသားခြင်း၊ ဖြူစင်ခြင်း အရိပ်သည် ထင်ဟပ်နေသည်။ ဆင်းလည်း ဆင်းရဲသည်။ အသိပညာလည်း မဲ့သည်ဟု ဝန်ခံကာ ငိုနေသော မယားအလှကို ကိုထွန်းရှင်က တွေတွေကြီးစိုက်ကြည့်လိုက်သည်။ လုံးတင်၏ မောင်ငယ် သူ့ယောက်ဖ အထွေးဆုံး၏ ရှုပဗေဒစာအုပ်မှ စာရွက်လွတ်ပေါ်တွင် ကိုထွန်းရှင်က စိတ်မငြိမ်မသက်နှင့် တောင်ခြစ်မြောက်ခြစ် ရေးနေသည်။

"လုံးတင်လေး၊ နင် ဆင်းရဲတာနဲ့ အသိဉာဏ်မဲ့တာနဲ့ ဘယ်သူကမချစ်ဘူးပြောလို့လဲ၊ ခက်ရပါလားနော်"

ယောက္ခမတွေရှေ့ မယားအလှကို ကိုယ်ထိလက်ရောက်ချော့ရမှာ ရှက်သဖြင့် လုံးတင်အနီး မယောင်မလည် ကပ်သွားရင်း "ကလေးလည်း ဟုတ်ဘဲနဲ့ ငိုမနေစမ်းပါနဲ့ တိတ်"ဟု ခပ်ဆတ်ဆတ်လေးပြောကာ စောစောကမှ ယောက်ဖလေး လေ့ကျင့်ခန်းစာအုပ်မှ ဆုတ်ယူသော စက္ကူလွတ်ပေါ် ဤသို့ရေးခဲ့လေသည်။

အံ့သြဖွယ်ရာတော့ မဟုတ်။ လုံးတင် ရုတ်ခြည်း အငိုတိတ်သွားလေသည်။

မိုးဝေမဂ္ဂဇင်း၊ ဇွန်၊ ၁၉၇၉

❑

## သမီးရဲ့ သမိုင်း

- စမ်းစမ်းနွဲ့ (သာယာဝတီ) -

အစဉ်အလာဆိုတဲ့ ကိစ္စရပ်တွေဟာ တစ်ခါတစ်ရံမှာ လူတစ်ယောက်အတွက် သိပ်အနှောင့်အယှက်ဖြစ်စေပါကလားလို့ သမီး စဉ်းစားမိတယ်။

အထူးသဖြင့် ရှစ်တန်းဖြေတုန်းက အစဉ်အလာအတိုင်း သမီးက တအားပစ် ကြိုးစားခဲ့မိတာကိုပေါ့။

တကယ်ပြောတာပါ။

စာကြိုးစားတယ်ဆိုတာ ကျောင်းနေစကတည်းက သမီးရဲ့အစဉ်အလာပဲ။ အတန်းစဉ် ပထမနဲ့ချည်း တက်လာခဲ့တော့ ရှစ်တန်းမှာလည်း ထူးထူးချွန်ချွန် အောင်လိုက်ချင်တယ်လေ။

စာတော့ ကျက်သလား မမေးနဲ့။

ကိုဦးတို့၊ ကိုတူးတို့ကတောင် အမြင်ကတ်ရော။ သူတို့ကတော့ သိတယ်မဟုတ်လား။ ပျင်းကြောက ခပ်ထူထူ၊ ဉာဏ်ကလည်း ခပ်အူအူဆိုတော့ ကိုးတန်းမှာ တစ်လိုက်၊ ၁၀ တန်းမှာ တစ်လိုက်နဲ့ ဒီအတန်းကြီးတွေ ရောက်နေကြတာတောင် မိဘက ရိုက်မောင်း ပုတ်မောင်း စာကျက်ခိုင်းရတုန်း။

ခိုင်းလို့ စာကြည့်ပြန်တော့လည်း စာအုပ်ကို မျက်နှာအပ်ပြီး ပန်းချီ

ဆွဲတဲ့လူကဆွဲ၊ အီးယားဖုန်းသေးသေးလေး နားထဲထည့်ပြီး ကက်ဆက် ခိုးနားထောင်သူက ထောင်။

ဒီကြားက သမီးက စာကျက်ရင် အသံထွက်ပြီး ကျက်တတ်တော့ သူတို့အတွက် အနှောင့်အယှက်ကြီး ဖြစ်နေမှာပေါ့လေ။ တစောင်းစောင်း တမဲမဲနဲ့။ ပုစဉ်းရင်ကွဲမ တဲ့။ ကြက်တူရွေးမ တဲ့။ စာအုပ်ပုံကြားက ပိုးဟပ်မ... တဲ့။

အရေးမစိုက်ပါဘူး။

ပုစဉ်းရင်ကွဲလို၊ ကြက်တူရွေးလို ကျက်ခဲ့လို့၊ စာအုပ်ပုံကြားမှာ ပိုးဟပ်တွေတွယ်ခဲ့လို့ ရှစ်တန်းမှာ ငါးဘာသာဂုဏ်ထူး ရခဲ့တာပေါ့။ မရတဲ့ တစ်ဘာသာက ပထဝီလေ။ ဘာကြောင့်မရသလဲဆိုတာတော့ တွေးမိတိုင်း အသည်းနာပါရဲ့။

ပထဝီဖြေတဲ့နေ့က စာဖြေခန်းထဲမှာ လုံးဝကို အိပ်ပျော်သွားတာ။ စာဖြေနေရင်း မျက်စိတွေလေးပြီး ခေါင်းတွေအုံလာလို့ စားပွဲပေါ် မျက်နှာ မှောက်ပြီး ခဏလေးနားမလို့ပဲ။ ဘယ်လိုက ဘယ်လို အိပ်ပျော်သွားတယ် မသိပါဘူး။ အတန်းစောင့်ဆရာမက လာနှိုးမှ "အိပ်ပျော်သွားတာပါ ကော" လို့ တအံ့တသြ တထိတ်တလန့်နဲ့ ကပျာကယာ ဆက်ဖြေရတာ။

ဘယ်အချိန်လောက်ပါ့တော့မလဲ။

ပုံတစ်ပုံမှ မဆွဲလိုက်နိုင်ဘူး။ လက်ရေးကလည်း ကြောင်ခြစ် ကုတ်။ ၁၀ မှတ်တန်တစ်ပုဒ်လည်း လွတ်တယ်။ သွားပြီပေါ့။

ကိုဦးတို့၊ ကိုတူးတို့ကတော့ နိုင်ကွက်ရသွားတာပေါ့လေ။ ပြော စရာ ရတော့တာပေါ့။

"နင်က ပုစဉ်းရင်ကွဲလို အရမ်းစွတ်စက်အော်ကျက်တာကိုး မိစူး ရဲ့။ အကုန်လုံးလျှောက်ကျက်တော့ အချိန်ကုန်ပြီး အိပ်ရေးပျက်တာ ပေါ့။ လူလည်း ပင်ပန်းတာပေါ့။ သဘောပေါက်အောင် ကြည့်ရတယ်

ဟ။ အိပ်ရေးပျက်ခံ ပင်ပန်းခံလွန်းတော့ စာမေးပွဲခန်းထဲ မှောက်မသွားတာပဲ တော်လှပြီ”

အစ်ကိုတွေမို့ ခံမပြောနေတော့ပါဘူး။ ကိုယ့်လောက်လည်း ကျောင်းစာတော်ကြတဲ့လူတွေမှ မဟုတ်တာ။ ပြောချင်ရာပြော... အရေးလည်း စိုက်မနေတော့ပါဘူး။

အဲဒီနှစ်က သမီးတို့ ဝိဇ္ဇာနဲ့ သိပ္ပံ အထက်တန်းမှာ စခွဲတဲ့နှစ်။

ငါးဘာသာဂုဏ်ထူးနဲ့ အောင်ခဲ့တဲ့ သမီးက ‘သိပ္ပံ’ ပေါ့။

‘သိပ္ပံ’ ရတော့ ယူလိုက်တာပဲပေါ့။ ပိုတော်တဲ့လူတွေကို ပိုကောင်းတာပေးတာနေမှာလို့ပဲ တွေးပြီး ဝမ်းသာအားရ ယူခဲ့တာပဲပေါ့။

သင်ရိုးသစ်၊ စနစ်သစ်နဲ့စတဲ့ ကိုးတန်း စာသင်နှစ်ကို အေးဆေးစွာ ကျော်ဖြတ်ရင်း သမီး အပြင်စာတွေ ပိုဖတ်ချိန်ရခဲ့တယ်။ ပိုဖတ်ဖြစ်ခဲ့တယ်။

အဲသည်တော့မှ သမီးရဲ့ သိပ္ပံဘာသာတွဲ ပြဋ္ဌာန်းစာအုပ်တွေထက် ပိုစိတ်ဝင်စားစရာကောင်းတဲ့ ဘာသာရပ်တစ်ခုကို သမီး သွားတွေ့မိတော့တာ။

သမိုင်းလေ၊ သမိုင်းဘာသာရပ်ပါ။

သမိုင်းနောက်ခံဝတ္ထုတွေ၊ သမိုင်းဆိုင်ရာ စာတမ်းတွေဖတ်ရင်းက ဆားငန်ရေ သောက်မိသလို ဖတ်လို့မဝနိုင် ဖြစ်လာတယ်။

ကျောင်းသင်ခန်းစာနဲ့မဆိုင်တဲ့ ပြင်ပစာအုပ်တွေကို ဖတ်မိတဲ့ အဲဒီ ကိုးတန်းနှစ်မှာ သမီး သာမန်အဆင့်နဲ့ပဲ စာမေးပွဲ အောင်ခဲ့ပါတယ်။

၁၀ တန်းတက်တော့ မေမေက သတိပေးတယ်။

“မိစူး... ညည်းအချိုးကို ပြင်ရင်ပြင်၊ မပြင်ရင်တော့ ရိုးရိုးမေဂျာနဲ့ သူလိုငါလိုသာ ဖြစ်ပြီမှတ်” တဲ့။

ဟွန်း... သူလိုငါလို ဖြစ်ရမှာတော့ သမီးလည်း မကျေနပ်နိုင်

ပါဘူး။

ရှစ်တန်းကို ငါးဘာသာဂုဏ်ထူးနဲ့ အောင်ခဲ့တဲ့ မိစူးဟာ ၁၀ တန်းမှာ အနည်းဆုံး လေးဘာသာလောက်တော့ မှန်းနိုင်ရမှာပေါ့။

ဖြစ်အောင်လုပ်ရင် ဖြစ်ပါတယ်။ သမီး သိပါတယ်။ ကြိုးစားတယ် ဆိုတာ သမီးရဲ့အစဉ်အလာပဲ။ အဆန်းတကြယ်မဟုတ်လှပါဘူး။

ဒါပေမဲ့... အဲဒီအစဉ်အလာအတိုင်း သမီးကြိုးစားလို့ 'ဆေး' ရပါပြီတဲ့၊ 'အာရ်အိုင်တီ' ရပါပြီတဲ့၊ ယုတ်စွအဆုံး မေဂျာမှာ အမြင့်ဆုံးဆိုတဲ့ ဓာတုဗေဒတို့ ရူပဗေဒတို့ ရပါပြီတဲ့။

သမီး စိတ်ဝင်စားတဲ့သမိုင်းနဲ့ ဘယ်မှာ ဆုံစည်းနိုင်တော့မှာတဲ့လဲ။ အိုးစားကွဲပြီပေါ့။

သိပ္ပံဘာသာတွဲနဲ့ ၁၀ တန်းအောင်မယ့် မိစူးဟာ သမိုင်းနဲ့ ထိတွေ့ခွင့် မရနိုင်တော့ဘူးလေ။

ခက်တယ်။

အသက်ရှူနေပေမဲ့ မဝသလိုဘဲ။ စာကျက်နေရပေမဲ့ စိတ်အားထက်သန်မှု မရှိလှဘူး။ ပေါ့ရွှတ်ရွှတ်ကြီးရယ်။

သမီး စဉ်းစားပါတယ်။

အစဉ်အလာအတိုင်း ကြိုးစားလာခဲ့မိတာဟာ မှားပြီလားလို့။

(၂)

ဇီဝဗေဒပုစ္ဆာတွေ တွက်နေရင်းက သမိုင်းကို စိတ်ရောက်နေတယ်။

အနော်ရထာဘုရင်ရဲ့ ယဉ်ကျေးမှုတော်လှန်ရေး၊ အမြော်အမြင်ကြီးတဲ့ မိဖုရားဖွားစော၊ အသက်နဲ့အမျှ မာနကို တည်ဆောက်သွားတဲ့ မိဖုရားစောလုံ။

ဗညားနွဲ့နဲ့ ဗျည်းနွဲ့တို့ရဲ့ စီးချင်းတိုက်ပွဲ၊ တရုတ်ဂါမဏိနဲ့ သူ့ရဲ့

ကောင်း သမိန်ဗရမ်း။

ရန်သူ့နယ်မြေထဲကိုသွားပြီး နားထွင်းမင်္ဂလာကျင်းပမယ့် တပင်ရွှေထီးရဲ့ သူရဲကောင်းရွေးချယ်ပွဲ။

ဟိုရောက် ဒီရောက် ကပေါက်ကချာပါပဲ။

တပင်ရွှေထီးရဲ့ သူရဲကောင်းရွေးပွဲမှာ လက်ဖျားကို အပ်နဲ့စိုက်ပြီး တူနဲ့ ရိုက်နေပုံတွေ အာရုံထဲမှာ မြင်နေမိတယ်။ အပ်တစ်ဆုံး မြုပ်တဲ့အထိ မျက်နှာမပျက်စတမ်း တည်ငြိမ်သူကိုမှ သူရဲကောင်းခေါ်သတဲ့။

မျက်နှာတစ်ချက်ပျက်မိလို့ ဝိုင်းအလှောင်ခံရသူတစ်ယောက်ကတော့ အရှက်မွန်လို့မို့ ရင်ကိုခွဲပြီး အူတစ်ဆုံး ဆွဲနုတ်ပြလေသတဲ့။

ခနုဖြူစစ်ပွဲမှာ ပုံးဆန် အမြောက်ဆန်တွေကြား ရွှေထီးတလွှားလွှားနဲ့ မားမားမတ်မတ် ကွပ်ကဲအမိန့်ပေးနေတဲ့ ဗန္ဓုလကိုလည်း မြင်ယောင်မိတယ်။

အင်္ဂလိပ်ပြဇာတ်ဆန်းစာ ဝူးသရင်းဟိုက်ထဲက 'ကက်သရင်းလင်တန်' ရဲ့ ကာရိုက်တာကို ကျက်နေရင်း ဗန္ဓုလတို့၊ ဘုရင့်နောင်တို့ရဲ့ ကာရိုက်တာကိုပဲ စိတ်က ရောက်နေမိတယ်။

စိတ်ဝင်စားလွန်းမက ဖြစ်လာတော့ ဖတ်စာအုပ်ကို ခဏချပြီး ဖေဖေနဲ့ သွားစကားပြောရတော့တာပေါ့။ ဖေဖေက မေမေ့လို မဟုတ်ဘူးလေ။ ကျောင်းစာကို တော်ရုံသင့်ရုံကြိုးစား၊ အပြင်စာကို ဖတ်သင့်သလောက် ဖတ်ရမယ်တဲ့။

သမီး စကားပြောချင်လာပြီဆိုရင် အိမ်မှာ ဖေဖေနဲ့မှ အဆင်ပြေတာ။

သမီးက ဖေဖေ့ကို ဗန္ဓုလအကြောင်း၊ ဘုရင့်နောင်အကြောင်း သမီး ထင်ရာမြင်ရာဝေဖန်ချက်တွေ ပြောပြနေမိတယ်။

ဖေဖေက စိတ်ဝင်တစားနားထောင်ရင်း သမီးဖတ်ဖို့စာအုပ်၊ ဇီရို

ထဲက သမိုင်းစာအုပ်တချို့ ရွေးထုတ်နေတုန်း ဟိုနှစ်ကောင် ရောက်လာတော့တာပါပဲ။ ကိုဦးနဲ့ ကိုတူးလေ။

"မိစူးက သမိုင်းရူး ရူးနေတာပဲ။ နင် တဖြည်းဖြည်း မှိုတက်သွားမယ်နော်၊ သတိထား။ ခုခေတ်က ဓနုဖြူခံတပ်နဲ့ နောင်ရိုးတိုက်ပွဲအကြောင်း သိနေရုံနဲ့ မပြီးဘူးဟ။ 'စတားဝါး' ကိုသိရမယ်။ မိဖုရားဖွားစောနဲ့ စုဖုရားလတ်အကြောင်း စားမြုံ့ပြန်နေရုံနဲ့ မပြီးဘူးဟ။ ကိုရီအကီနိုကို သိရမယ်"

"အောင်မယ်... နင်တို့ထက် ပိုသိတယ်၊ နင်တို့ထက် ပိုတွေးတတ်တယ်။ နင်တို့က ဘုရင့်နောင်မှ မရှိတော့တာလို့ပဲ တွေးတာ။ ဘုရင့်နောင်လို ခေါင်းဆောင်မျိုး၊ ကျန်စစ်သားတို့၊ အလောင်းဘုရားတို့လို ပုဂ္ဂိုလ်မျိုးကို ချစ်တတ် နှာခံတတ်တဲ့လူတွေ ရှိပါလားလို့ မိစူးက ဆက်စဉ်းစားတာ။ သွားပါ၊ နင်တို့ နားမလည်ပါဘူး။ ငါ့ဘာသာငါ ဖေဖေနဲ့ ပြောနေတာ"

ခွေး ကိုတူးက နားထင်ကို လက်မနဲ့ထောက်ပြီး ပေါက်သွားပြီဆိုတဲ့ အထိမ်းအမှတ်လုပ်ပြရင်း လှောင်နေသေးတယ်။

ကိုဦးက...

"မိစူးကတော့ မလွယ်ဘူးဟေ့၊ ငယ်ငယ်လေးနဲ့ ရူးနေပြီထင်တယ်။ ဘယ်လိုကြီးလဲမသိဘူး။ မိုက်ကယ်ဂျက်ဆင်လည်း မကြိုက်ဘူးတဲ့။ မက်ဒေါနားကိုတောင် ကော်နီဖရန်စစ်လောက် မကြိုက်ဖူးတဲ့ဟား... ဟား..."

"မင်းတို့နှစ်ကောင် သွားစမ်းကွာ" လို့ ဖေဖေ မောင်းထုတ်မှပဲအေးတော့တယ်။

နားချမ်းသာသွားပေမဲ့ စိတ်ထဲမှာတော့ ဆင်းရဲလိုက်တာလေ။ အစ်ကိုနှစ်ယောက်အတွက်ပါ။ ယောကျ်ားလေးတွေဖြစ်နေပြီး

တော့ ဘာတစ်ခုမျှ လေးလေးနက်နက်မရှိတာ ပြောပါတယ်။

မိုက်ကယ်ဂျက်ဆင် မကြိုက်ဘူးပြောမိလို့ သမီးကို တောကျတယ်တဲ့။ ဘာဆိုင်လဲ၊ အသံစူးစူးနဲ့ မိန်းမလျာလိုလို ဘာလိုလို အော်သံကြီး၊ နားဝင်မှမချိုတာ၊ နားလည်း မလည်ပါဘူး။

ကော်နီ ဖရန့်စစ် ကြိုက်တာ ကြိုက်တာပေါ့။ ဘာဖြစ်သလဲ။ မေခလာ 'ကော်ပီသံ' နဲ့ ပြန်ဆိုထားတဲ့ ကော်လံပေါ်က နှုတ်ခမ်းနီသီချင်းရဲ့ မူရင်းအခွေဟာလေ နားထောင်ဖူးတယ် မဟုတ်လား။ ဘယ်လောက်ကောင်းသလဲနော်။

မက်ဒေါနားလား၊ ဟင့်အင်း မကြိုက်ပေါင်။ သူတို့ကောင်လေးတွေကတော့ ကောင်းတယ်ပြောမှာပေါ့။ ချက်ဖော်ထားတဲ့ ဝတ်စုံနဲ့၊ ဆံပင်ဖရိုဖရဲနဲ့ မက်ဒေါနားပုံမျိုးစုံ သူတို့အိပ်ရာဘေးမှာရှိတာ မယုံရင်ရှာကြည့်။

မက်ဒေါနားရဲ့ ဗီဒီယိုအခွေ ကြည့်ဖူးသားပဲ။ သူ့နိုင်ငံ၊ သူ့ဓလေ့နဲ့သူတော့ ကောင်းမှာပေါ့။ လှတယ်လေ။ ခေါင်းကိုမော့လိုက်၊ လှန်လိုက်၊ ကျွမ်းပစ်လိုက်နဲ့ သီချင်းဆိုတာ။ ခြေက ကရင်း သီချင်းဆိုတာကြည့်လို့ကောင်းပါတယ်။

ဒါပေမဲ့ နင့်နေအောင် ဘယ်မှာခံစားရလို့လဲ။ ရန်ကင်း ဆယ့်နှစ်လုံးတန်းသင်္ကြန်မဏ္ဍပ်မှာ တေးသံရှင် ညွန့်ညွန့်စိန်က ခရေပင်အောက်က ပိတောက်ချစ်သူရေလို့ တမ်းတရင်း မိုက်ကရိုဖုန်းပျက်သွားတော့ မဏ္ဍပ်က လူကြီးတွေကို "အန်ကယ်ရေ မြန်မြန်လုပ်စမ်းပါဗျို့" လို့ ခြေဆောင့်အော်ရတဲ့ အရသာနဲ့များ တခြားစီမှ တခြားစီ။

သမီးသဘောကတော့ ကိုယ် တကယ်ကြိုက်မှ ကြိုက်တယ်ပြော။ တကယ်ခံစားနားလည်လို့ရမှ ကောင်းတယ်ပြော။ ရောယောင်နောက်လိုက် မလုပ်နဲ့။ ဒါပါပဲ။ ယောကျ်ားဆိုတာ ပိုပြီးခိုင်မာပြတ်သားရမယ်လေ။

တစ်နေ့ကပဲ ကိုတူးနဲ့ သမီး စကားများရသေးတယ်။ သူက ဂစ်တာ တီးနေတာ၊ ဆိုတီးပေါ့လေ။

မိုး... မိုး... မိုး... မိုး... မိုးကျော်... မင်း ဘယ်ဆီမှာလဲ ဆိုတဲ့ သီချင်း ကြားဖူးကြမလားမသိ။

မိုးကျော်ဆိုတဲ့ ကွယ်လွန်သူ ဂီတသမားလေးတစ်ယောက်ကို လွမ်းဆွတ် သတိရစွာ ရေးဖွဲ့ထားတဲ့ သီချင်းပါ။ သမီးကတော့ ကက်ဆက်ခွေထဲက ခေတ်ပေါ်ဂီတတွေ နားထောင်ရုံကလွဲပြီး စတေ့ချ်ရှိုးတွေဘာတွေ သွားလေ့မရှိလို့ သိပ်တော့မသိပါဘူး။ ဒါပေမဲ့ စာအုပ်တွေထဲက ဖတ်ဖူးထားသလောက်ပေါ့လေ။ ပြောရရင် မိုးကျော်ဟာ မပွင့်မီ အကြွေစောရှာတဲ့ ဂီတသမားတစ်ယောက် ထင်ပါရဲ့။

ချစ်ထိုက်သူမို့လည်း ချစ်ကြတာပါ။

လွမ်းထိုက်သူမို့လည်း လွမ်းကြတာပါ။

ဒါပေမဲ့ ငတူးကို ပြောပါတယ်။

သူက ဒီသီချင်း ထပ်ထပ်ကျော့ပြီး လည်ချောင်းသံ တအစ်အစ်နဲ့ ဖျစ်ညှစ်ဆိုနေပုံ နားကြားပြင်းကတ်စရာ ကောင်းလွန်းလို့...

"တော်စမ်းဟယ်၊ နင့်အသံကြီး တမလွန်ကကြားရင် ဟိုမှာ နောက်တစ်ခေါက် ပြန်သေချင်စိတ် ပေါက်ဦးမယ်"

ကိုတူး ဂစ်တာကို ရပ်ပစ်လိုက်တယ်။ ဒေါပွသွားတဲ့ရုပ်နဲ့ မှုန်ကုပ်ကုပ်မော့ကြည့်ပြီး...

"ဘာလဲ၊ ဘာလာရှုပ်တာလဲ ပိုးဟပ်ဖြူမ၊ ဘာပြောချင်သေးလဲ။ မိုးကျော်ကိုချည်း မလွမ်းနဲ့။ ဟို... ဘယ်သူ ဟို... ချစ်ပြုံးနှင်းဆီ ရေးတဲ့လူ။ အယ်ကွာ၊ အဲ... ဂီတနက်သန် စောညိန်းကိုလည်း လွမ်းလို့ ပြောချင်သေးလား၊ ပြောမလို့မဟုတ်လား။ ဒါ နင်တို့လို ခေတ်ဆွေးတွေ၊ သမိုင်းရူးတွေနဲ့ မပတ်သက်ဘူး မိစူး။ ပြန် ပြန် နောက်လှည့်ပြီးတော့ပြန်"

ဒေါ်သဖြစ်ဖြစ်နဲ့ တူးကို တအားဝင်ပြီး ကုတ်ဖဲ့ပစ်လိုက်မိတယ်။ ကိုဦးနဲ့ ဖေဖေ အပြေးလာပေလို့သာပေါ့။ နို့မဟုတ်ရင် ဒီကောင့်ပခုံးကို အကွင်းလိုက် ပြတ်ပါလာအောင် ကိုက်ဆွဲပစ်မိမှာ။

ရိုးရိုးသားသား ငြင်းတာ ခုံတာ ရန်ဖြစ်တာမဟုတ်ဘူး။ ခေတ်ဆွေးလေး သမိုင်းလေးနဲ့ သူက လှောင်တာကို။

သမီး သမိုင်းကို စိတ်ဝင်စားတာဟာ အဲသလို လှောင်စရာ ဖြစ်နေပြီလား။

(၃)

၁၀ တန်းစာမေးပွဲ ဖြေတဲ့အချိန်မှာ သမီးစိတ်တွေ သိပ်လှုပ်ရှားနေတယ်။

ကိုဦးက ၁၀ တန်းကို နှစ်နှစ်ရှုံးပြီးပြီ။ ကိုတူးက ၁၀ တန်း ဒုတိယနှစ်။

အစ်ကိုတွေကို မအောင်မချင်း စိတ်ရှည်လက်ရှည် ကျောင်းထားသလို ပြင်ပကျူရှင်မှာ သင်စေသလို သမီးကို မေမေ စိတ်ရှည်ရင် ကောင်းမှာပဲလို့ အတွေးတစ်စ ဖမ်းဆုပ်လိုက်မိတယ်။

ဒီနှစ် ၁၀ တန်းအောင်သွားမှာကို သမီး ကြောက်နေလို့ပါ။ ဒီနှစ်လွတ်လိုက်ပြီး နောက်နှစ် ဝိဇ္ဇာပြောင်းယူချင်တယ်။ ဝိဇ္ဇာနဲ့ ၁၀ တန်းအောင်ပြီး သမိုင်းအဓိကယူမှာပေါ့။

အို... မေဂျာမှာ သမိုင်းကို အနိမ့်ဆုံးထားတယ်ဆိုတော့ကော သမိုင်းယူတိုင်း လူညံ့ဖြစ်ရတော့မှာလား။ မဟုတ်တာ။

ကိုယ့်ကိုယ်ကိုယ် သိဖို့ပဲ အရေးကြီးပါတယ်။ သမီးက အညံ့စားမဟုတ်ပါဘူး။ ဘယ်တုန်းကမှလည်း မညံ့ခဲ့ဘူး။ ဒါပေမဲ့ သမိုင်းကို စိတ်ဝင်စားတယ်။ ဘာဖြစ်သလဲ။

မေမေ့ကို ပြောကြည့်တယ်။

သိတဲ့အတိုင်း ဖေဖေဆိုတာက သမီးနဲ့ သိပ်စိတ်ဝမ်းကွဲတဲ့လူမှ မဟုတ်ဘဲ။ သမီးကို လိုက်လျောနေကျဆိုတော့ ပြောရင်ရမယ်ဆိုတာ သိပြီးသား။ အဓိကက မေမေ။

မေမေက ပြောလေ့ရှိတယ်။

သူဟာ ငယ်ငယ်က ကိုယ်ကြိုက်ကို ဦးစားပေးလွန်းလို့ ကြီးမှ နောင်တရစရာတွေ ဖြစ်ခဲ့တယ်တဲ့။ သင်္ချာကိုမုန်းတယ်၊ မြန်မာစာမှာ ဝါသနာပါတယ်ဆိုပြီး ဝါသနာနောက် ဘဝလုံး ပုံလိုက်မိလို့ တက္ကသိုလ် ပညာနဲ့ ဝေးခဲ့ရတယ်တဲ့။

ဒါကြောင့် စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ သားသမီး အားလုံး 'ဘွဲ့' တစ်ခုစီတော့ ရအောင် ကြိုးစားကြရမယ်တဲ့။

တကယ်တော့ မေမေဟာ သူ့မိုက်ကြေး မိုက်ပြစ်ကို သမီးတို့နဲ့ ပြန်ဆပ်နေတာ ထင်ပါရဲ့။

ဒါပေမဲ့ ဘယ့်နှယ်လုပ်မလဲနော်။

မေမေက ကြိုးစားကြ၊ ကြိုးစားကြနဲ့ 'မောင်းပေမဲ့' ကိုဦးတို့ ကိုတူးတို့ဆိုရင် လုံးဝကြိုးစားကြတာမှမဟုတ်ဘဲ။

သမီးသာ မေမေပြောသလို 'သူလိုငါလို ဖြစ်ရမှာစိုးလို့' အတန်းထဲမှာ စာတော်ချင်ခဲ့တာ။ နံပါတ်တစ်မရရင် ခေါင်းမဖော်ဝံ့စရာ ထင်ခဲ့တာ ၁၀ တန်းရောက်တဲ့အထိပါ။

ခုမှ...

၁၀ တန်းဖြေခါနီးမှ...

သမီး သိပ္ပံနဲ့ အောင်ရမှာ အမှတ်များများနဲ့ ဟိုတွေ ဒီတွေ ဝင်သွားမှာ သိပ်စိုးရိမ်နေပြီ။ သမီး စိတ်မပါတဲ့ခရီးကို ဆက်မသွားပါရစေနဲ့။ သမီးကို မပျော်စေချင်ဘူးလား မေမေ။

ဒီနှစ် လွှတ်လိုက်ပါရစေ။

နောက်နှစ် ဝိဇ္ဇာဘာသာတွဲ ပြောင်းပြီး ဖြေပါရစေ။ မေမေ ကျေနပ်အောင် ဂုဏ်ထူးများများ ရနိုင်သလောက် ကြိုးစားပေးပါ့မယ်။

ဒါပေမဲ့ သမိုင်းအဓိကပဲ တက်ခွင့်ပြုပါ မေမေ။

မေမေ့မျက်နှာ ရဲခနဲနီသွားတယ်လို့ ထင်လိုက်ရပါတယ်။

စာမေးပွဲဖြေခါနီးမို့ ချုပ်တည်းလိုက်ပုံပါပဲ။ နို့မဟုတ်ရင် မီးဝင်းဝင်းတောက်တဲ့မျက်နှာနဲ့ ဒေါသူပုန်ထလိုက်မယ့်ဖြစ်ခြင်း။

"ကိုးတန်းကတည်းက သိပ္ပံတွဲနဲ့ သင်လာခဲ့တာ။ ခုမှ ပြန်ပြောင်းလို့ ဖြစ်မလား။ ခုမှပြောင်းကျက်လို့ ဂုဏ်ထူးထွက်အောင် ဖြေနိုင်မယ် ထင်ရအောင် ညည်း အရူးလား။ စိတ်ကိုက ဗရုတ်ဗရက်နဲ့လုပ်မနေနဲ့။ ကျက်မှာကျက်၊ ဖြေမှာဖြေ"

"သမီး မရူးဘူး မေမေ၊ နောက်နှစ် ကျက်နိုင်တယ်။ အမှတ်များများရအောင် သမီးဖြေပြမယ်"

"မိစူး၊ ရှေ့နှစ်အတွက် မပြောနဲ့။ အခုနှစ်အတွက် ပိုင်အောင်လုပ်။ ဒါပဲ"

အမိန့်... လို့ ခံစားလိုက်ရပါတယ်။

အမေက 'အမိန့်' ချလိုက်ပြီပဲ။

သမီး နာခံရုံကလွဲပြီး ဘာတတ်နိုင်တော့မှာလဲ။

ပိုင်ပါတယ်...

ဒီနှစ်အတွက်တော့ ပိုင်ပါတယ်။

ဓာတုဗေဒမှာ အများနည်းတူ နည်းနည်းကွဲလိုက်တယ်ဆိုရပေမဲ့ အောင်မှတ်ကျော်ရုံကတော့ ရမယ့်ဟာပဲ။ ကျန်တဲ့ငါးဘာသာလုံးက 'ဒီ' ကို ချိန်ထားတာ။ ပြုတ်ရင် တစ်လုံးပေါ့။ အဲဒီလောက် အပိုင် 'တွယ်' ထားတာပါ။

ဒါပေမဲ့လေ...

ဒီနှစ်အတွက် 'ပိုင်' သလောက်...

တစ်သက်တာလုံးအတွက် 'မပိုင်' တော့ပါလားဆိုတာ သမီးကိုယ် သမီး သိနေတယ်။

သမီးရဲ့မေမေသာ ဒီတစ်သက် သိခွင့်ကြုံမှ ကြုံပါလေမလား နော်...။

နီဂုံး

မှတ်စုစာအုပ်ကို ဖြည်းလေးစွာပိတ်ပြီး သမီး အိပ်ရာဘေးသို့ ပြန်ထားလိုက်ပါသည်။

ကျွန်မသည် မိစူးသာမက ကိုဦးတို့၊ ကိုတူးတို့၏ အိပ်ရာများ၊ စာကြည့်စားပွဲများကို မကြာခဏ ရှောင်တခင် စစ်ဆေးလေ့ရှိပါသည်။

သူတို့ကို စိတ်မချစရာ မရှိလှသော်လည်း သံသယကင်းကင်းနှင့် တော့ ပစ်မထားဝံ့ပါ။ သူတို့ ဘာလုပ်နေကြသည်၊ ဘာဖြစ်နေကြသည် ဆိုတာလောက်တော့ မျက်ခြည်မပြတ် သိထားချင်ပါသည်။

မိစူး စာမေးပွဲဖြေပြီး ပျော်ပျော်ရွှင်ရွှင် မရှိလှတာ ရိပ်မိကတည်းက တက္ကသိုလ်စာကြည့်တိုက်ကတ် ယူပေးထားမည်ဆိုသည့် ကတိကို ယာယီရုပ်သိမ်းလိုက်ရပါသည်။

မိတ်ဆွေ ရေကူးချန်ပီယံဟောင်းတစ်ဦးထံ လိုက်အပ်ပေးပြီး ရေကူးသင်တန်း တက်စေလိုက်ပါသည်။ လှုပ်ရှားတက်ကြွဖွယ်သော အာရုံပြောင်းလဲမှု မိစူးအတွက် လိုအပ်မည် ထင်ပါသည်။ အကသင် တန်း၊ သိုင်းသင်တန်းများကိုလည်း လိုအပ်သလို တက်ခိုင်းရပါဦးမည်။

လောကမှာ လိုတာမဖြစ်၊ မလိုတာဖြစ်တတ်သည့် သဘော သဘာဝတွေနှင့် ထောင်းလမောင်းကြေခဲ့ပြီဖြစ်သည့် ကျွန်မအဖို့တော့

မိစူး၏မှတ်တမ်းကို နှလုံးသားနှင့် မဖတ်တော့ဘဲ ဦးနှောက်နှင့်သာ ဖတ်မိပါသည်။

ဒါကြောင့်လည်း ရင်ထဲမှာ သိပ်ခံစားမနေရတော့ဘဲ သူ့အတွက် ဘာလုပ်ပေးသင့်သလဲ ဆိုတာကို အဓိကစဉ်းစားရပါတော့သည်။ ကျွန်မကတော့ သားသမီးတွေအတွက် လုပ်စရာရှိတာဖြစ်အောင် မှန်မှန်လုပ်သွားဖို့ပင်။

တစ်ခုသော မိစူးကလေးကို ပြောစရာရှိမည်ထင်သည်။

သမိုင်းနှင့် မထိတွေ့သာတော့ပြီဟု စိတ်ကစဥ့်ကလျား ဝမ်းပါးအားငယ်နေသည့်သမီး။

သမီး ရေးထားတဲ့မှတ်တမ်းဟာ 'သမိုင်း' ပေါ့ သမီးရယ်။ ခရစ်နှစ် ၁၉၈၇ မှာ အရွယ်ဖွံ့ဖြိုးစ ဖူးမြပုရစ် ဆယ်ကျော်နှစ်တို့ရဲ့ သမိုင်းတစ်စွန်းတစ်စပေါ့။

ကလျာမဂ္ဂဇင်း၊ အမှတ် ၉၊ ၁၉၈၅

❑

## စာမေးပွဲ

**- ကျော်စွာထက် -**

ယခု ကျွန်တော် ရေးသားတင်ပြမည့် အဖြစ်အပျက်ကလေးမှာ လွန်ခဲ့သည့်လေးနှစ်ခန့်က မန္တလေးမြို့တွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။ ဤအဖြစ်အပျက်ကလေးမှာ မိတ်ဆွေအတွက် ပျင်းရိငြီးငွေ့စရာ ကောင်းလောက်အောင် ရိုးစင်းစင်း နိုင်ကောင်းနိုင်နေပါလိမ့်မည်။ သို့ရာတွင် ကျွန်တော် မတတ်နိုင်ပါ။ ဤကိစ္စမှာ ဘုရားသခင်၏ ကိစ္စ ဖြစ်ပါသည်။ ဘုရားသခင်သည် တစ်ခါတစ်ရံတွင် ကျွန်တော်တို့ကို အလွန်ရှုပ်ထွေး ပွေလီလွန်းသော လောကီထုပ္ပတ်လူတို့ဇာတ်ကို ကခိုင်းတတ်သလို တစ်ခါတလေကျတော့လည်း ဘာမှ မဆန်းကြယ်သော သာမန်အဖြစ်အပျက်ကလေးတွေကြားမှာ နေထိုင်သွားစေတတ်ပါသည်။

ကျွန်တော့်အနေနှင့် ပြောရလျှင်မူ ဤအဖြစ်အပျက်ကလေးမှာ အထူးအထွေ မဆန်းပြားသည်မှန်သော်လည်း ရိုးစင်းလွန်းလှသည်ဟုကား မထင်ပါ။ တကယ့်ဘဝဆိုသည်မှာ များသောအားဖြင့် စိတ်ကူးယဉ်ဝတ္ထုတွေထဲကလောက်တော့ ထူးခြား ဆန်းကြယ်လိမ့်မည် မဟုတ်မှန်း မိတ်ဆွေ သဘောပေါက်ပြီး ဖြစ်ပါလိမ့်မည်။ ထိုမျှ သဘောပေါက်ထား

လျှင် ယခု ကျွန်တော် ရေးသားမည့် အဖြစ်အပျက်ကလေးကို မိတ်ဆွေ ဖတ်လို့ ဖြစ်ပါပြီ။

(၁)

လွန်ခဲ့သည့်လေးနှစ်မတိုင်မီက အဖြစ်အပျက်များကိုကား မိတ်ဆွေအနေနှင့် များများစားစား သိထားစရာ မလိုပါ။ ကျွန်တော်သည် ဆေးတက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား တစ်ယောက် ဖြစ်ခဲ့သည်ဆိုတာ တစ်ခုလောက် သိထားလျှင် လုံလောက်ပါပြီ။ ကျွန်တော် အခု ဖော်ပြမည့်အဖြစ်အပျက်ကလေးမှာ လွန်ခဲ့သော လေးနှစ်က ကျွန်တော် ဆေးကျောင်းသားဘဝ နောက်ဆုံးနှစ် အပိုင်း (ခ) ၌ စာမေးပွဲကျရှုံးခြင်းမှ စတင်ခြင်းဖြစ်သည်။

စာမေးပွဲ ကျရှုံးသဖြင့် ကျောင်းအဆောင်၌ ကျွန်တော် နေခွင့်မရ တော့တာက စပြောကြလျှင် ကောင်းမည်ဟုထင်သည်။ ကျွန်တော်သည် ကျောင်းအဆောင်မှထွက်လိုက်ရကာ ပုဂ္ဂလိက အဆောင်လေးတစ်ဆောင် တွင် ငှားရမ်း၍ သွားရောက် နေထိုင်ခဲ့ရသည်။ ဤအဖြစ်အပျက်များမှာ ထိုပုဂ္ဂလိကအဆောင်တွင် သွားရောက်နေထိုင်စဉ်က ဖြစ်ပျက်သော အခြင်း အရာများပင် ဖြစ်သည်။ ထိုပုဂ္ဂလိကအဆောင်မှာ မန္တလေး အရှေ့ပြင် အောင်တော်မူအရပ်ထဲတွင် ရှိသည်။ လူနေအိမ်ခြေကျဲသောရပ်ကွက်ဖြစ် ၍ ခြံဝင်းကျယ်ကျယ်ထဲမှာရှိသော အဆောင်ကလေးဖြစ်လေသည်။ ခြံဝင်းကြီးထဲတွင် ကုက္ကိုပင်ကြီး သုံးပင်၊ သီးသီးပင် တစ်ပင်၊ တမာပင် နှစ်ပင်၊ ရေတွင်းတစ်တွင်းနှင့် ခြံဝင်းတံခါးပေါက်အနီး၌ ပေါက်ရောက် နေသော စိန်ပန်းပင်တစ်ပင်တို့ရှိသည်။ ခြံဝင်းကြီး၏ နောက်ဘက်ပိုင်း တွင် ကျွန်တော်တို့ နေထိုင်သော အဆောင်ရှိသည်။ အဆောင်အဖြစ် သတ်မှတ်ထားသော အဆောက်အအုံကား အလျားရှည်ရှည်၊ အနံတိုတို

အုတ်တိုက်ကလေးဖြစ်သည်။ အုတ်ကြွပ် မိုးထားသည်။ ပျင်းရိငြီးငွေ့၍ အိပ်ချင်စရာကောင်းသော ဝါခြောက်ခြောက် ဆေးရောင်ကို သုတ်ထားလေသည်။

လွန်ခဲ့သော လေးနှစ်က နွေဦးပေါက်ရာသီ၏ ပူနွေးသော နေ့တစ်နေ့တွင် ထိုအဆောင်ကလေးသို့ ကျွန်တော် စတင်ပြောင်းရွှေ့လာခဲ့သည်။ ထိုနေ့မှာ ကျွန်တော်တို့ အောင်စာရင်း ထွက်ပြီး ငါးရက်မြောက်သောနေ့ ဖြစ်သည်။ ကျွန်တော်၏ စာအုပ်သေတ္တာ၊ ရှိစုမဲ့စု အဝတ်အစားလေးများပါ ထည့်ထားသော အိပ်ရာလိပ်တစ်ခု၊ ပက်လက်ကုလားထိုင်တစ်လုံးနှင့် အခြားတိုလီမိုလီ ဖြုတ်စဗျင်းတောင်းတွေ ထည့်ထားသော ကြိမ်ခြင်းတစ်လုံးကို မြင်းလှည်းတစ်စင်းနှင့်တင်ကာ ကျွန်တော် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ နေမှာ ကျဲကျဲတောက် ပူလောင်ကာ ဝါလင်းထိန်ပြက်နေသည်။ ခြံဝင်းရှေ့တွင် မြင်းလှည်းရပ်၍ ခြံဝင်းထဲသို့ မျှော်ကြည့်လိုက်သောအခါ ရေနံချေး သုတ်ထား၍ မည်းနက်နေသော အိမ်အိုကြီးတစ်လုံးနှင့် နောက်ဖေးက အုတ်တိုက်အဆောင်ကလေးကို လှမ်းမြင်ရသည်။ သို့ရာတွင် လူတစ်ဦးတစ်ယောက်၏ အရိပ်အယောင်ကိုမျှ မတွေ့ရချေ။ ရေနံချေး သုတ်ထားသော အိမ်အိုကြီးမှာ တံခါးတွေ ပိတ်ထားသည်။ မြင်ကွင်းမှာ ထိုခြံဝင်းတွင် နေထိုင်ရန် ပြောင်းရွှေ့လာသော လူတစ်ယောက်အတွက် အလွန်ပင် အားငယ်ဖို့ကောင်းသော မြင်ကွင်း ဖြစ်လေသည်။ ခြံဝင်းတံခါးနားက စိန်ပန်းပင်မှာ အပွင့်တွေနှင့် နီရဲထိန်လျှံနေသည်။ စေ့ထားသော ခြံတံခါးပေါ်တွင် ငှက်ကလေးတစ်ကောင် နားနေသည်။ ထိုငှက်ကလေးမှာ မည်သည့်ငှက်အမျိုးအစားဖြစ်ကြောင်း ကျွန်တော် မသိပေ။ သို့ရာတွင် ထိုငှက်ကလေးမှာ ဥသြငှက်တစ်ကောင် မဟုတ်သလို ကြက်တူရွေးတစ်ကောင် မဟုတ်ကြောင်းကိုကား ကျွန်တော် ကျိန်တွယ်၍ ပြောရဲနေသည်။

ကျွန်တော်သည် ပစ္စည်းများကို မြင်းလှည်းပေါ်မှ ချလိုက်ပြီး ကျသင့်သော ကြေးငွေကို မြင်းလှည်းဆရာအားပေး၍ ပစ္စည်းများကို သယ်ကာ ခြံဝင်းထဲသို့ ဝင်လာခဲ့သည်။ ခြံဝင်းတံခါး၏ဘေးတွင် ခြံဝင်းအမည်ကို ချိတ်ဆွဲထားသော သစ်သားဆိုင်းဘုတ်ကလေးရှိသည်။ ထိုသစ်သားဆိုင်းဘုတ်ကလေးပေါ်တွင် 'စိမ်းလဲ့သာယာ' ဟူသောစာလုံးများကို အစိမ်းရောင် သဘော်ဆေးနှင့် ရေးထားသည်။ ဆေးရောင်မှာ လွင့်ပြယ်နေပြီဖြစ်ကာ တချို့နေရာတွင် ဆေးသားကွာကျ နေသည်။ ခြံဝင်းထဲကို မျှော်ကြည့်လိုက်လျှင်တော့ ကုက္ကိုပင်ကြီးများ၊ တမာပင်နှစ်ပင်နှင့် သီးသီးပင်တို့မှာ အရွက်များကြွေကာ ရိုးတံအပြိုင်းပြိုင်းနှင့် ခြောက်သွေ့သွေ့ဖြစ်နေသည်။ တံခါးများပိတ်ထားသော ရေနံချေးသုတ်ထားသည့် အိမ်အိုကြီးမှာ ပျင်းစရာကောင်းနေသည်။ ကျွန်တော်သည် ခြံဝင်းနှင့် မလိုက်ဖက်နိုင်အောင်ပင် ဆန့်ကျင်ဘက် ဖြစ်နေသော ခြံဝင်းအမည်ကို ဖတ်ကာ ပြုံးလိုက်မိသေးသည်။

ကျွန်တော်သည် စေ့ထားသော ခြံဝင်းတံခါးကို တွန်းဖွင့်ကာ ခြံထဲသို့ ဝင်ခဲ့သည်။ ခြံဝင်းထဲတွင် ခြောက်သွေ့ကြွပ်ဆတ်နေသော ကုက္ကိုရွက်ကြွေများ၊ တမာရွက်ကြွေများနှင့် ရှုပ်ထွေးနေသည်။ မြက်ပင်များမှာ ဝါကြန် ရင့်ရော်ကာ ငိုက်မျဉ်းနေသည်။ ကျွန်တော်သည် ခြံဝင်းအလယ်၌ လူသွားပါများသဖြင့် ဖြစ်နေသော မြေနီလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ အုတ်တိုက်အဆောင်ကလေးရှေ့ရှိ မြေကွက်လပ်တွင် ခွေးတစ်ကောင် အိပ်နေသည်။ ထိုခွေးမှာ အနက်နှင့် အဖြူရောင် ကျားထားသော ခွေးဖြစ်သည်။ ကျွန်တော့်ခြေသံကို ကြားသဖြင့် မျက်လုံးကို ဖွင့်ကာ ခေါင်းထောင်ကြည့်သည်။ ထို့နောက် အသာပြန်အိပ်သွားသည်။ ကျွန်တော့်သဘောကိုပြောရလျှင် ခွေးသည် လူစိမ်းတစ်ယောက်ဖြစ်သော ကျွန်တော့်ကို အနည်းဆုံး တစ်ကြိမ် နှစ်ကြိမ်လောက်ဖြစ်စေ ဟောင်လိုက်

ဖို့ ကောင်းသည်ဟုထင်သည်။ အခုတော့ ထိုသို့ တာဝန်ကျေရုံလောက် ဟောင်ရမှာကိုပင် သူ့မှာ ပျင်းရိလွန်းနေပုံရသည်။

ကျွန်တော်သည် အဆောင်လေးရှေ့က မြေကွက်လပ်တွင် ပစ္စည်းများကို ချကာ ယောင်ချာချာနှင့် ရပ်နေမိသည်။ အဆောင်ကလေးတွင် အခန်းသုံးခန်းရှိသည့်အနက် နှစ်ခန်းမှာ သော့ခတ်ထားသည်။ အဆောင်ကလေးရှေ့၌ ကျွန်တော် ယောင်ချာချာနှင့် ရပ်နေမိတုန်းမှာပဲ ရေနံချေးသုတ်ထားသော အိမ်အိုကြီး၏ နောက်ဖေးတံခါးမှ အဘိုးကြီးတစ်ဦး ထွက်လာသည်။ ထိုအဘိုးကြီးမှာ ဤအဆောင်ကလေးတွင် နေထိုင်ရန် အတွက် ပထမဆုံးအကြိမ် ကျွန်တော် လာရောက်စုံစမ်းစဉ်က တွေ့ခဲ့ရသော အဘိုးကြီးပင် ဖြစ်သည်။ ကျွန်တော်သည် အဘိုးကြီးကို နှုတ်ခမ်းတွန့်ကာ ပြုံးပြမိသော်လည်း အဘိုးကြီးကမူ ပြန်ပြုံးမပြချေ။ အဘိုးကြီးသည် ကျွန်တော့်ကို မှုန်တေတေကြည့်လိုက်ကာ "ရောက်လာပြီလား" ဟု မေးသည်။ ထို့နောက် အဆောင်ကလေး၏ အစွန်ဆုံးရှိ သော့ခတ်မထားသော အခန်းတံခါးကို ဆွဲဖွင့်ပေးလိုက်သည်။ ဤသို့ဖြင့် ကျွန်တော် နေထိုင်ရမည့် အခန်းကို ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း ကျွန်တော် နားလည်လိုက်သည်။ ပစ္စည်းများကို အခန်းထဲသို့ ကျွန်တော် သွင်းနေစဉ်မှာပင် အဘိုးကြီးသည် နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် အိမ်အိုကြီးဆီသို့ ပြန်လှည့်ထွက်သွားလေသည်။

ကျွန်တော်သည် ပစ္စည်းများကို အခန်းထဲ၌ သင့်တော်မည် ထင်သလို ခင်းကျင်းလိုက်သည်။ အခန်းကလေးထဲ၌ စားပွဲတစ်လုံးနှင့် ခုတင်တစ်လုံး ရှိသည်။ လောလောဆယ် ဖတ်ဖို့ ရည်ရွယ်သော စာအုပ်တချို့ကို စားပွဲပေါ်၌ တင်ထားလိုက်သည်။ ထို့နောက် အိပ်ရာလိပ်ကို ခုတင်ပေါ်တွင် ဖြန့်ခင်းလိုက်သည်။ ဤသို့ဖြင့် အခန်းကလေးမှာ လူတစ်ယောက် နေထိုင်လို့ ရရုံလောက်တော့ ဖြစ်သွားသည်။

ကျွန်တော်သည် အိပ်ရာပေါ်တွင် လဲလျောင်းကာ အပန်းဖြေလိုက်သည်။ ရပ်ကွက်ကလေးမှာ တိတ်ဆိတ် ငြိမ်သက်ကာ အေးချမ်းလှသည်။ ကျွန်တော်သည် တိတ်ဆိတ်ငြိမ်သက်သော အရသာကိုလည်းကောင်း၊ တစ်ကိုယ်ရေ တစ်ကာယ နေရသော အရသာကိုလည်းကောင်း အလွန်နှစ်သက်သူ ဖြစ်သည်။ မကြာခဏပင် ကျွန်တော်သည် မည်သူနှင့်မျှ စကားမပြောဘဲ ရက်သတ္တတစ်ပတ်လောက် အခန်းကလေးထဲ၌ အောင်းကာ နေလိုသောစိတ် ဖြစ်မိသည်။ သို့ရာတွင် မြို့ပြ၌ နေထိုင်သော လူတစ်ယောက်အတွက် ထိုကိစ္စမှာ ဖြစ်နိုင်ဖို့ ခဲယဉ်းကြောင်း ကျွန်တော် သိလေသည်။

အိပ်ရာပေါ်တွင် လဲလျောင်းရင်း မောမောနှင့် ကျွန်တော် အိပ်ပျော်သွားသည်။ ကျွန်တော် အိပ်ပျော်ရာက နိုးလာတော့ ညနေ လေးနာရီခွဲပြီးနေပြီ ဖြစ်သည်။ ကျွန်တော်သည် ရေချိုးရန်အတွက် ရေလဲလုံချည်၊ ဆပ်ပြာခွက်၊ သွားတိုက်ဆေး၊ သွားတိုက်တံနှင့် တဘက်တို့ကို ယူကာ ခြံဝင်းထဲရှိ ကုက္ကိုပင်ကြီးတစ်ပင်အောက်က ရေတွင်းဆီသို့ လျှောက်လာခဲ့သည်။ ရေတွင်းမှာ စက်သီးနှင့် ငင်ရသော ရေတွင်းဖြစ်သည်။ ပတ်ပတ်လည်တွင် အုတ်သမံတလင်း ခင်းထားပြီး သွပ်အမိုး မိုးထားသည်။ ရေတွင်း၌ လူတစ်ယောက် ရေချိုးနေလေသည်။

အားနေသော စက်သီးတစ်ခုဖြင့် ရေကိုငင်ကာ ကျွန်တော် ချိုးလိုက်သည်။ ရေအေးအေးကို ချိုးလိုက်ရသဖြင့် ကျွန်တော့်တစ်ကိုယ်လုံး ကြည်လင်လန်းဆန်းသွားသည်။ ကျွန်တော့်အရင် ရေချိုးနေသူက ကျွန်တော့်ကို မကြာခဏကြည့်ကာ အကဲခတ်နေသည်ဟု စိတ်ထဲမှာ အောက်မေ့နေမိသည်။ ထိုလူ့ပုံစံမှာ ဆံပင်ကောက်တိကောက်ကွေး၊ နှာခေါင်းပွပွ၊ နှုတ်ခမ်းထူထူနှင့် ဖြစ်သည်။ မေးရိုးကားပြီး မေးစေ့ကျတော့ ချွန်လွန်းနေသည်။ အသားဖြူသော်လည်း မချောမွေ့ဘဲ ကြမ်း

တမ်းသည်။ တစ်ကြိမ်တွင် သူနှင့် ကျွန်တော် အကြည့်ချင်း ဆုံသွားရာ သူက ပြုံးပြသည်။ သို့ရာတွင် သူ့အပြုံးမှာ နှစ်လိုဖွယ်ရာ မကောင်းဘဲ စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းနေသလို ထင်ရသည်။ သူ့အပြုံးကြောင့် ကျွန်တော့်မှာ မနေတတ် မထိုင်တတ်တောင် ဖြစ်သွားသေးသည်။ သူသည် ကျွန်တော့်ကို စူးစမ်းသလို ကြည့်ကာ ...

"နေ့လယ်က ဒီအဆောင်ကို ပြောင်းလာတဲ့သူနဲ့ တူတယ်" ဟု ပြောသည်။

"ဟုတ်ပါတယ်" ဟု ကျွန်တော်က ပြန်ဖြေလိုက်သည်။ သူသည် ခဏမျှနားပြီး ...

"ဘယ်ဌာနမှာလုပ်လဲ" ဟု မေးသည်။ ကျွန်တော်လည်း ဘယ်လိုဖြေရရင် ကောင်းမလဲဟု စဉ်းစားကာ ...

"ကျောင်းသားပါ" ဟု မယုတ်မလွန် ဖြေလိုက်သည်။ သူသည် ထိုမျှနှင့် မရပ်သေးဘဲ ...

"ဘယ်ကောလိပ်ကလဲ မသိဘူး" ဟု မေးပြန်သည်။ ကျွန်တော်က...

"ဆေးတက္ကသိုလ် ဖိုင်နယ်ပတ်တူးကျောင်းသားပါ" ဟု ဖြေလိုက်ရတော့သည်။

မျှော်လင့်မထားသော စကားတစ်ခွန်းကို ကြားလိုက်ရသလိုပင် "ဟုတ်လား" ဟု သူက တအံ့တသြ ပြန်ပြောသည်။ သူ့အသံနှင့် သူ့အမူအရာမှာ ပိုပြီး လှိုက်လှိုက်လှဲလှဲ နိုင်လာသလို ထင်လာသည်။ သူ့မျက်နှာမှာ ပိုမို၍ ဝင်းပလာသည်။

"ဒီအချိန်မှာတော့ ဆရာဝန်ဆိုတာ အကောင်းဆုံးပေါ့ဗျာ။ အလုပ်မဝင်ရလည်း ဘာပူစရာရှိသလဲ။ ကိုယ့်ဘာသာကိုယ် ဆေးခန်းဖွင့်ရင် သုံးလေးနှစ်အတွင်း တိုက်နဲ့၊ ကားနဲ့ ဖြစ်လာနိုင်တာပဲ" ဟု အားရပါးရ ပြောသည်။ ကျွန်တော့်မှာ ကြာလေ သူ့ကို စိတ်ပျက်လာလေ ဖြစ်နေမိ

သည်။ သူသည် ရေချိုးပြီးသော်လည်း မပြန်သေးဘဲ ကျွန်တော်နှင့် စကားဆက်ပြောနေလိုပုံ ရသည်။ ကျွန်တော်က ရေချိုးတာကို မြန်မြန် အပြီးသတ်လိုက်သည်။

"ကျွန်တော်က တောင်ဘက်ဆုံးအခန်းမှာ နေတယ်" သူက သူ့ကိုယ်သူ မိတ်ဆက်သည်။ "လုပ်တာကတော့ ဆောက်လုပ်ရေးရုံးမှာ ယူဒီပေါ့။ နာမည်က ကိုမြင့်ဟန်တဲ့။ တစ်ဆောင်တည်း အတူတူ နေကြမှာဆိုတော့ ခင်ခင်မင်မင်ပေါ့ဗျာ"

ကျွန်တော်လည်း မြန်မြန်စကားပြတ်သွားအောင် "ဟုတ်ကဲ့" ဟု ဝတ်ကျေတမ်းကျေ ပြောလိုက်ကာ ရေလဲလုံချည်ကို ကြိုးတန်းပေါ်တွင် လှန်းလိုက်ပြီး ကျွန်တော့်အခန်းဆီသို့ ပြန်သွားလိုက်သည်။ ထိုအခါကျမှ သူလည်း သူ့အခန်းဆီသို့ သွားတော့သည်။

ကျွန်တော့်မှာ ကိုယ်တိုင်ကလည်း စကားနည်းသူဖြစ်၍ စကားများသော သူများကို ယေဘုယျအားဖြင့် မနှစ်သက်ပေ။ ဖြစ်နိုင်လျှင် မည်သူနှင့်မျှ စကားမပြောဘဲ ခပ်အေးအေးဆေးဆေးသာ နေလိုသည်။ ကျွန်တော်သည် ဆန်းကွစ်ဖျော်ရည်၏ အရသာကို အလွန်နှစ်သက်သကဲ့သို့ပင် တိတ်ဆိတ်ငြိမ်သက်စွာ နေရသော အရသာကိုလည်း အလွန်နှစ်သက်သူ ဖြစ်နေခဲ့လေသည်။

ကျွန်တော်သည် အခန်းတံခါးကို ချက်ချ၍ ပိတ်လိုက်ကာ အိပ်ရာပေါ်တွင် ပစ်လှဲလိုက်သည်။ ထို့နောက် ခေါင်းအုံးနံဘေးတွင် ချထားသော ဗာဂျီးနီးယားဝုဖ်၏ 'လူတစ်ယောက် ပိုင်ဆိုင်တဲ့အခန်း' အမည်ရှိ စာအုပ်တစ်အုပ်ကို ဖတ်နေခဲ့လေသည်။

(၂)

ဤသို့ဖြင့် အဆောင်ကလေး၌ ကျွန်တော် နေထိုင်ခဲ့သော တစ်လ

မြောက်နေ့သို့ ရောက်လာခဲ့သည်။ ထိုနေ့မှာ စနေနေ့ ဖြစ်နေခဲ့လေသည်။

နေ့လယ် နေ့ခင်းဖြစ်၍ အဆောင်ကလေးမှာ ထုံးစံအတိုင်း တိတ်ဆိတ်ငြိမ်သက်နေသည်။ နွေရာသီမို့ အခန်းထဲတွင် ပြုတ်ထားသလို ပူလောင်အိုက်စပ်လှသဖြင့် ခြံဝင်းထဲက ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့်ထိုင်ရင်း စာအုပ်တစ်အုပ်ကို ဖတ်နေလိုက်သည်။ ကုက္ကိုပင်ကြီးမှာ ရွက်ဟောင်းများ ကြွေကျကုန်ပြီ ဖြစ်၍ ရိုးတံအပြိုင်းပြိုင်းနှင့် ဖြစ်နေသည်။ ထိုကုက္ကိုပင်ကြီး၏ အကိုင်းအခက်တစ်ခုတွင် ကျွန်တော် အမျိုးအမည်မသိသော ငှက်ကလေးတစ်ကောင် နားနေသည်။ အဆောင်ကလေးရှေ့က မြေကွက်လပ်တွင် အနက်နှင့် အဖြူကျားထားသော ခွေးမှာ ခါတိုင်းလိုပင် ပျင်းရိစွာ အိပ်စက်နေလေသည်။

အဆောင်ကလေး၌ နေ့လယ်နေ့ခင်းဆိုလျှင် ကျွန်တော်တစ်ယောက်သာ အမြဲရှိနေတတ်၍ ကျန်လူများမှာ ရှိခဲသည်။ ဆံပင် ကောက်တိကောက်ကွေးနှင့် စကားခပ်များများ ပြောတတ်သော လူမှာ မနက် ၉ နာရီလောက်တွင် သူ့ရုံးသို့ ထွက်သွားတတ်ပြီး ညနေ ၄ နာရီကျော်မှ ပြန်လာတတ်သည်။ (ထိုစဉ်က စနေနေ့များ၌ ရုံးနေ့ဝက် တက်ရသေးသည်) အလယ်ခန်းက လူနှစ်ယောက်မှာ မနက်လင်းပြီဆိုလျှင် မြို့ထဲသို့ ထွက်သွားတတ်ကြပြီး ပုံမှန်မရှိဘဲ ပြန်ချင်သည့်အချိန်မှ ပြန်လာတတ်ကြသည်။ ဆံပင် ကောက်တိကောက်ကွေးနှင့် စကားများသောလူ၏ ပြောပြချက်အရ တစ်ယောက်မှာ ညဈေးတန်းတွင် စာအုပ်အဟောင်းရောင်းသောသူဖြစ်၍ ကျန်တစ်ယောက်မှာ ကုန်ပစ္စည်း ကြော်ငြာတံဆိပ်များ၊ ကျူရှင်ကြော်ငြာများကို လက်ခံရေးဆွဲသော ကော်မာရှယ် ပန်းချီဆရာ တစ်ယောက်ဟု သိရသည်။ စကားများသော လူကမူ သူ၏ နဂိုကတည်းကပင် အကြည့်ရဆိုးနေပြီဖြစ်သော ထူထူထဲထဲ နှုတ်ခမ်းနှစ်ခုအား ပိုမိုအကျည်းတန်အောင် မဲ့လိုက်ပြီး တံတွေးကို ပျစ်ခနဲ ထွေးလိုက်

က "အလကား လူတွေပါဗျာ" ဟု ထိုသူနှစ်ယောက်ကို အမြဲတမ်း ကဲ့ရဲ့ရှုတ်ချ၍ ပြောလေ့ရှိသည်။

ကျွန်တော့်မှာ တစ်ခါတစ်ရံတွင် ဆံပင်ကောက်တိကောက်ကွေးနှင့် ထိုစကားများသော လူ၏ အလွန်ပင် ပျင်းရိငြီးငွေ့ဖွယ်ကောင်း၍ အနှစ်သာရ မရှိလောက်အောင် ညံ့ဖျင်းလွန်းလှသော စကားများဖြင့် နှိပ်စက်ခံရခြင်းမှလွဲလျှင် ထိုအဆောင်ကလေး၌ နေထိုင်ရခြင်းကို နှစ်သက်နေမိသည်။ အလယ်ခန်းက လူနှစ်ယောက်မှာ ဆံပင်ကောက်ကွေးနှင့် စကားများသောလူက ဘယ်လိုပင် ကဲ့ရဲ့ရှုတ်ချ၍ သူတို့မကောင်းကြောင်း ပြောစေကာမူ သူတို့အလုပ် သူတို့လုပ်၍ အေးအေးဆေးဆေး နေသူများအဖြစ် ကျွန်တော့်စိတ်ထဲတွင် သဘောကျနေမိသည်။

ကျွန်တော် စာမေးပွဲကျရှုံးသော ဘာသာရပ်မှာ 'ကလေးဆေးပညာ' ဘာသာရပ်ဖြစ်ရာ ကလေးဆေးရုံသို့ မနက်တိုင်းသွား၍ လက်တွေ့ဆင်းရရုံမှလွဲလျှင် နေ့လယ်နေ့ခင်း၌ ကျွန်တော့်မှာ အားလပ်နေလေ့ရှိသည်။ (ကျွန်တော်တို့ နောက်ဆုံးနှစ် အပိုင်း (ခ) ၌ ဘာသာရပ်လေးခုရှိရာ ကျွန်တော် ကျရှုံးသော 'ကလေးဆေးပညာ' မှာ ကျန်သော ဘာသာရပ်များနှင့် နှိုင်းစာလျှင် ကျက်မှတ်စရာ စာနည်းသဖြင့် ပေါ့ပါးသည်ဟု ဆိုနိုင်လေသည်။ နောက်ဆက်တွဲ စာမေးပွဲကို နောက် ၆ လနေမှ ဖြေဆိုရမည်ဖြစ်ရာ အေးအေးဆေးဆေးနေလို့ ဖြစ်နေသည်။)

နေ့လယ်နေ့ခင်းဆိုလျှင် ကျွန်တော်သည် ခြံဝင်းထဲရှိ ကုက္ကိုပင်ကြီးအောက်၌ ပက်လက်ကုလားထိုင်ကို ခင်းထိုင်ကာ ကလေးဆေးပညာ စာအုပ်ဖြစ်စေ၊ ထိုစာအုပ်မျိုးဖတ်ရန် ပျင်းရိသည့်အခါ၌ ဝတ္ထုစာအုပ်တစ်အုပ်အုပ်ဖြစ်စေ ထိုင်ဖတ်ရင်း ပူလောင်အိုက်စပ်သော နေ့ရက်များကို ဖြတ်သန်းခဲ့ရသည်။ ထိုသို့ ပက်လက်ကုလားထိုင်ကလေးပေါ်တွင် ထိုင်၍ စာအုပ်တစ်အုပ်အုပ်ကို ကျွန်တော် ဖတ်နေချိန်တွင် ကုက္ကိုပင်ကြီးပေါ်၌

အမျိုးအမည်မသိသော ငှက်ကလေးတစ်ကောင် နားချင်နားနေတတ်သည်။ အဆောင်ကလေးရှေ့က မြေကွက်လပ်တွင်ကား အထက်၌ ကျွန်တော် ဖော်ပြခဲ့သလို အနက်နှင့် အဖြူကျားထားသော ခွေးကို ပျင်းရိစွာ အိပ်စက်နေတာ တွေ့ရမည် ဖြစ်လေသည်။ ရေနံချေးသုတ်ထားသော အိမ်အိုကြီးကား အမြဲတစေ တိတ်ဆိတ်ငြိမ်သက်လို့ နေတော့သည်။ ထိုအိမ်အိုကြီး၌ အိမ်စောင့်အဖြစ် ကျွန်တော် ဤအဆောင်သို့ ပြောင်းရွှေ့လာသည့် ပထမဆုံးနေ့က တွေ့ခဲ့ရသော အဘိုးကြီးနေသည်။ အဘိုးကြီးမှာ အပြင်သို့ ထွက်သည်ဟူ၍ မရှိဘဲ အိမ်ထဲ၌သာ အမြဲတမ်းကုပ်၍ နေတတ်သည်။ ယုတ်စွအဆုံး ခြံဝင်းထဲသို့ထွက်၍ လမ်းလျှောက်သည်ကိုပင် အလွန် တွေ့ရခဲသည်။ အိမ်အိုကြီးမှာ အိမ်ရှေ့တံခါးတွေကို အမြဲတမ်း ပိတ်ထားတတ်ပြီး အိမ်နောက်ဖေးက တံခါးတစ်ပေါက်ကိုသာ တစ်ခါတစ်ရံ ဖွင့်ထားလေ့ရှိသည်။

ဆံပင် ကောက်တိကောက်ကွေးနှင့် စကားများသောလူ၏ ပြောပြချက်အရ ကျွန်တော်တို့နေထိုင်သော အဆောင်ကလေးနှင့် ဤခြံဝင်းကြီးကို မြို့ထဲက ပွဲရုံသူဌေးတစ်ယောက် ပိုင်သည်ဟု သိရသည်။ ပွဲရုံသူဌေးသည် ဤခြံဝင်းကြီးကို ဈေးချောင်ချောင်ရ၍သာ ဝယ်ထားခြင်းဖြစ်ပြီး နေတော့ မြို့ထဲကပွဲရုံနှင့် တွဲလျက်ဖြစ်သော တိုက်၌သာနေသည်။ ခြံစောင့်အဖြစ် အဘိုးကြီးကို ထားသည်။ သူကိုယ်တိုင်ကမူ တစ်လတစ်ခေါက်တောင် လာကြည့်လေ့ မရှိပေ။ ဤအဆောင်ကလေး၌ ကျွန်တော်တို့ကို အငှားထားခြင်းမှာလည်း အဆောင်ငှားခကို မက်မောလို့မဟုတ်ဘဲ ခြံဝင်းကြီး၌ အစောင့်အရှောက်ရအောင် ထားခြင်းသာဖြစ်သည်ဟု ဆိုသည်။

ခြံစောင့် အဘိုးကြီးမှာ ပူလောင်အိုက်စပ်ကာ မှောင်မည်းနေသော အိမ်အိုကြီးအတွင်း၌ တစ်နေ့လုံး အခန်းအောင်း၍ နေတတ်သူဖြစ်သည်။

ဤအဆောင်သို့ ကျွန်တော် ရောက်ခဲ့သည့် တစ်လတာ အချိန်အတွင်း အဘိုးကြီး စကားပြောသည်ကို ဟုတ်တိပတ်တိ မကြားဖူးချေ။ တစ် ထည်တည်းသော စွပ်ကျယ်လက်စက ခပ်ပွပွကို အမြဲဝတ်လေ့ရှိသည်။ အသားညိုကြာ မျက်နှာကြမ်းတမ်းသည့်အပြင် ခေါင်းတုံး တုံးထားသဖြင့် အကြည့်ရ ဆိုးသည်။ သို့ရာတွင် ကျန်းမာ သန်စွမ်းပုံတော့ ရလေသည်။ ကျွန်တော့်အထင် ပြောရလျှင် အဘိုးကြီး၌ အတိတ်က နာကြည်းဖို့ ကောင်းသော လွမ်းစရာတစ်မျိုးမျိုး ရှိခဲ့ဖူးသည်ဟု ထင်သည်။ လသာ သော ညများ၌ အိမ်အိုကြီး၏ လသာဆောင်ထက်ဆီမှ အဘိုးကြီးထိုး နေသော တယောသံကို ကြားရလေ့ရှိသည်။

ကျွန်တော်သည် ပက်လက်ကုလားထိုင်ကလေး၌ ထိုင်ကာ လက် ထဲက စာအုပ်ကို အသာပိတ်ပြီး တစ်ဖက်က ခြံဝင်းထဲသို့ ငေးကြည့်နေမိ သည်။ တစ်ဖက်က ခြံဝင်းမှာ ပြုစုပျိုးထောင်မှု ကင်းမဲ့သော ကျွန်တော်တို့ နေသည့် ခြံဝင်းလို ခြောက်သွေ့မနေဘဲ စိမ်းစိုအုပ်ဆိုင်းနေသော သရက် ပင်များ၊ ယူကလစ်ပင်၊ ပင်လယ်ကဗွီးပင်များနှင့် လှပလန်းဆန်းနေ သည်။ ခြံဝင်း၏အလယ်တွင် ခေတ်မီ၍ ပုံစံဆန်းသစ်သော တိုက်ကလေး တစ်လုံးရှိပြီး တိုက်ကလေးရှေ့၌ နိုင်ငံခြားမြက်မျိုးကို သေချာစိုက်ထား သော အစိမ်းနုရောင် မြက်ခင်းရှိသည်။ တိုက်ကလေးရှေ့ ပေါ်တီကို အောက်၌ အဝါမှိုင်းမှိုင်းရောင် ကိုရိုလာကားတစ်စီး ရပ်ထားသည်။ ခြံ ကလေး၏ ရှေ့တွင် အနီ၊ အဝါ၊ အဖြူရောင် အပွင့်များဖြင့် ကော့ရှု နဖတ်နေသော စက္ကူပန်းပင်တွေ ရှိသေးသည်။ အိမ်ရှေ့ ခြံစည်းရိုး၌ စနစ်တကျ တန်းစီစိုက်ပျိုးထားသည့် ပုဏ္ဏရိက်ပင်တန်းကလေးမှာ ကြည့်လို့ ကောင်းလှသည်။ ပူလောင်အိုက်စပ်လှသော နွေရာသီ၏ နေ့လယ်ခင်းမျိုးတွင် ကျွန်တော်သည် တစ်ဖက်ခြံကလေးကို ငေးမော ကြည့်ရင်း စိတ်ထဲမှာ အေးမြလန်းဆန်းလာသည်။

ကျွန်တော့်မျက်လုံးများသည် တိုက်ကလေး၏ နံဘေးရှိ သရက်ပင် အုပ်အုပ်အောက်သို့ ရောက်အသွားတွင် ရင်တွေ ဖိုခနဲလှုပ်ရှားသွားသည်။ သရက်ပင်အောက်က ဒန်းကလေးပေါ်တွင် အသာထိုင်ကာ ရုပ်ပြဇာတ်လမ်း စာအုပ်တစ်အုပ်ကို စိတ်ပါလက်ပါ ဖတ်နေသော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ကောင်မလေးမှာ ကျွန်တော့်ကိုမမြင်ဘဲ လက်ထဲက စာအုပ်ကိုသာ စိတ်ဝင်တစား ဖတ်နေသည်။ နက်မှောင်လှပသော ဆံပင်ကို အလယ်မှ ခွဲကာ နောက်ကျောပေါ်၌ ဖြန့်ချထားသဖြင့် ကြည့်လို့ကောင်းလှသည်။ အဝါရောင် အကောင်းစား တီရှပ်အင်္ကျီနှင့် အညိုရောင်ထဘီလေးမှာ သူမနှင့် လိုက်ဖက်လွန်းနေသည်။ ဝါဝင်းကြော့ရှင်းသော လည်တိုင်ရှိ ရွှေဆွဲကြိုးလေး၌ သူမ၏ အင်္ဂလိပ်နာမည် အတိုကောက်ဖြစ်ဟန်တူသော အင်္ဂလိပ်ရွှေစာလုံးလေးကို ဆွဲထားသည်။ ကောင်မလေးမှာ အသက် ၂၀ ကျော်လောက်ပဲ ရှိဦးမည်ဟု ကျွန်တော် ထင်သည်။ သူမ၏ တောက်ပသော ညို့ဓာတ်အားကောင်းသော မျက်ဝန်းအိမ်နှင့် ပါးလျသော နှုတ်ခမ်းလေးတွေကြောင့် ဆွစ်ဇာလန်သူ ရုပ်ရှင်မင်းသမီး 'အာရူလာ အင်းဒရက်စ်' နှင့် တူသည်ဟု ကျွန်တော့်စိတ်ထဲမှာ အမှတ်ပေးနေမိသည်။

ကျွန်တော်သည် ကောင်မလေးကို ကြည့်ကောင်းကောင်းနှင့် အကြာကြီး ငေးကြည့်နေမိသည်။ 'လှလိုက်တဲ့ ကောင်မလေးရေ' ဟု ပါးစပ်က ရေရွတ်လိုက်မိမလို လုပ်ပြီးမှ ကောင်မလေး ကြားသွားမည် စိုးသဖြင့် မရေရွတ်မိအောင် ပြန်ထိန်းလိုက်ရသည်။ တော်ကြာ ကောင်မလေး ကြားသွားလျှင် ထွက်ပြေးသွားကောင်း ထွက်ပြေးသွားနိုင်သည်။ ကောင်မလေးကို ကြည့်ရတာ ကျွန်တော့်စိတ်ထဲတွင် လှပသော အနုပညာ ပစ္စည်းတစ်ခုကို ငေးကြည့်နေရသလို ကြည်လင်လန်းဆန်းနေပြီး

ကြည့်လို့မဝ ဖြစ်နေသည်။ ထိုသို့ ငေးမောကြည့်ရှုနေစဉ်အတွင်း ကျွန်တော့် စိတ်ထဲတွင် တပ်မက်သော တဏှာရာဂစိတ် ကင်းစင်နေခဲ့ကြောင်း ကျိန်တွယ်၍ ပြောဝံ့ပါသည်။ အလွန်လှပ ခမ်းနားသော မိုနာလီဇာ ပန်းချီကားကို ကြည့်ရှုနေရသည့်အခါ ဒါမှမဟုတ် အလွန်အချိုးအစား ကျနသော ဗီးနပ်စ်ရုပ်တုကို ကြည့်ရှုရသည့်အခါ၌ ဖြစ်ပေါ်သော ခံစားမှု မျိုးသာ စိတ်ထဲ၌ ကိန်းအောင်းနေသည်ဟု ကျွန်တော် ထင်မိသည်။

ခဏနေတော့ ကောင်မလေး အိမ်ထဲ ပြန်ဝင်သွားသည်။ သည်တော့မှ ကျွန်တော်လည်း စောစောက ချထားသော 'ကလေးဆေး ပညာ' စာအုပ်ကိုကောက်ကိုင်ကာ ဖတ်ဖို့ သတိရတော့သည်။ သို့ရာတွင် မဖတ်နိုင်ပြန်ဘဲ မျက်လုံးထဲ၌ ကောင်မလေးကိုသာ မြင်ယောင်နေမိ သည်။ ကောင်မလေးနာမည် ဘယ်သူလဲ။ ဘယ်သူလဲ။ ဘယ်သူလဲ။ ကောင်မလေးနာမည် ဘယ်သူလဲဆိုတာ သိရရင်တော့ တော်တော်ပျော် စရာကောင်းမည်ဟု ကျွန်တော် ထင်သည်။ "ကောင်မလေးရေ ညည်း နာမည် ဘယ်သူလဲဟေ့" ဟု ရိုးရိုးသားသား မေးလိုက်လျှင်တော့ ကောင်မလေးက ပြန်ဖြေမည်လား မသိပေ။ အို... ကောင်မလေး နာမည် မသိရလည်း ကိစ္စတော့ မရှိပါဘူး။ တကယ်တော့ နာမည်ဆိုတာ ပညတ်ချက်တစ်ခုမျှသာ မဟုတ်လား။ ကောင်မလေးနာမည်ကို 'အာစူ လာ အင်းဒရက်စ်' ဟု အခေါ်ရလွယ်အောင် စိတ်ထဲက အမည်ပေး လိုက်သည်။ 'အာစူလာအင်းဒရက်စ်'၊ 'အာစူလာ အင်းဒရက်စ်'၊ 'အာစူ လာ အင်းဒရက်စ်' ဟု ပါးစပ်က ရေရွတ်ကြည့်သည်။ ကောင်မလေးနှင့် လိုက်ဖက်ပြီး တော်တော်လေး ရေရွတ်လို့ကောင်းတဲ့နာမည်မှန်း သေချာ သွားသည်။ ဟုတ်သည်။ ကောင်မလေးကို သည်လိုပဲ ခေါ်တော့မည်။

ကောင်မလေးအကြောင်းကို တွေးလို့ ကောင်းနေဆဲမှာပဲ ကျွန်တော့် ပခုံးကို လာကိုင်သော လက်တစ်ဖက်ကို တွေ့လိုက်ရသဖြင့် မော့ကြည့်

လိုက်သောအခါ ဆံပင်ကောက်တိကောက်ကွေးနှင့် စကားများသော လူဖြစ်နေသည်ကို တွေ့ရသည်။ သူက ပြုံးကာ "ဘယ်ငေးနေတာလဲ" ဟု မေးရင်း ကျွန်တော့်နံဘေးတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် စပ်မိစပ်ရာ ပြောကြရင်း သူက "ခင်ဗျားက ဆေးကျောင်းသားဆိုတော့ မေးရဦးမယ်ဗျာ" ဟု ဆိုကာ သန္ဓေတားဆေးများအကြောင်း၊ မိန်းမတို့၏ ဓမ္မတာကိစ္စများအကြောင်းကို လျှောက်မေးနေသည်။ ကျွန်တော့်မှာ စိတ်ပျက်လက်ပျက်နှင့်ပင် သူမေးသမျှကို ပြန်ဖြေနေရသည်။ ကျွန်တော်က ဖြေလေ၊ သူက ပို၍ ပို၍ တိုးမေးလေ လုပ်လာသောအခါ ကျွန်တော့်မှာ စိတ်မရှည်တော့ဘဲ ဒေါသထွက်လာသည်။ ထို့ကြောင့် နောက်ပိုင်း မေးသော မေးခွန်းများကို ကျွန်တော် ကောင်းကောင်း မဖြေတော့ပေ။ ထိုအခါမှ သူလည်း အမေးရပ်သွားတော့သည်။

အာရုလာ အင်းဒရက်စ်ကြောင့် စောစောက ကြည်လင်လန်းဆန်းနေသော စိတ်မှာ ဆံပင်ကောက်ကွေးနှင့် ထိုစကားများသောလူကြောင့် ပြန်လည် နောက်ကျိသွားလေသည်။

(၃)

ဤသို့ဖြင့် နေ့ရက်များမှာ ရပ်ရှင်ပြကွက်များကဲ့သို့ တဖျပ်ဖျပ်ကုန်ဆုံးသွားခဲ့သည်။

ကျွန်တော်၏ နေ့စဉ်လုပ်ငန်းမှာလည်း အထက်တွင် ကျွန်တော်ဖော်ပြခဲ့သလို မနက် ၉ နာရီခန့်တွင် ကလေးဆေးရုံသို့ လက်တွေ့ဆင်းရန် သွား၍ မနက် ၁၁ နာရီလောက်တွင် အဆောင်ကလေးသို့ ပြန်လာကာ နေ့လယ် နေ့ခင်းတွင်ကား ခြံဝင်းထဲက ကုက္ကိုပင်ကြီးအောက်၌ ပက်လက်ကုလားထိုင်နှင့် ထိုင်၍ စာဖတ်ရင်း တစ်ဖက်ခြံက အာရုလာ အင်းဒရက်စ်ကို ငေးမောကြည့်ရှုကာ အချိန်ကုန်ရတော့သည်။

ကျွန်တော် သူမကို အခွင့်သာလျှင် သာသလို ငေးမောကြည့်ရှုနေကြောင်းကို အာရုလာ အင်းဒရက်စ် ကိုယ်တိုင်ကား မသိချေ။ ထို့ကြောင့်လည်း သူမသည် ခြံထဲတွင် လွတ်လွတ်လပ်လပ်ပင် နေလေ့ရှိသည်။ တစ်ခါတစ်ရံတွင် သူတို့မွေးထားသော အမွေးစုတ်ဖွား တယ်ရီယာခွေးကလေးနှင့် ကလေးတစ်ယောက်ပမာ ပြေးလွှားဆော့ကစားနေတတ်သည်။ ထိုအခါ၌ သူမ၏ ရှည်လျားနက်မှောင်သော ဆံနွယ်မှာ လေထဲတွင် ပျံဝဲနေကာ ကြည့်လို့ကောင်းလှသည်။ တစ်ခါတစ်ရံ၌ သူမသည် ခြံဝင်းထဲက နှင်းဆီပင်တွေကို ရေလောင်းနေတတ်သည်။ တစ်ခါတစ်ရံတော့လည်း သရက်ပင်ကြီးအောက်က ဒန်းကလေးပေါ်တွင် ထိုင်ရင်း ဇာထိုးနေတတ်လေသည်။

တစ်နေ့ ကုက္ကိုပင်ကြီးအောက်၌ ကျွန်တော် ထိုင်နေစဉ် ဆံပင်ကောက်တိကောက်ကွေးနှင့် စကားများသောလူ ရောက်လာကာ ကျွန်တော့်အနားတွင် ထိုင်၍ သူတို့ရုံးက သူပိုးနေသော စာရေးမတစ်ယောက်အကြောင်းကို ပြောပြနေသည်။ ကျွန်တော့်မှာ စိတ်မဝင်စားသော်လည်း မကောင်းတတ်သဖြင့် သူပြောသမျှကို နားထောင်နေရသည်။ ကျွန်တော့်စိတ်ကတော့ တစ်ဖက်ခြံထဲ၌ အဖော်တစ်ယောက်နှင့် ရာဘာကွင်းပစ် ကစားနေသော အာရုလာ အင်းဒရက်စ်ဆီသို့သာ ရောက်နေသည်။ ဆံပင် ကောက်တိကောက်ကွေးနှင့် လူမှာ စကားပြော၍ ကောင်းနေဆဲ အာရုလာ အင်းဒရက်စ်တို့ ကစားနေသော ရာဘာကွင်းမှာ ခြံစည်းရိုးကို ကျော်ကာ ဆံပင်ကောက်ကွေးနှင့် လူကို လာမှန်သည်။ သို့ရာတွင် အရှိန်မပြင်းသဖြင့် သိပ်တော့ အထိမနာပေ။ ကျွန်တော့်စိတ်ထဲတွင်ကား အာရုလာ အင်းဒရက်စ်တို့ကို ဩဘာပေးနေမိသည်။ ဒီလောက်တောင် စကားများတဲ့ လူကို ဆုံးမလိုက်ခြင်းပင် ဖြစ်သည်ဟု သဘောပိုက်လိုက်သည်။ ထိုသူမှာ မနာကျင်သော်လည်း ရှက်သွားပြီး

ရာဘာကွင်းကို ကျိန်ဆဲနေသည်။ ထိုအခိုက် ပုဏ္ဏာရိုက် ခြံစည်းရိုး အထက်မှ အာစူလာ အင်းဒရက်စ်၏ ချိုမြသော မျက်နှာနှင့် ကိုယ်တစ်ပိုင်း ပေါ်လာသည်။ ကျွန်တော်သည် ရာဘာကွင်းကို ကောက်ကာ အာစူလာ အင်းဒရက်စ်ကို လှမ်းပေးလိုက်သည်။ ခုလို အနီးကပ် ကြည့်လိုက်တော့မှ အာစူလာ အင်းဒရက်စ်မှာ ထင်တာထက် ပိုပြီးတော့တောင် လှနေသေးသည်။ ထိုသို့ ရာဘာကွင်းကို ကောက်ပေးစဉ် အတော အတွင်း ကျွန်တော့် ရင်ထဲက နှလုံးခုန်သံ တီးဝိုင်းမှာ အချစ်သီချင်းတစ်ပုဒ်ကို အဆူညံဆုံး ပေါက်ကွဲ တီးခတ်နေသည်။ အာစူလာ အင်းဒရက်စ်သည် ကျွန်တော် ကမ်းပေးလိုက်သော ရာဘာကွင်းကို လှမ်းယူကာ "ကျေးဇူး" ဟု ပြုံး၍ပြောပြီး ပြန်ပြေးထွက်သွားသည်။

စကားများသောလူက တစ်ဖက်ခြံက အာစူလာ အင်းဒရက်စ်ဆီသို့ လှမ်းကြည့်ရင်း "မှည့်တယ်နော်" ဟု လာပြောသည်။ သူ ဘာဆိုလိုသည်ကို ကျွန်တော် သိသော်လည်း မသိဟန်ဆောင်ကာ သရက်ပင်ကြီးက သရက်သီးတွေကို လက်ညှိုးထိုးပြပြီး "ဘာမှည့်တာလဲ၊ ဟိုသရက်သီးတွေ မှည့်တာကို ပြောတာလား" ဟု ပြောလိုက်သည်။ သူက ကျွန်တော့်အား စိတ်ပျက်သွားဟန်ဖြင့် ပါးစပ်ကို ရှုံ့မဲ့လိုက်ကာ "အဲလိုသာ နုံအအလုပ်နေလို့ကတော့ ကိုယ့်လူ မိန်းမရမှာ မဟုတ်ဘူး" ဟု ပြောသည်။ ထို့နောက် ကျွန်တော့်ကို လက်တို့ကာ "ဒီမယ် ကိုယ့်လူ၊ စောစောကဟာလေးကို စိတ်ကူးမလွဲနဲ့၊ ပညာရော၊ ရုပ်ရည်ရော၊ ဥစ္စာရော ဘာမှပြောစရာမရှိဘူး။ ဒီမှာနေတုန်း အစွံထုတ်သွားနော်...၊ ကိုယ့်လူကို ဆရာဝန်လောင်းမှန်းသိသွားရင် ပြေလည်မှာပါ" ဟု ပြောသည်။ သူ၏ အဆုံးသတ်စကားကို ကျွန်တော် မကြိုက်သဖြင့် "တော်ပါတော့ဗျာ" ဟု ပြောပစ်လိုက်သည်။

ဆံပင်ကောက်ကွေးနှင့် ထိုသူမှာ စကားအလွန်များသလောက်

အလယ်ခန်းတွင်နေသော ပန်းချီဆရာနှင့် စာအုပ်ရောင်းသမားတို့မှာ စကားနည်းကြသည်။ ကျွန်တော် အဆောင်ကလေး၌ နေခဲ့သည့် ခြောက်လလုံးလုံး အခန်းချင်း ကပ်လျက်နေသော်လည်း သူတို့နှင့် စကားတစ်ခွန်းပင် မပြောဖြစ်ချေ။ သူတို့မှာလည်း ကျွန်တော့်လိုပင် ကိုယ့်ခံစားမှုနှင့်ကိုယ် ခပ်အေးအေး နေတတ်သူတွေ ဖြစ်နေလေသည်။

စကားများသောလူမှာ ထိုသူနှစ်ယောက်ကို အထင်သေးကာ အမြဲနှိမ်၍ ပြောတတ်သည်။ "ပန်းချီဆရာယောင်ယောင်၊ စာပေသမား ယောင်ယောင်နဲ့ ယောင်ခြောက်ဆယ်သမားတွေပါဗျာ" ဟု ကွယ်ရာတွင် ချိုးချိုးဖဲ့ဖဲ့ ပြောလေ့ရှိသည်။ ကျွန်တော့်ကို သူ ပေါင်းနေသည်မှာလည်း ဆရာဝန် ဖြစ်ကာနီး ဆေးကျောင်းသားတစ်ယောက်အဖြစ် အထင်ကြီးစိတ်နှင့် ပေါင်းနေမှန်း သိသာလှသည်။ သို့ဖြစ်ရာ ကျွန်တော့်မှာ သူ့ကို တတ်နိုင်သမျှ ရှောင်နေမိလေသည်။

ဤသို့ဖြင့် နေ့ရက်များမှာ လျင်မြန်စွာ ကုန်ဆုံးလာခဲ့သည်။ ကျွန်တော်သည်လည်း အာစူလာအင်းဒရက်စ်၏ အလှအပကို ငေးကြည့်ရုံမှအပ ထို့ထက် တစ်ဆင့်တက်ရန် မကြိုးစားခဲ့ချေ။ တစ်ခါတစ်ခါတော့လည်း အာစူလာ အင်းဒရက်စ်အပေါ် ကျွန်တော် ချစ်နေမိပြီလားဟု တွေးကြည့်မိခဲ့ဖူးသည်။ မည်သို့ပင်ဖြစ်စေ အာစူလာအင်းဒရက်စ်ကို ချစ်ရေးဆိုရန် ရည်ရွယ်ချက်မျိုး ကျွန်တော့်၌ အစကတည်းက မရှိခဲ့ပေ။ မိန်းကလေးတစ်ယောက်ကို ချစ်ရေးဆိုဖို့ မလိုဘဲ ချစ်နေလို့ ရနိုင်သည်ဟု ကျွန်တော် ထင်ထားလေသည်။

သို့ဖြစ်ရာ အာစူလာ အင်းဒရက်စ်ကို တစ်ဖက်သတ် ချစ်နေမိသော 'မေတ္တာစိတ်' တစ်ခုတည်းနှင့်ပင် ထိုအဆောင်ကလေး၌ နေခဲ့သည့် ခြောက်လတာ ကာလအတွင်း ကျွန်တော့်ဘဝမှာ စိုပြည်လတ်ဆတ်ခဲ့သည်ဟု ဆိုနိုင်လေသည်။

(၄)

ထိုအဆောင်ကလေး၌ ကျွန်တော် နေ၍ ခြောက်လပြည့်သော အခါ နောက်ဆက်တွဲစာမေးပွဲ ဖြေရသည်။ ကျွန်တော့်မှာ 'ကလေးဆေး ပညာ' တစ်ဘာသာပဲ ပြန်ဖြေရသူဖြစ်ရာ ဤအခါတွင်ကား အခက်အခဲ သိပ်မရှိဘဲ အောင်သွားသည်။ ထို့ကြောင့် ကျွန်တော်လည်း မန္တလေးပြည် သူ့ဆေးရုံကြီးတွင် အလုပ်သင် ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ရန် အတွက် 'အလုပ်သင် ဆရာဝန်များအဆောင်' သို့ ပြောင်းရွှေ့နေထိုင်လာ ရတော့သည်။ ထို့နောက်တွင်ကား ထိုအဆောင်ကလေးကို ကျွန်တော် မရောက်တော့သကဲ့သို့ အာစုလာ အင်းဒရက်စ်နှင့်လည်းကောင်း၊ ဆံပင် ကောက်ကွေးနှင့် စကားများသော လူနှင့်လည်းကောင်း၊ အလယ်ခန်းက လူနှစ်ယောက်နှင့်လည်းကောင်း ကျွန်တော် မတွေ့တော့သည်မှာ ယခု အချိန်ထိ ဖြစ်ပါသည်။

မိတ်ဆွေကို ကျွန်တော် ပြောပြမည်ဆိုသည့် အဖြစ်အပျက်ကလေး မှာ ဤမျှသာ ဖြစ်ပါသည်။ ကျွန်တော် ကြိုတင် အစီရင်ခံခဲ့သလို ဤ အဖြစ်အပျက်ကလေးမှာ ဘာမှမဆန်းပါ။ သူသူငါငါ ကြုံတွေ့ရတတ် သော သာမန်အဖြစ်အပျက်ကလေး တစ်ခုမျှသာ ဖြစ်ပါသည်။ အာစုလာ အင်းဒရက်စ်နှင့် ကျွန်တော် ချစ်သူတွေ ဖြစ်သွားကြလိမ့်မည်ဟု မိတ်ဆွေ အနေဖြင့် ကြိုတင်တွေးဆထားသည် ဆိုလျှင် ထိုသို့ ဖြစ်မလာရသည့် အတွက် ဝမ်းနည်းကြောင်း မိတ်ဆွေကို တောင်းပန်လိုပါသည်။ ဤ နေရာ၌ ကျွန်တော့်အထင်ကို ပြောရလျှင် လူ့ဘဝဆိုသည်မှာ ကျွန်တော် တို့ *နားမလည်နိုင်လောက်အောင်* သိပ်အဆန်းကြယ်ကြီး မဟုတ်ပါ။ ဘဝဆိုသည်မှာ နံနက် ၉ နာရီခွဲတွင် ရုံးတက်၍ ညနေ ၄ နာရီခွဲတွင် ရုံးဆင်းခြင်း၊ တစ်နေ့ ထမင်းနှစ်နပ်စားခြင်း၊ တစ်ပတ်တစ်ခါ လက် သည်းညှပ်ခြင်း၊ နှစ်လတစ်ခါလောက် ရုပ်ရှင်ကြည့်ခြင်း၊ လက်ဖက်ရည်

ဆိုင်ထိုင်ခြင်းနှင့် အပေါင်းအသင်းကောင်းလျှင် အရက်သောက်ကာ အသက် ၂၅ နှစ်လောက်အရောက်တွင် မိန်းမယူပြီး အသက် ၆၀ ကျော်လျှင် ပုတီးစိပ်ခြင်းတို့ ဖြစ်ပါသည်။ ထို့ထက် ပို၍မဆန်းလှပါ။ ဤသို့ဖြင့် ကျွန်တော်တို့မှာ အချိန်တန်လျှင် လူ့ဘဝကြီးမှ ထွက်ခွာသွားရမည်သာ ဖြစ်ပါသည်။

လူ့ဘဝကို ရောက်ရှိလာသော လူသားအချင်းချင်း သိကျွမ်းကြသည်။ ခင်မင်ကြသည်။ သံယောဇဉ်ဖြစ်ကြသည်။ သို့ရာတွင် 'တွေ့ဆုံကြုံကွဲ၊ ဖြစ်မြဲဓမ္မတာ' ဆိုသော စကားအတိုင်း ခေတ္တခဏ တွေ့ကြ၊ ဆုံကြ၊ ကြုံကြပြီးနောက် ကွဲကွာသွားကြကာ ကိုယ့်ဘဝနှင့် ကိုယ်၊ ကိုယ့်လမ်းခရီးနှင့်ကိုယ် ဆက်လက် လျှောက်လှမ်းသွားကြရမည်သာ ဖြစ်ပါသည်။

ယခု ကျွန်တော် ဖော်ပြခဲ့သော အဖြစ်အပျက်မှာ လွန်ခဲ့သော လေးနှစ်ခန့်က မန္တလေးမြို့တစ်နေရာတွင် ကျွန်တော်နှင့် ခြောက်လတာမျှ တွေ့ခဲ့၊ ဆုံခဲ့၊ သိကျွမ်းခဲ့သော လူလေးယောက်နှင့်ပတ်သက်၍ ကျွန်တော့်စိတ်ခံစားမှု တချို့တစ်ဝက်ပင် ဖြစ်ပါသည်။ ကျွန်တော့်ဘဝတွင် ထိုလူလေးယောက်နှင့် ထပ်မံတွေ့ကြုံဖို့ ဆိုသည်မှာ လွယ်ကူလှတော့မည် မဟုတ်ဟု ကျွန်တော် ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ လွန်ခဲ့သော လေးနှစ်ခန့်က မန္တလေးမြို့တွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သော အထက်ပါ ဖြစ်ရပ်ကလေးကို ကျွန်တော့်ဘဝတွင် ဘယ်တော့မှ မေ့လိမ့်မည် မဟုတ်ကြောင်းကိုကား ကျွန်တော် ကျိန်တွယ်၍ ပြောဝံ့နေပါသည်။

ကလျာမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၈၅

❑

## နှစ်ဦးသဘောတူ

**- ဒေါက်တာငွေစိုး -**

“အဲဒီအချိန် အဲဒီစက္ကန့်မှာ အပြင်းထန်ဆုံးပေါ်ပေါက်လာတဲ့ ခံစားမှုဟာ ဘာလဲ၊ အဲဒီခံစားမှုဟာ ဆုံးဖြတ်ချက်ပဲ၊ ဒီဆုံးဖြတ်ချက်အတွက် ဖြစ်လာသမျှ ဆိုးကျိုး၊ ကောင်းကျိုးကို ခံယူလိုက်ရုံပဲ”

ထက်ထက်က ဒီလိုပဲ ပြောလေ့ရှိတယ်။ အဲဒီလိုအတိုင်း ကျင့်သုံးပုံလည်း ရပါတယ်။

ထက်ထက်နဲ့ အတူတကွ ရှိနေခဲ့တဲ့ ကာလတစ်လျှားမှာ ထက်ထက် စိတ်ကူးစိတ်သန်းတွေကို ပြုပြင်ပြောင်းလဲဖို့ထက် ထက်ထက်ကို နားလည်ခွင့်လွှတ်နိုင်ဖို့ပဲ မောင် ကြိုးစားနေခဲ့ရတယ်။

ထက်ထက်နဲ့ မောင်နဲ့ ကြားမှာ မတူတာတွေ ရှိတယ်။ တစ်ထပ်တည်း မကျတာတွေ ရှိတယ်။

မောင်ကတော့ ဆုံးဖြတ်ချက်တစ်ခုချဖို့အရေး သိပ်လေးဖင့်တယ်။ တုံ့ဆိုင်းတယ်။

အကြောင်းအရာ၊ အချက်အလက်တွေ စုံအောင် စုဆောင်းတယ်။ အချက်အလက်တွေ ရနိုင်သမျှ ရအောင် စောင့်ယူတယ်။ ပြီးမှ ဆုံးဖြတ်တယ်။

ပြောရင်တော့ ကိုယ့်ဘက်ကိုယ် ဆွဲပြောသလိုဖြစ်မယ်။ ဒါကြောင့် ပဲထင်ရဲ့။ မောင့်ဆုံးဖြတ်ချက်ဆိုရင် ခိုင်မာတယ်။ ပြန်ပြင်စရာ အကြောင်း မမြင်တဲ့ ယိုပေါက်ကယ်ပေါက် မရှိတဲ့ ပကတိခိုင်မာမှုမျိုး ရှိတယ်။ တွေ့ကြကတည်းက ခံစားမှုကိုယ်စီ ရှိခဲ့ကြတာပဲ။

ချစ်ခြင်းမေတ္တာဆိုတာ ညောင်ညိုအေးရိပ်ကြီးနဲ့လည်း တူတယ်။

အန္တရာယ်တွင်းနက်ကြီးနဲ့လည်း တူတယ်။

ထက်ထက် ဘယ်လိုမြင်ပြီး ဆုံးဖြတ်ခဲ့သလဲ မပြောတတ်ဘူး။ မောင်ကတော့ မောင့်မူအတိုင်း ဆုံးဖြတ်ခဲ့တာပါ။ အဖြေမှာတော့ သွားတူ တယ်။ မောင်တို့နှစ်ယောက် ချစ်မိကြတယ်။

*

ဘဝတစ်ခု ဖြစ်လာကြပြီ ဆိုကတည်းက လောကနဲ့ ဆုတ်တက် လှုပ်ရှား ကျားကစားရတဲ့ အလုပ်တစ်ခုလည်း ပိုလာစမြဲပဲ မဟုတ်လား။

အတူတူ ရှိတာနဲ့ အတူတူနေတာနဲ့ မတူပြန်တော့ အိမ်ထောင်ရေး ကိစ္စတွေ ပြန်စဉ်းစားရပြန်တယ်။ လူ့ထုံးစံလေ။

"မောင်ရယ်... ညဆိုရင်လည်း တမ်းတမ်းတတ သတိရနေရတာ နဲ့၊ အိပ်မက်မက်နေရတာနဲ့ တစ်ည ကုန်ပြန်လေပါပဲ။ မနက်ဆို၊ နောက် တစ်နေ့ဆို မောင်နဲ့ တွေ့ရတာပဲလေ။ ဘာထူးတာမှတ်လို့"

အဲဒါ ရွှေ့ဆိုင်းချင်တဲ့အခါ ထက်ထက် ပြောနေကျစကားလေ။

"မောင်ရယ်... ညနေဆို မောင်နဲ့ ခွဲရတော့မယ်ဆိုတာ သိပြီး နေရ သိပ်ခက်တာပဲ။ လေးနာရီကျော်ရင် မောင့်ကို မပိုင်တော့သလိုပဲ။ မဖြစ်ဘူး၊ မဖြစ်ဘူး၊ လက်ထပ်ကြစို့"

စိတ်မအေးတဲ့အခါ ထက်ထက် ပြောင်းပြောတဲ့ စကား။

သူ့မှာ စိတ်လှုပ်ရှားမှုတွေနဲ့ မရေမရာ ဖြစ်နေပြီဆိုတာ မောင်

သိတယ်။

မောင်တို့နှစ်ယောက်ရဲ့ အခြေအနေကို၊ အခက်အခဲကို ဘေးလူတွေ နားလည်မှ နားလည်နိုင်မယ်။

မောင်က ပြည်ပကို မကြာခင် အလုပ်သွားလုပ်ရတော့မယ်။

သုံးနှစ်ကနေ ငါးနှစ်အထိ ကြာမယ်။

ထက်ထက်က ပြည်ပသင်တန်းတစ်ခုက ပြန်လာခဲ့ပြီးသူ။ ၁၀ နှစ်အတွင်း အလုပ်မထွက်ပါဘူးလို့ ကတိခံဝန်ချက် ပြုထားရသူ။ လက်ထပ်တဲ့တိုင် အလုပ်ထွက်ပြီး မလိုက်နိုင်ဘူး။ အလုပ်မထွက်ဘဲ ခေတ္တခဏလိုက်ဖို့ ဆိုတာတောင် တစ်နိုင်ငံတည်းကို နှစ်ယောက် အတူတကွ မလွှတ်မယ့် အခြေအနေမျိုးတွေက ရှိနေတယ်။

ဇွတ်အတင်း ထင်တိုင်းကြဲဖို့ဆိုတာလည်း ထက်ထက်ရော မောင်ရော ဆယ်ကျော်သက်ကလေးတွေမှ မဟုတ်ကြတော့တာ။ တစ်စုံတစ်ခုက ချုပ်ကိုင်တားမြစ်ထားသလို ငံ့ငံ့နေရတဲ့ အနေအထားတွေ။ အရွယ်တွေ။

အခုအထိက မောင်တို့ နှစ်ယောက်တည်းရဲ့ ကိုယ်ရေးကိုယ်တာတင် ရှိသေးတာ။

နောက်ကွယ်မှာ ပြဿနာတွေ ရှိသေးတယ်။

မောင့်မှာ တက္ကသိုလ်တက်နေတဲ့ ညီ၊ ညီမ သုံးယောက် ရှိသေးတယ်။ အစ်ကိုကြီးက ပြည်ပမှာ အလုပ်လည်း သွားလုပ်ရော အိမ်ထောင်ပြုလိုက်ပြီး ခွဲခွာထားခဲ့ပြီလို့ ထင်ပြီး အငယ်တွေ သိပ်စိတ်ဓာတ်ကျကုန်မှာ စိုးတယ်။ အထူးသဖြင့် စာတော်လို့ ဆေးတက္ကသိုလ် တစ်ယောက်၊ စက်မှုတက္ကသိုလ်တစ်ယောက် ရောက်နေကြတဲ့ အချိန်ရှည်၊ နှစ်ရှည်သင်ရတဲ့ ချာတိတ်နှစ်ယောက်အတွက် ပိုပြီး ငဲ့ရမှာ။

ထက်ထက်မှာလည်း အသက် ၈၀ ကျော် အမေအိုကြီး

တစ်ယောက်ကို ရုတ်တရက် တစ်နိုင်ငံမှာ ထားပစ်ခဲ့ဖို့ဆိုတာ မလွယ်ဘူး။ ထစ်ခနဲဆို ပြန်လာချင်လို့ လွယ်မှာမှ မဟုတ်တာ။ ဒါကြောင့်လည်း သူတို့ဌာနက ပြည်ပသင်တန်းအတွက် ရွေးပြီးတိုင်း အနီးဆုံး နိုင်ငံနဲ့ အချိန်အတိုဆုံး သင်တန်းကိုပဲ သူ့ကို ဦးစားပေးလွှတ်ပါလို့ ကြံကြံဖန်ဖန် တောင်းပန်ယူလို့ ဝန်ထမ်းလောကမှာ ဒေါ်ထက်ထက် အံ့ဖွယ်သုတကြီး တစ်ပါး ဖြစ်ခဲ့တာပဲလေ။

နိုင်ငံခြားက တစ်ခေါက်ပြန်ခဲ့ပြီး ကားမပါ၊ ဆိုင်ကယ်မပါ၊ ကက်ဆက်တစ်လုံးလောက်နဲ့ ရောင့်ရဲနိုင်ခဲ့တာ ကိုယ့်ဘက်မှာ မထောင်းသာပေမဲ့ ၁၀ နှစ် အလုပ်မထွက်ရဆိုတဲ့ စာချုပ်သက်တမ်းကြီး ငြိနေတာကတော့ အထင်အရှားပဲ။

မောင်တို့ နှစ်ယောက်အတွက် စိတ်နောက် ကိုယ်မပါနိုင်တဲ့ အဖြစ်တွေ အမြဲရှိနေတယ်။

နှစ်ယောက်တည်း တွဲတွဲသွားသွား ရှိတတ်ပေမဲ့ တိုင်ပင် ဆွေးနွေးစရာ ပြဿနာတွေက အမြဲရှိနေတယ်။

*

"ခက်တယ်နော်၊ စားသောက်ဆိုင်တော်တော်များများကလည်း လူတွေနဲ့ ပြည့်ကျပ်နေတတ်တယ်။ ခပ်သန့်သန့် ခပ်ရှင်းရှင်း ဆိုင်တွေကျတော့လည်း လိပ်ပြာ မလုံသလိုပဲ။ စကား အေးအေးဆေးဆေး ပြောဖို့တောင် နေရာရှားနေသလိုပဲ"

"မောင်တို့ ဟိုတစ်ခါဖြစ်တာ မှတ်မိသေးလား"

"မောင်တို့ ဌာနက လူတွေ နေ့ခင်းကြီး နေ့လယ်စာ စားဖို့ ရောက်လာကြတာလေ။ အင်းလေ... သူတို့ကလည်း မပြန်နိုင်၊ ဒီမှာကလည်း အခန်းထဲက ထွက်ဖို့ခက်နဲ့"

"ဒီလိုနေရာမှာ ဒီလိုအချိန်ကြီး တွေ့သွားရင်ကို မကောင်းတာပါ"

"ဒီမှာကလည်း မိန်းကလေးသူငယ်ချင်း အိမ်တွေ ဘာတွေ ဘယ်လိုလုပ် သွားလို့ကောင်းမလဲ"

"တော်ပါပြီ၊ မောင့်မိတ်ဆွေတစ်ယောက်အိမ် သွားမိလို့ နှစ်ယောက်စလုံး ချက်ချင်း နှုတ်ဆက်ပြန်ရတာရော မှတ်မိသေးလား"

မောင့်မိတ်ဆွေတစ်ယောက်အိမ်မှာ အကျေအလည် ဆွေးနွေးစရာရှိလို့ သွားတုန်းက မိတ်ဆွေက တံခါးဖွင့်ပေးပေးချင်း 'ဩော် လာကြလေ၊ ဟော့... အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် အိပ်ခန်းထဲသွားစကားပြောကြပါလား၊ ဒီမှာ ဧည့်သည်လာ ဘာလာဆိုရင် အနေကျဲ့နေဦးမယ်' လို့ပြောပြီး အိပ်ခန်းကြီး လက်ညှိုးထိုး ကြုံဆိုတော့ ထက်ထက်မျက်နှာကို မောင် အကြည့်ရ ခက်သွားတာလည်း မမေ့သေးပါဘူး။

အေးဆေးတည်ငြိမ်တဲ့ တက္ကသိုလ်ပရဝဏ်မှာ လမ်းလျှောက်စကားစမြည် ဆိုချင်ပေမဲ့ တက္ကသိုလ်ရောက်နေပြီဖြစ်တဲ့ ညီ၊ ညီမတွေ၊ အသိအကျွမ်းတွေများ တွေ့သွားကြရင် အခက်ဆိုပြီး ရှောင်ရပြန်ရော။

ဒီလိုနဲ့ နောက်ဆုံး ဣန္ဒြေရရပဲ ထက်ထက်တို့အိမ် မောင် အရောက်အပေါက် များရတော့တာပဲလေ။ 'သမာဓိပိုး' ပိုးဆိုသလိုပါပဲ။

"ကဲပါကွာ၊ စိတ်လည်း ကျဉ်းကျပ်တယ်။ လေကောင်းလေသန့်ရတဲ့ နေရာကလေးတစ်ခုမှာ သွားထိုင်လိုက်ကြရရင် ကောင်းမယ်"

"မောင်ရေ၊ ရေစပ်ကလေးနားဆိုရင် ပိုကောင်းမှာ၊ ဒီနေ့ စိတ်ကျပ်နေတယ်"

"ကဲ... ဒီလိုဆို ကန်တော်ကြီး ကရဝိက်နား သွားရအောင်၊ အဲ့ဒီနားက လူလည်း မပြတ်ဘူး၊ ဟိုတယ်နဲ့ စားသောက်ဆိုင်နဲ့ဆိုတော့ ကားတွေလည်း ဥဒဟိုရှိတယ်"

"ကောင်းတယ်၊ သွားမယ်"

အငှားကားကို လူအများရှိတဲ့ နေရာမှာပဲ ရပ်ခိုင်းတယ်။ မောင်က တော့ အချက်အလက် စုသူပီပီ စဉ်းစားကြည့်လိုက်တယ်။ လူ အသွား အလာမပြတ်တဲ့ နေရာထိုင်ခင်း ဖြစ်ရမယ်။ ချုံပုတ်သစ်အုပ် မရှိတဲ့ နေရာ ဖြစ်ရမယ်။ အနီးအပါးမှာ အနေအထိုင် မတတ်တဲ့ ငယ်ငယ်ရွယ် ရွယ် စုံတွဲတွေ မရှိဖို့ လိုအပ်မယ်။ အထူးသဖြင့် မော်တော်ကားပါ ထိုး ထားပြီး အေးအေးဆေးဆေး အချိန်ကြာကြာနေမယ့် သဘောထားရှိသူ တွေနဲ့ ဝေးရမယ်။ နောက်နောက်ပြောင်ပြောင် အော်အော်ဟစ်ဟစ် လူငယ်အုပ်စုကလေးတွေ ရှိတတ်တဲ့ အတွင်းခပ်နက်နက် နေရာမျိုး လည်း မဖြစ်ရဘူး။

"ဟော... ဟိုနား၊ ဟိုနားလေး ရှင်းတယ်။ လှလည်း လှတယ်။ သွားထိုင်ကြစို့နော်"

ပြောပြော ရောက်ရောက်။

ထက်ထက်က ခြေပစ်လက်ပစ် ထိုင်ချမလို့ ပြင်တယ်။

"ဟေ့... နေဦး၊ တစ်ခုခု အောက်ကခံ ထိုင်လေ၊ စက္ကူတွေ ပါတယ်"

"ဘာဖြစ်လဲကွာ။ ဒီအတိုင်း မြက်ခင်းစပ်မှာ ထိုင်လိုက်တာ ပို သဘာဝ မကျဘူးလား"

"သဘာဝတွေ ဘာတွေလုပ်မနေနဲ့။ တော်ကြာ မြေကြီးက ပေ သွားရင် ပြန်ဖို့ ထတဲ့အခါ ခက်မယ်။ ဒီနေရာမျိုးမှာ လုံချည်တွေ ဘာတွေ ပြင်ဝတ်ရတာ မကောင်းဘူးကွ၊ အမြင်မတော်ဘူး"

"အောင်မယ်လေး အတွေးကလဲ။ ကဲ... ဒါဖြင့် စာရွက်နှစ်ရွက် ပေး။ စာရွက်လွတ်တွေ ချခင်းပြီး မောင်တို့ ထိုင်ကြမယ်"

"အင်း၊ လေကလေးကို အေးနေတာပဲ။ ခုမှ အသက်ရှူဝသွား တယ်"

"ရေစပ်ကလေးဆင်းပြီး ရေနဲ့ ခြေထောက်နဲ့ ထိကြည့်လိုက်ရမလား"

ထိုင်လိုက်ကတည်းက ထက်ထက်က သူ့ ဒေါက်နိမ့်ဖိနပ်ကလေးကို ချွတ်ပစ်ထားပြီး ဖြစ်တယ်။ အေးအေးလူလူထိုင်မိပြီးမှ ကလေးအတွေးများတောင် ပေါက်လာ ထင်ပါရဲ့။

"အပူအအေး မမျှလို့ ဖျားတာ နာတာတွေ ဖြစ်နေပါဦးမယ်"

"လေဝဝရှူပြီး စိတ်ကို အသာလေးလျှော့ထားလိုက်"

"အလကားနောက်တာပါ။ ထိုင်လိုက်ရကတည်းက အမောပြေသွားပါပြီ။ ကဲ... ပြော၊ မောင်သွားဖို့နေ့ သေချာပြီလား"

"နေ့တော့ မသေချာသေးဘူး။ လလောက်ပဲ မှန်းနိုင်တယ်။ ဒီဇင်ဘာ"

"နိုင်ငံရော"

"မလေးရှားပေါ့"

"ကြားထဲမှာ သိပ်မလိုတော့ဘူးပေါ့"

"ပြင်ရဆင်ရ ပြေးရလွှားရနဲ့ ဆိုရင် တကယ့်ကို အချိန်တွေ နီးနေပြီကွာ။ ဒါကြောင့် မောင်ပြောတာပေါ့။ ခုတော့ မောင်တို့နှစ်ယောက် သေချာချင်တယ်။ ရုံးမှာဖြစ်ဖြစ်..."

စကားတစ်ပိုင်းတစ်စနဲ့ မောင် ရပ်ပစ်နေတယ်။

ထက်ထက်ကလည်း အလန့်တကြားကြည့်တယ်။

ဟုတ်တယ်။ မောင်လည်း လန့်သွားတယ်။

ဖြုန်းခနဲ ဘေးကိုရောက်လာတဲ့ ကလေး သုံးယောက်၊ ယောကျ်ားကလေး တစ်ယောက်၊ မိန်းကလေး နှစ်ယောက်။ ဘာများ လန့်စရာရှိလဲ။ ကလေးတွေပဲ။ မေးစရာရှိတယ်။ ဟုတ်တယ်။ ကလေးတွေပါပဲ။ ကလေးတွေက အကြီးဆုံးမှ ရှိလှ ၁၀ နှစ်၊ ၁၁ နှစ်ပေါ့။

ဒါပေမဲ့ ဝင်ရောက်လာပုံက ရုတ်တရက်ကြီး။ မောင်တို့နှစ်ယောက်ကိုလည်း မသိမသာ ပတ်ဝိုင်းလိုက်တယ်။

သူတို့လက်ထဲမှာ လင်ပန်းကလေးတွေ ကိုင်ထားတယ်။ မုန့်ရောင်းတဲ့ ကလေးတွေ။ ဗယာကြော်၊ မတ်ပဲကြော် လေးငါးဆယ်စီ တွေ့ရတယ်။

"အစ်မကြီးက သိပ်လှတာပဲ"

"ဟုတ်တယ်၊ အစ်ကိုကြီးကလည်း ခန့်တာပဲ"

"ဟုတ်တယ်၊ ဟုတ်တယ် အစ်ကိုကြီးနဲ့ အစ်မကြီး သိပ်လိုက်တာပဲ"

"အစ်ကိုကြီးနဲ့ အစ်မကြီး တစ်ခါမှ ဒီကို မလာဖူးကြဘူးနော်"

ဘာတွေ လာပြောနေကြတာလဲ။ သူတို့ ဘာတွေ သိချင်နေတာလဲ။ ဘာသဘောလဲ။

"ဗယာကြော်၊ ဝယ်ပါ အစ်ကိုကြီး"

လိုရင်းကို သဘောပေါက်သွားလို့ အိတ်ကပ်ထဲက ပိုက်ဆံကိုစမ်းပြီး ကြည့်လိုက်တယ်။ ကျပ်တန်တစ်ရွက်တလေကို ရှာလိုက်မိတာ။

"နှစ်ကျပ်ဖိုး ဝယ်ပါ အစ်ကိုကြီး၊ တစ်ခု ငါးမူး"

ယောင်ယောင်မှားမှား သူ့ဗယာကြော်တွေကို ကိုင်စမ်းကြည့်လိုက်မိတယ်။ အေးစက်နေတယ်။ မာဆတ်နေတယ်။ မလတ်တော့ဘူး။ အကြွင်းအကျန်တွေ။

ကဲလေ၊ ရှိစေတော့။ မြန်မြန်သွား ပြီးရောပေါ့။

"ကဲ... ကဲ... ပေး ပေး။ နှစ်ကျပ်ဖိုး"

စက္ကူစုတ်တစ်ခုနဲ့ထုပ်ပြီး လေးခုပေးတယ်။

"ဒီကလည်း ဝယ်ပါ"

"ဒီမှာလည်း ဝယ်ပါ အစ်ကိုကြီး"

"တော်ရောပေါ့ကွာ၊ တစ်ယောက်ဆိုက ဝယ်ရင်..."

"အစ်ကိုကြီးကလည်း ဒီလောက်လှတဲ့ အစ်မကြီးကို ရတာတောင်မှ ကပ်စေးနှဲနေသေးတယ်"

"အစ်မကြီး ဝယ်လို့ အစ်ကိုကြီးကို ပြောလိုက်ပါဦး"

ကျန်နှစ်ယောက်က လှုပ်လှုပ်ရှားရှား ဖြစ်လာကြတယ်။

ကလေးမတစ်ယောက်က ထက်ထက်ရဲ့ ဒေါက်နိမ့်ဖိနပ်တစ်ဖက်ကို လက်ထဲရောက်အောင် ကောက်ကိုင်ပြီး ဆုပ်ထားတယ်။

"ကြည့်စမ်း။

ရေစပ်နဲ့က မလှမ်းမကမ်းရယ်။ ကိုင်ထားတဲ့ ဖိနပ်တစ်ဖက်ကို ရေထဲလွှင့်ပစ်လိုက်မှာလား။ အဲဒီ ဖိနပ်တစ်ဖက်ကိုယူပြီး စွတ် ထွက်ပြေးသွားရင်ရော။ ကလေးမကလေးရဲ့အမူအရာက အဲဒီလိုကို တစ်ခုခု လုပ်တော့မယ့် ပုံမျိုး။ သိပ်သိသာတယ်။ သိပ်သေချာတယ်။

ဣန္ဒြေတွေ ပျက်ကုန်တော့မှာပဲ။ အိမ်အပြန် ခက်တော့မှာပဲ။

ထက်ထက်မျက်နှာမှာ သွေးမရှိတော့သလိုပါပဲ။

မောင့်မျက်နှာလည်း အကဲမရ ဖြစ်နေလောက်ပါပြီ။

"ကဲ... တစ်ကျပ်ဖိုးစီပဲ ပေးတော့၊ သွားကြတော့"

"ဟင်... တစ်ကျပ်ဖိုးစီ၊ နှစ်ကျပ်ဖိုးစီ ဝယ်ပါ အစ်ကိုကြီးရယ်"

"တော်ပါပြီ၊ ဒီမှာတောင် ဘယ်လိုလုပ်စားမှာလဲ၊ တစ်ကျပ်ဖိုးစီ တော်ပြီ"

"ဒါဆို အကြော်တွေ မယူပါနဲ့တော့။ တစ်ကျပ်စီ မုန့်ဖိုးယူသွားတော့မယ်နော်"

အနိုင်ကျင့် အပျော့ဆွဲနေမှန်းသိလို့ ဒေါသက ထောင်းခနဲ ထလာတယ်။ ကလေးမကလေးတစ်ယောက်ရဲ့ လက်ထဲက ထက်ထက်ရဲ့ ဒေါက်နိမ့်ဖိနပ်ကလေးကို လှမ်းမြင်မိပြန်တယ်။

ရွေးစရာ မရှိတော့တဲ့ အကျပ်အတည်းကို သိလာတယ်။

ကျပ်တန် တစ်ရွက်စီ မျှပေးလိုက်တယ်။ ဖိနပ်ကိုင်ထားတဲ့ ကောင်မလေးရဲ့ မျက်နှာကိုလည်း စေ့စေ့ကြည့်လိုက်တယ်။

ပိုက်ဆံ ကျပ်တန်ကလေးတွေ အသီးသီးကိုင်ပြီး ဝိုင်းထားရာက ရှဲသွားကြတယ်။ ထက်ထက် ဖိနပ်ကို ပြန်ပစ်ချလိုက်တယ်။

သူတို့ တစ်နေရာရာကို ရည်စူး ဦးတည်ပြီး ထွက်ပြေးသွားကြတယ်။

သူတို့ ထွက်သွားသွားချင်း ထက်ထက်နဲ့ မောင်လည်း အဲဒီနေရာက သွက်သွက်လက်လက် ပြန်ထဖြစ်တယ်။ ပြန်ကြစို့ရဲ့။

*

ထက်ထက် ဘယ်လိုခံစားမှုနဲ့ ဘယ်လို ဆုံးဖြတ်လိုက်သလဲ မောင်မသိဘူး။

မောင့်မှာ အချက်အလက်တွေ ပြည့်စုံလာလို့ ဘယ်လို ဆုံးဖြတ်လိုက်ရတယ် ဆိုတာလည်း ထက်ထက် သိချင်ပုံ မရဘူး။ မောင်ကလည်း ဖွင့်ပြောချင်စိတ် မရှိဘူး။

ချစ်ခြင်းမေတ္တာဆိုတာ ညောင်ညိုအေးရိပ်ကြီးနဲ့လည်း တူတယ်။

အန္တရာယ်တွင်းနက်ကြီးနဲ့လည်း တူတယ်။

အမြင်ချင်း အယူချင်း ကွဲလွဲချင် ကွဲလွဲနိုင်ပေမဲ့ အဖြေမှာတော့ သွားတူတယ်။

မောင်တို့ နှစ်ယောက် နားလည်မှုကြီးစွာ လမ်းခွဲလိုက်ကြတယ်။

ကလျာမဂ္ဂဇင်း၊ အမှတ် ၉၊ ၁၉၈၅

❑

# နားကြပ်ပုံပြင်

- လူမျိုးနော် -

ပစ္စည်းများကလည်း အံ့ဩဖို့တော့ တော်တော်ကောင်းတယ်။

ကြည့်ဗျာ။ သူ့ဟာနဲ့သူ ပျက်စီးချိန်တန်လာပြီ ဆိုတော့လည်း သုံးရင်း စွဲရင်းကနေ ဘာရယ်မဟုတ်ဘဲ သူ့အလိုလိုကို ပျက်စီးလို့သွားတယ်။

ခါတိုင်းလိုပါပဲ...။ လူနာရဲ့ နှလုံးခုန်သံတို့၊ အသက်ရှူသံတို့ကို နားထောင်ကြည့်ဖို့ နားနှစ်ဖက်မှာ နားကြပ်ကို တပ်ရိုးတပ်စဉ် တပ်လိုက်တုန်းမှာပဲ နားတွေဆီကို သွားတဲ့ သံကိုင်းနှစ်ခုကို အလယ်ကနေ ဆက်သွယ်ပေးထားတဲ့ ကွေးညွတ် ရုံးပြန်နိုင်စွမ်းရှိတဲ့ သံပြားကွေးကွေးလေးက ဆတ်ခနဲ ကျိုးလို့သွားတယ်။ အဲ... သူ ကျိုးသွားပြီ။ သူ့အလုပ်သူ မလုပ်နိုင်တော့ဘူးဆိုရင်ပဲ သူ့ရဲ့အခန်းကဏ္ဍက ဘယ်လိုဘယ်လို အရေးပါတယ်ဆိုတာ အထင်းသား၊ အကွင်းသားပေါ်လွင်လို့လာတယ်။ ကြည့်လေ... နားတွေဆီကို သွားတဲ့ သံကိုင်းလေးနှစ်ခုရဲ့ ထိပ်ဖုလုံးလေးတွေက နားပေါက်တွေထဲမှာ အခါတိုင်း တပ်နေကျတွေတုန်းကလို မမြဲတော့ဘူး။ မနိုင်တော့ဘူး။ ဒီတော့ နားကြပ်က ဘယ်လိုမှ အလုပ်မဖြစ်တော့ဘူး။ နှလုံးခုန်သံလည်း ကောင်းကောင်းနားထောင်လို့ မရတော့ဘူး။ အသက်

ရှုညံကိုလည်း ဣန္ဒြေရရ ပီပီပြင်ပြင် နားထောင်လို့ မဖြစ်တော့ဘူး။

အဲဒီမှာတင် ကျွန်တော်လည်း တော်တော်ကို စိတ်ညစ်သွားတယ်။ ဘာလို့လဲဆိုတော့ တစ်ခုမကောင်း တစ်ခုပြောင်းပြီး တပ်ရ၊ သုံးရအောင် ကျွန်တော့်မှာ နားကြပ်အသစ်တစ်ခုကို ခြေစောင့် လက်စောင့် အပိုဝယ်ထား၊ ဆောင်ထားတာမှ မရှိတာ မဟုတ်လား။ ဒီတော့ လောလောလတ်လတ်မှာကို ကုလက်စ လူနာ့ရှေ့မှာ နားမှာ ကျပ်မနေတော့တဲ့ လျှပ်တုတ် လျှပ်တုတ် နားကြပ်အကျိုးနဲ့ မဖြစ်ဖြစ်အောင် မနည်းကြိုးစား စခန်းသွားရတော့တယ်။

အကင်းပါးတဲ့ လူနာသာ ဆိုရင်တော့ ကျွန်တော့်ရဲ့ ဖြစ်အင်ကို အလွယ်တကူ ရိပ်စားမိပြီး ကျိတ်ရယ်ချင် ရယ်နေမိမှာပဲ။ ဒါပေမဲ့ တော်တော့ တော်ပါသေးရဲ့။ လူနာကပဲ ဆရာဝန် ဘာဖြစ်နေတယ် ဆိုတာကို တကယ် သတိမထားမိလိုက်တာလား…။ ဒါမှမဟုတ် သိလျက်သားနဲ့ လူမှုရေးအရ အားနာလို့ မသိချင်ယောင်ဆောင်ပြီး ဘာသိဘာသာ နေလိုက်တာလားတော့ ဝေခွဲပြီး ပြောမပြတတ်တော့ဘူး။ ဒီလိုပဲ အခါတိုင်း ဆေးကုနေကျအတိုင်း အထစ်အငေါ့ အခက်အခဲမရှိဘဲ ဆေးကုသမှုကတော့ ဆေးခန်းလေးထဲမှာ ချောမော ပြီးမြောက်လို့ အဆင်ပြေသွားလေရဲ့။

*

ဒါပေမဲ့ အဲဒီလူနာလည်း ဆေးခန်းထဲက ထွက်သွားရော ကျွန်တော်လည်း ကျွန်တော့်ရဲ့ မသန်မစွမ်း နားကြပ် ဒုက္ခိတလေးကို လက်ထဲမှာ ကိုင်ပြီး ငိုင်ကျန်နေရစ်ခဲ့တယ်။

ဟုတ်တယ်လေ။ နားကြပ်လို ဆရာဝန်သုံး မရှိမဖြစ် ပစ္စည်းမျိုးက ကျွန်တော် ရောက်နေတဲ့ မြို့သေးသေးလို နေရာမျိုးမှာ အခုလိုချင်ရင်

အခု ရနိုင်တဲ့ ပစ္စည်းမျိုးမှ မဟုတ်တာ။ ဒီတော့ ဘာပဲပြောပြော ဒီမြို့လေးကနေ မိုင် ၁၀၀ ကျော်လောက်ဝေးတဲ့ မြို့ကြီးတစ်မြို့ကို ကိုယ်တိုင်တကူးတက အချိန်ပေးပြီး သွားရှာဝယ်ပါမှ အဆင်ပြေနိုင်မှာ မဟုတ်လား၊ အဲဒီတော့ ပစ္စည်းလေးတစ်ခုအတွက်နဲ့ ခရီးထွက်ရမှာ၊ အချိန်ကုန်မှာ၊ ငွေကုန်မှာ၊ အလုပ်ရှုပ်ရမှာတွေကို ဆက်တိုက် တွေးလိုက်မိတာနဲ့ ကျွန်တော်လည်း စိတ်တော်တော်မောသွားမိတာပေါ့။

ဒါနဲ့ပဲ ဒီတောမြို့လေးမှာတင် လောလောလတ်လတ်မှာ ခဏတစ်ဖြုတ် သုံးဖို့အတွက် နားကြပ်အဟောင်းအမြင်းလေးဖြစ်ဖြစ် ရလိုရငြား ရှာပုံတော် ထွက်ရတော့တယ်။

ဘီပီအိုင်ဆေး၊ နိုင်ငံခြားဆေးလေးတွေ တိုတိုထွာထွာ ရောင်းရောင်းနေတဲ့ ရှားရှားပါးပါး ဆေးဆိုင်လေးတွေမှာ ဝင်ပြီး မေးမြန်းကြည့်တယ်၊ စုံစမ်းကြည့်တယ်၊ မရှိဘူး။ ထားလေ့ထားစ၊ တင်လေ့တင်ထမရှိဘူးလို့ ဆိုတယ်။ ဟုတ်မှာပေါ့လေ။ ဒီတောမြို့ကလေးလို ဆရာဝန်သုံးလေးဦးလောက်ပဲရှိတဲ့ အရပ်ဒေသမျိုးမှာ နားကြပ်တို့၊ ဆေးထိုးပိုက်တို့၊ ဆေးထိုးအပ်တို့၊ ဘီပီအိုင် ဘောက်စ်တို့လို ဆရာဝန်သုံး ပစ္စည်းမျိုးတွေက သူတို့လို ဆေးဆိုင်လေးတွေအတွက် အရောင်းထိုင်းပစ္စည်းတွေဖြစ်နေမှာကိုး။ ဒီတော့လည်း အဲဒီလိုပစ္စည်းမျိုးတွေကို ငွေအအိပ်ခံပြီး သူတို့လည်း ဆိုင်ပေါ် ဘယ်တင်ထားပါ့မလဲ၊ ဒါ သဘာဝကျပါတယ်။

ဒီလိုနဲ့ ဒီတောမြို့လေးမှာ ရှိနေကြတဲ့ တခြားဆရာဝန်တွေဆီကို ဆက်ပြီး ခြေဦးလှည့်လာခဲ့မိတယ်။

တစ်အိမ်ဝင် တစ်အိမ်ထွက်နဲ့ ဆရာဝန် အိမ်ပေါက်စေ့ ဝင်ထွက်သွားလာပြီး မေးမြန်းစုံစမ်းကြည့်ရတာပေါ့။ အဲ... ကံဇာတ်ဆရာက နည်းနည်းတော့ မျက်နှာသာပေးစ ပြုလာတယ်။ မောင်ပေါက်ကျိုင်းထိုးနှလုံးမူပြီး လျှောက်မေးကြည့်လိုက်တာ ဘဝတူ ဆရာဝန်တွေထံက

နားကြပ်အဟောင်းလေးနှစ်ခုကို ခဏတစ်ဖြုတ် ယာယီသုံးစွဲဖို့ ငှားလို့၊ ရမ်းလို့ ရလာခဲ့တယ်။ တစ်ခုတော့ ရှိတာပေါ့လေ။ အဟောင်းဆိုတော့ လည်း အသစ်လိုတော့ တင်းပြည့်ကျပ်ပြည့် ဘယ်မှာလာပြီး ကောင်းနိုင် ပါ့မလဲ။ အသံတိုးတာတို့၊ အသံမကြည်လင်တာတို့၊ နားကြပ်ကြိုးက နည်းနည်းတိုလွန်းနေတာတို့၊ နားကြပ်သံကိုင်းလေးနှစ်ခုရဲ့ ထိပ်ဖုလုံး နှစ်ခုက နားပေါက်တွေထဲမှာ အဆင်ပြေပြေ ရှိမနေတာတို့... အဲ... အဲဒါတွေလောက်တော့ ချို့ယွင်းမှုလေးတွေ ရှိနေတာပေါ့ဗျာ။ ဒါပေမဲ့ လောလောဆယ်မှာတော့ ဖုတ်ပူမီးတိုက် ခရီးမထွက်လိုက်ရသေးဘဲ အလုပ်ဖြစ်တဲ့ နားကြပ်အဟောင်းလေးနှစ်ခု ငှားရလာခဲ့တာကိုပဲ ငှား လိုက်တဲ့ ဆရာဝန်မောင်တွေကို ရေရေလည်လည် ကျေးဇူးတင်သွားမိ တယ်။

ဒါနဲ့ အဲဒီ နားကြပ်အဟောင်းနှစ်ခုကို အလဲအလှယ်လုပ်ပြီး လိမ် ပိန်သုံးရင်း စွဲရင်းနဲ့ပဲ မြို့ကြီးကိုတက်ပြီး နားကြပ်အသစ်တစ်ခု သွား ဝယ်ဖို့ ရက်ကို စိတ်ထဲက ကျိတ်ပြီး တွက်ချက် ရွေးချယ်နေခဲ့မိတယ်။

*

ဘာညာ သာရကာ ကိစ္စတွေက များပြီးရင်း များနေတာနဲ့ အရက် ၂၀ လောက်ကြာမှပဲ မြို့ပေါ်ကို ရောက်ဖြစ်လာတော့တယ်။

မြို့ပေါ်ကိုရောက်လို့ တောဘတ်စ်ကားကြီးပေါ်က ဆင်းလိုက် တယ်ဆိုရင်ပဲ တစ်ကိုယ်လုံး ကိုင်အရိုက်ထားခံရသလို နံးချည့်ပြီး ခြေ ကုန် လက်ပန်းကျနေမိတယ်။ လမ်းဆိုးဆိုး ကောကောမှာ ကားစုတ် ကားအိုကြီးနဲ့ မိုင် ၁၀၀ ကျော်လောက် ခရီးအကွာအဝေးလေးကို ရှစ်နာရီ ကျော်ကြာအောင် ကျပ်ကျပ်သိပ်သိပ် တိုးတိုးဝှေ့ဝှေ့ စီးလာခဲ့ရတာကိုး...။ ဒီတော့ ရင်ဘတ်အောင့် နောက်ကျောနာလျက်နဲ့ပဲ။ ဒီတိုင်း မြို့ကြီးကို

ရောက်ရင် ဝင်နေကျအိမ်မှာ ဝင်ပြီး ခဏနား ပစ္စည်းထားရတယ်။ နောက် မျက်နှာသစ်၊ အဝတ်အစားလဲ၊ အမောပြေ ရေတစ်ခွက် ကမန်းကတန်း သောက်လာခဲ့ပြီး ဆိုက်ကားနဲ့ စည်ပင်သာယာဈေးကြီးဘက်ကို တောက် လျှောက် ချက်ချင်းထွက်လာခဲ့မိတယ်။

ဈေးထဲ ရောက်တော့လည်း ဒီလိုပဲ...။ ဘယ်ကိုမှ ခြေသဝေထိုး မနေတော့ဘဲ ကိုယ့်လုပ်ငန်းနဲ့ဆိုင်တဲ့ ဆေးနဲ့ ဆေးပစ္စည်းအမျိုးမျိုးတွေ ကို ခင်းကျင်းရောင်းချတဲ့ ဆေးဆိုင်တန်းတွေဘက်ကို တန်းတန်းမတ် မတ် လျှောက်လာခဲ့တော့တယ်။

ပထမဆုံး ဝယ်နေကျ ဖောက်သည် ဆေးဆိုင်မှာ နားကြပ်ကိစ္စကို စနည်းနာကြည့်မိတယ်။ နားကြပ်အသစ် ဘာအမျိုးအစားများ လော လောဆယ် ရောင်းဖို့ ရှိသလဲ။ နောက်ပြီး ဈေးကကော ဘယ်ရွေ့ဘယ် မျှ ရှိသလဲပေါ့။

ဈေးသည်ရဲ့ ပြန်ဖြေတဲ့ စကားကြောင့် စိတ်ဓာတ်တော်တော်ကျ သွားမိတယ်။ "ကျွန်တော့်ဆီမှာတော့ ဘာနားကြပ်မှ အသစ်ရော အဟောင်းရော လောလောဆယ် ရောင်းစရာ မရှိသေးဘူး ဆရာ" တဲ့။ ကောင်းရော။

ဒါနဲ့ပဲ သူ့ဆိုင်မှာ မရှိပေမဲ့ တခြား ဘယ်ဆိုင် ဘယ်ဆိုင်တွေမှာ ရှိတတ်၊ တင်ထားတတ်သလဲ ဆိုတာကို ဆက်ပြီး စပ်စုကြည့်ရတော့ တာပေါ့။ သူတို့က ဒီဆေးလိုင်းမှာ လုပ်ကိုင်စားသောက်နေကြတာ ဆိုတော့ မေးလိုက်၊ မြန်းလိုက်တဲ့အခါ ဘာပဲပြောပြော ခြေရာကောက်ဖို့ လွယ်သွားတယ်လေ...။ မဆိုးပါဘူး။ ဆိုင်လေးငါးခြောက်ဆိုင်လောက် အမည်တွေကို သူ့ဆီကို မေးလို့မြန်းလို့ ရလာခဲ့တယ်။ ဒီတော့ ဆေးဆိုင် တန်းက ဆေးဆိုင်ပေါက်စေ့ကို ဝင်ထွက်ပြီး ခြေညောင်းအောင်၊ အာ ပေါက်အောင် လျှောက်မေးစရာ မလိုတော့ဘူးပေါ့။ ပစ္စည်းနဲ့ နီးစပ်မှု

ရှိတဲ့ လက်ရွေးစင်ဆိုင် အနည်းအကျဉ်း ရှိရာဆီကိုပဲ ဆက်ပြီး ခြေဦးလှည့် လျှောက်လာခဲ့မိတော့တယ်။

ဒါပေမဲ့ ဒီနေ့အဖို့တော့ ကျွန်တော့် ကုသိုလ်ကံက တော်တော့်ကို ခေနေပုံရတယ်။ နားကြပ်တွေက ကျွန်တော် ထင်ထားသလို ရှာလို့မလွယ်လှဘူး။

လက်ရွေးစင် ဆေးဆိုင်တွေသာ တစ်ဆိုင်ပြီးတစ်ဆိုင် ရောက်ရောက်သွားတယ်။ ဆိုင်တွေ အားလုံးသာ စေ့သွားတယ်။ ကျွန်တော့်အတွက် နားကြပ်အသစ်တစ်လက်ကို ဘယ်ဆိုင်ကမှ ဝယ်လို့မရခဲ့ဘူး။

ဆိုင်တစ်ဆိုင်မှာတော့ သုံးပြီးသား နားကြပ်အဟောင်းနှစ်ခုကို ထုတ်ပြတာ ကြုံရပါရဲ့။ ဒါပေမဲ့ ပစ္စည်းရဲ့အရည်အသွေးက ညံ့တယ်။ မကောင်းဘူး။ တောမြို့လေးမှာ ကိုယ့်ဆရာဝန် အချင်းချင်းဆီက ကျွန်တော် ခဏ မရှိသုံး ယူသုံးနေတဲ့ နားကြပ်တွေလောက်တောင်မှ အဆင့်က မမီချင်ဘူး။ နောက်ပြီး ပစ္စည်းကသာ ချာတာတာရယ်… ရောင်းဈေးကတော့ ပစ္စည်းအသစ်နဲ့ နင်လားငါလား ဈေးပဲ။ ပြီးတော့ ဝယ်မယ့် ကျွန်တော်က ဗိုက်တော်တော် နာနေတယ်များ အောက်မေ့နေသလား မပြောတတ်ဘူး။ ဆိုဈေးနဲ့ ရောင်းဈေး အတူတူပဲ…။ တစ်ခွန်းဈေးလို့ ခပ်တင်းတင်းပြောတာ ကြုံရတယ်။ ဒါနဲ့ ကျွန်တော်လည်း 'ဟုတ်ကဲ့… ကျွန်တော် ဟိုဟိုဒီဒီ နည်းနည်းပါးပါး လျှောက်လျှောက်ကြည့်ပြီးတော့မှ ဆုံးဖြတ်စကား ဆိုပါရစေ' လို့ လေပြေကလေးထိုးပြီး အမြန်ခွာလာခဲ့ရတယ်။

နားကြပ်အသစ်တစ်လက်ကိုတော့ ဆိုင်တစ်ဆိုင်က ထုတ်ပြသေးတယ်။ ဒါပေမဲ့ မြင်ရုံသာ မြင်ခဲ့ရပြီး မကြင်ခဲ့ရဘူး။ ကြိုကြိုတင်တင်မှာထားတဲ့ အော်ဒါသမားတစ်ယောက်အတွက် သူတို့ဆိုင်က ရှာထားပေးတာမို့ လောလောဆယ်မှာတော့ ကျွန်တော့်ကို မရောင်းနိုင်သေးဘူး

ဆိုပဲ။ အဲ...ကျွန်တော်လည်း အဲသလိုမျိုး လိုချင်ရင်တော့ သူတို့ မှာပေး၊ ရှာပေးမယ်လို့ စကားခေါ်တယ်။ အစောဆုံး သုံးလေးရက်နဲ့ နောက်အကျဆုံး တစ်ပတ်အတွင်းမှာ ရစေရမယ်လို့လည်း အာမခံချက် ခံလေရဲ့။

ဒါနဲ့ ရေနစ်နေတဲ့ ကျွန်တော်လည်း အဲဒီ ကောက်ရိုးမျှင်လေးကို ဘာပဲပြောပြော စိတ်ဝင်စားသွားမိတယ်။ ဒါနဲ့ အော်ဒါမှာဖို့ မမှာဖို့ ပိုင်ပိုင်နိုင်နိုင်ကြီး တစ်ထိုင်တည်း ဆုံးဖြတ်လို့ရအောင် နားကြပ် ထည့်ထားတဲ့ ကတ်ဘူးအပြာလေးကို ဖွင့်ပြီး လေ့လာကြည့်လိုက်တယ်။

နားကြပ်ကလေးကတော့ တကယ့်ကို သစ်မှသစ်ပဲ။

နားကြပ်ကြိုးကလေးကလည်း မီးခိုးရောင်လွင်လွင်လေး။ ကျွန်တော် ဆေးကျောင်းသားဘဝ တတိယ အမ်ဘီ အတန်းမှာ သက်ဆိုင်ရာက တရားဝင်ထုတ်ပေးခဲ့ဖူးတဲ့ ဂျာမနီလုပ် ရိုက်စတာ နားကြပ် ကြိုးအရောင်နဲ့ တစ်ထေရာတည်း အရောင်လေး။ အရှည်ကလည်း အဲဒီ နားကြပ်ကြိုးလိုပဲ၊ လက်တွေ့မှာသုံးလို့ အဆင်ပြေလောက်အောင် အတော်အသင့် ရှည်ရှည်လျားလျားလေးရယ်၊ တစ်ခုပဲ နည်းနည်းကွာခြားသွားတယ်...။ လူနာ့ရင်ဘတ်ပေါ်တင်ပြီး ရင်ထဲက အသံတွေကို ဖမ်းယူ လွှင့်ထုတ်ပေးရတဲ့ အသံဖမ်း အဝိုင်းပြားလေးကတော့ ရိုက်စတာမှာလောက် မကြီးဘူး။ သေးသေးဝိုင်းဝိုင်းလေးနဲ့ ပါးပါးလှပ်လှပ်လေး။ နားကြပ်ကြိုးကလေးကလည်း အဲဒီလိုပဲ။ ရိုက်စတာ အမျိုးအစားနဲ့ စာလိုက်ရင် နည်းနည်းလေး သူက ပိုပြီး သေးသွယ်တယ်။ ငယ်သေးတယ်။ ကြည့်ရတာ နားကြပ်ထုတ်လုပ်လိုက်တဲ့ နိုင်ငံခြားကုမ္ပဏီက ပေါ့ပေါ့ပါးပါးနဲ့ သုံးလို့ပြုလို့၊ သိမ်းလို့ဆည်းလို့ လွယ်လွယ်ကူကူဖြစ်အောင် ရည်ရွယ်ပြီး တမင်ကို ဒီပုံစံမျိုး ထုတ်လုပ်ထားဟန်တူရဲ့...။

ကုမ္ပဏီရဲ့ ရည်ရွယ်ချက်ကို ကိုယ့်အတွေးနဲ့ ကိုယ်သွားပြီး တွေးတောမိလိုက်တော့မှပဲ ကျွန်တော် လေ့လာနေတဲ့ နားကြပ်နဲ့ အမျိုးအစား

က ဘာအမျိုးအစားလဲဆိုတာ ရှာပြီး ဖတ်ကြည့်ဖို့ ကျွန်တော် သတိရလာတယ်။

ဒီတော့မှ အသံဖမ်း အဝိုင်းပြားလေးရဲ့ နောက်ကျောဘက် ကိုယ်ထည်မှာ နားကြပ်ရဲ့ နာမည်ကို ရှာပြီး ဖတ်ကြည့်မိလိုက်တယ်။

မပါဘူး...။

ဟုတ်တယ်။ ဒီနားကြပ်မှာ တခြား တခြားသော နားကြပ်တွေမှာလို နာမည်လုံးဝမပါဘူး။ ကျွန်တော်လည်း နာမည်မပါတဲ့ နားကြပ်လေးကို ပစ္စည်းအထူးအဆန်းလေးလို ကိုင်ကြည့်ရင်း အံ့သြနေမိတယ်။ နောက်... မနေနိုင်တော့တာနဲ့ ဈေးသည်ကို အကျိုးအကြောင်း ဖွင့်မေးကြည့်လိုက်မိတယ်။

"ဟုတ်တယ်... ဆရာသမားရဲ့...။ ကျွန်တော်တို့လည်း ဒီပစ္စည်းကို စပြီး ထိတွေ့ဝယ်ရောင်းစဉ် ကာလတုန်းက ခု ဆရာသမား အံ့သြနေသလို အံ့သြမိကြတာပဲ။ နားကြပ်က နာမည်အမျိုးအစားလည်း မပါ၊ ဘယ်နိုင်ငံက ထုတ်လုပ်လိုက်တယ် ဆိုတာလည်း စာရေးထားတာ မတွေ့ရဆိုတော့ စိတ်ထဲမှာ အထူးအဆန်းလို ဖြစ်နေမိတာပေါ့...။ နောက်တော့မှ ပစ္စည်းလာသွင်းတဲ့သူကို မေးမြန်းကြည့်တော့ ဂျပန်နိုင်ငံကလာတဲ့ ပစ္စည်းလိုလို ဘာလိုလို ပြောတာ သိရတယ်။ ဘယ်လိုက ဘယ်လို ဈေးကွက်ထဲ ရောက်လာတယ် ဆိုတာကတော့ နားကြပ်ထည့်တဲ့ ကတ်ဘူးအဖုံးကို လှေ့လာကြည့်လိုက်ရင် ဆရာ ရိပ်မိမှာပါ...။ ဟိုပါရာစီတမော့ဆေး အပြား ၁၀၀၀ ပလတ်စတစ်ဘူး အပြာရောင်တွေ အတိုင်းပေါ့ ဆရာရယ်... ဟဲ... ဟဲ..."

ဈေးသည်ရဲ့ ပြန်ဖြေတဲ့ စကားသံ ဟဲဟဲ အဆုံးမှာ ကျွန်တော်လည်း နားကြပ်ကတ်ဘူးအဖုံး အပြာရောင်အပေါ်က အဖြူရောင် စာတန်းလေးနှစ်ကြောင်းကို ဂရုတစိုက် ငုံ့ဖတ်ကြည့်လိုက်မိတယ်။

005

NURSESCOPE ... တဲ့။

နားမလည်ရင် လူအလို့ အထင်ခံရမှာ စိုးတာနဲ့ ကျွန်တော်လည်း နားလည်ချင်ယောင် ဆောင်လိုက်ရင်း ဟဲ–ဟဲ–ဟဲ–ဟဲ ပြန်လုပ်ပြလိုက်ရတော့တယ်။

*

နောက်တစ်နေ့ ညနေစောင်းအချိန်လောက်မှာတော့ တောမြို့ကလေးကို ဦးတည်ပြီး အိပုံ့ အိပုံ့နဲ့ တရွေ့ရွေ့ သွားနေတဲ့ ဘတ်စ်ကားအိုကြီးပေါ်မှာ ငိုက်ရင်း ငေးရင်း ကျွန်တော် ပျင်းပျင်းရိရိ လိုက်ပါလာခဲ့တယ်။ ဖိမ်ခံကားမဟုတ်တော့ ကားစီးရတာ အတော်တော့ စိတ်ပင်ပန်း၊ လူပင်ပန်း အနိုင်သား။ လမ်းက ဆိုးဆိုး၊ ကားက အိုအို၊ လူတွေက ကျပ်ကျပ်နဲ့မို့ ကျွန်တော့် တစ်ကိုယ်လုံးကို အိမ်ကို အမြန်ဆုံး ပြန်ရောက်ပြီး အနားယူပစ်လိုက်ချင်စိတ်တွေက ဖုံးလွှမ်းအုပ်ဆိုင်းနေတယ်။

ဒါပေမဲ့ ကိုယ်စီးနေတာက လေယာဉ်ပျံ မဟုတ်တဲ့အတွက် အခြေအနေနဲ့ မကိုက်ညီတဲ့ဆန္ဒတွေကို ကျွန်တော် မောင်းထုတ်ပစ်နေရတယ်။

ဟုတ်တယ်...။

လောလောဆယ်မှာတော့ ဂီတာမတီးခင် ဂီတာကြိုး ခြောက်ချောင်းကို ညီအောင်ညှိသလို လောကဇာတ်ခုံပေါ်က ဇာတ်ဆောင်တစ်ယောက်အနေနဲ့ ဇာတ်ကွက် ဇာတ်လမ်းနဲ့ ကိုက်ညီမှုရှိမည့် စိတ်နေ စိတ်ထားမျိုးကို ညှိယူနေရဦးမယ်။ ညှိယူထားရဦးမယ်။ ကိုယ့်ဘဝ ကိုယ့်အခြေအနေတွေကို အရှိ အရှိအတိုင်း၊ အမှန် အမှန်အတိုင်း နားလည်အောင် ကြိုးစားနေရဦးမယ်။ စိတ်ရှည်နေရဦးမယ်။

ဒါမှလည်း နောက်ထပ် ရက်သတ္တ တစ်ပတ်ကြာတဲ့အခါ အော်ဒါ

မှာထားခဲ့တဲ့ ကျပ် ၃၅၀ တန် နားကြပ်အတွက် အခုလို ဒုက္ခခံချင်စိတ်တွေ ကျွန်တော့်အသွေးအသားထဲမှာ ဆက်ပြီး မြဲနေ ရှိနေဦးမှာ မဟုတ်လား။

ဟုတ်တယ်လေ၊ သိပ်ကို ဟုတ်တာပေါ့။

တောမြို့လေးမှာ နေနေသေးသရွေ့ကတော့ ဘတ်စ်ကားအိုကိုလည်း မချစ်နမ်း နမ်းနေရဦးမှာပဲ။ ဂဟောဆော်လာခဲ့တဲ့ ရိုက်စတာနားကြပ် အရပ်ဆိုးလေးကိုလည်း နားကြပ်အသစ် ဝယ်မရမချင်း မဖြစ်သုံး သုံးနေရဦးမှာပဲ။ ဘာမဟုတ်တဲ့ ကိစ္စလေးတစ်ခုအတွက်နဲ့လည်း လိုအပ်လာတဲ့အခါ နှစ်ခေါက် နှစ်ခါ ခရီးသွားရရင် သွားနေရဦးမှာပဲ။ မတန်တဆ ဈေးပေးပြီး ဝယ်လို့ရမယ့်ပစ္စည်းအတွက်လည်း ငွေကုန်ကြေးကျ များနေတာကို ဥပေက္ခာပြုပြီး ပစ္စည်းရအောင် ရှာပေးတဲ့အတွက် တောင် ကျေးဇူး အပိုဆောင်းပြီး တင်ချင် တင်နေရဦးမှာပဲ။

သိတယ် မဟုတ်လား။

အပြင်မှာ သိုင်းတွေ၊ ဂျူဒိုတွေ၊ ကရာတေးတွေ ဘယ်လောက်ပဲ အဆင့်မြင့်မြင့် တကယ်တတ်ထားထား၊ ရုပ်ရှင်ထဲမှာဝင်ပြီး သရုပ်ဆောင်ရပြီ ဆိုရင်တော့ ဖိုက်တင်ချတဲ့ အခန်းတိုင်းမှာ ဘာမှသိပ်မတတ်တဲ့ မင်းသားကို ပရိသတ်ကြည့်ကောင်းအောင် တကယ့်ပညာရှင်တွေက ထုံးစံအတိုင်း အရှုံးပေးနေရဦးမှာပဲ မဟုတ်လားဗျာ။

ကလျာမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၈၈

❑

# တွေးကြည့်ခြင်း

- မောင်ဝဏ္ဏ -

(၁)

အင်္ကျီက ပါးသည်။ နိုင်လွန်ကဲ့သို့ ကြည်နေအောင် ပါးလှပ်ခြင်း မဟုတ်သော်လည်း ထင်သာမြင်သာတော့ ရှိသည်။ အတွင်းခံအင်္ကျီသည် လက်တစ်လုံးဟုခေါ်သော အမျိုးအစား ဖြစ်သည်။ နောက်ကျောဘက်မှ စ၍ မြင်ရခြင်းဖြစ်သည်။ အချိုးအဆက် ပြေပြစ်သည်။ သူ့အရွယ်နှင့် သူတော့ တော်တော်ကြည့်လို့ကောင်းသည်။ အပျိုစင်ကလေးကဲ့သို့ နုသစ်သောအလှများ မရှိတော့သော်လည်း ဆွဲဆောင်အားတော့ ရှိနေ၏။

မြို့လယ်လူစည်ကားရာ အရပ်၌ တွေ့လိုက်ရခြင်း ဖြစ်သည်။ အမျိုးသမီးကို ခေတ်ပေါ်ကားတစ်စီးပေါ်ကအဆင်း တံခါးပြန်ပိတ်သော့ခတ်စဉ် တွေ့လိုက်ရသည်။ ကားကို ကိုယ်တိုင်မောင်းခဲ့ခြင်း ဖြစ်မည်။ စာရွက်စာတမ်းအချို့ကို လက်ကိုင်အိတ် ခပ်ကြီးကြီး၌ ထည့်လိုက်သည်။ သွက်လက်လှပစွာ လှည့်ထွက်သည်။

မျက်နှာကို ဘေးစောင်းအနေအထားဖြင့် တွေ့လိုက်ရသည်။ ချက်ချင်းမှတ်မိ၏။ 'စင်သီယာ'ပါကလား။

ကျွန်တော်သည် သွက်လက်သော ခြေလှမ်းများဖြင့် သူ့နောက်သို့

လိုက်မိသည်။ ဘယ်လိုက ဘယ်လို သွက်လက်သွားကြောင်း ကျွန်တော့် ဘာသာ မစဉ်းစားမိ။

"စင်သီယာ"

ရှုပ်ထွေးဆူညံလှသော မြို့လယ်အသံဗလံများကြားမှ ကျွန်တော့် ခေါ်သံကို သူကြား၏။ လှည့်ကြည့်၏။

"ဟင်... ကိုကျော်မြင့်"

ကျွန်တော့်ကို ချက်ချင်းမှတ်မိသည်။

"နေကောင်းလား"

နှုတ်ဆက်နေကျ အဓိပ္ပာယ် သိပ်မရှိလှသော စကားကို ကျွန်တော် ပြောလိုက်သည်။

စင်သီယာသည် သူ့မူပိုင်အပြုံးကို ပြုံး၏။ သူ ပြုံးလျှင် မျက်လုံး များကပါ ရီဝေသွားတတ်သည်။ ကျွန်တော် စွဲလမ်းခဲ့သည်မှာလည်း သည်အပြုံးသည် မျက်လုံးများပင် ဖြစ်သည်။

သူငယ်စဉ်က ပါးပါးလျားလျားပင် ဖြစ်သည်။ ရှိုက်ဖိုကြီးငယ်များ သည် တပ်မက်ဖွယ်မဟုတ်။ သူ့တွင် စွဲလမ်းစရာဟူ၍ မျက်လုံးနှင့် နှုတ်ခမ်းသာ ရှိ၏။ မျက်လုံးက အနည်းငယ် မှေးသယောင်ရှိသည်။ နှုတ်ခမ်းကတော့ ဖူးငုံလျက်ရှိသည်။ နှုတ်ခမ်းဆိုးဆေး အမြဲသုံးသည်။ အရောင်အမျိုးမျိုး ဆိုးတတ်သည်။ အစဉ်သဖြင့် စိုစွတ်စေလေ့ရှိ၏။ ထိုနှုတ်ခမ်းသည် ကျွန်တော့်စိတ်ကို အလှုပ်ရှားစေဆုံး ဖြစ်သည်။

ယခုအခါ ထိုနှုတ်ခမ်းမျိုး ရှိသေးသလား။

သူ့နှုတ်ခမ်းအစုံကို ဂရုစိုက်မိသည်။ လှပဆဲပါပဲ။ ဆွဲဆောင်ဆဲ ပါပဲ။

"နေလို့ကောင်း၊ အိပ်လို့ကောင်းပါပဲ ကိုကျော်မြင့်ရဲ့"

ပြောပြီး သူ့လက်ကိုင်အိတ်တစ်နေရာကို ဖွင့်၏။ ကတ်ပြား

ကလေးတစ်ပြားထုတ်၏။ ကျွန်တော့်ကို ပေး၏။

"ရော့... ကိုကျော်မြင့် ဗစ်ဇတင်းကတ်၊ စင်သီယာ အခုကိစ္စလေး တစ်ခု အရေးကြီးနေလို့ သွားလိုက်ဦးမယ်။ အိမ်ကို အလည်လာပါဦး။ အလုပ်ခန်းမှာတော့ စင်သီယာ သိပ်မရှိဘူး။ ဒီလိုပဲ သွားလာနေတာများ တယ်။ အကြောင်းကိစ္စရှိရင်တော့ တယ်လီဖုန်းဆက်ပြီး မှာထားပေါ့။ ကိုကျော်မြင့် အရင်နေရာမှာပဲ နေသလား၊ လိပ်စာမေ့သွားလို့ ပေးထားဦး"

ကျွန်တော် သူ့လိပ်စာကတ်ပြားကလေးယူပြီး ကျွန်တော့်လိပ်စာကို ပြောလိုက်သည်။ ရွှေရောင်ဘောလ်ပင်ကလေးထုတ်ပြီး မှတ်စုစာအုပ် ကလေး၌ အကြမ်း ရေးခြစ်လိုက်သည်။ ဆေးဆိုးထားသော သူ့ လက်သည်း ရှည်ရှည်ချွန်ချွန်ကလေးများသည် လိပ်ပြာကလေးတစ် ကောင် အတောင်ပံခတ်သကဲ့သို့ လှုပ်ရှားသွား၏။ ထို့နောက် 'ဆီးယူ'ဟု ပြောပြီး နွဲ့လျသွက်လက်စွာ ထွက်သွား၏။ ဘဲလေးကချေသည်တစ်ဦး ကန့်လန့်ကာအကွယ်သို့ ဝင်ရောက်ပျောက်ကွယ်သွားသကဲ့သို့ပါပဲ။

ရှုပ်ထွေးဆူညံလှသော မြို့လယ်ကို ဖြတ်သန်းရင်း ကျွန်တော် ပြန်စဉ်းစားနေမိသည်။ မစ်ရှင်ကျောင်းသူဘဝ၌ စင်သီယာဟု တွင်သည်။

စင်သီယာနှင့် ကျွန်တော်သည် အသက်ချင်း မတိမ်းမယိမ်း ဖြစ်၏။ သူ့ကို အိမ်မှာခေါ်ကြသည်က ရီရီ ဟူသောအမည် ဖြစ်သည်။ နောက် သူ တက္ကသိုလ်ရောက်တော့ နွဲ့ရီသန္တာဟု ပြောင်းလိုက်သည်။

ကျွန်တော် တက္ကသိုလ်နောက်ဆုံးနှစ်တွင် စင်သီယာ တက္ကသိုလ် ရောက်လာ၏။ ငယ်စဉ်ကပင် ရင်းနှီးခဲ့သည်မို့ တက္ကသိုလ်တွင် ကျွန်တော် က သူ့အစ်ကိုလိုလို ဘာလိုလိုနှင့် စောင့်ရှောက်မည်ပြုသည်။ ဘို့ရာတွင် စင်သီယာသည် တက္ကသိုလ် ပထမနှစ်မှာပင် ယောကျ်ားလေးအဖော် နှစ်ယောက်လောက် ရှိနေပြီဟု ကြားရသည်။ နွဲ့ရီသန္တာ စင်သီယာ ဟူသောအမည်သည် ကျောင်းသားများအကြား၌ ရေပန်းစားခဲ့၏။

ဟော... တစ်ယောက်၊ ဟော... တစ်ယောက် အတွဲများသည်ဟု ပြောကြ၏။

"စာအုပ် သွားထပ်ထား၊ ကိုယ့်အလှည့်ရောက်ရင် အရောင်းထိုင်း ပစ္စည်းတစ်ခုခုနဲ့တွဲပြီး ရနိုင်တယ်" ဟု ကျွန်တော့်သူငယ်ချင်းများက ပြောကြသည်။

ကျွန်တော် စင်သီယာအတွက် ရင်လေးခဲ့ရသည်။

သို့သော် ကျွန်တော် ကျောင်းကထွက်ပြီး ကိုယ့်ဘဝနှင့်ကိုယ် လှုပ်ရှားလုပ်ကိုင်နေစဉ်မှာပင် စင်သီယာ အိမ်ထောင်ပြုလိုက်သည်။ ကျွန်တော့်ထံ ဖိတ်စာပို့၏။ သတို့သားသည် ချမ်းသာကြွယ်ဝသော အသိုင်းအဝိုင်းမှ ဖြစ်၏။ စင်သီယာသည် ခေါင်းခေါက်ရွေးယူလိုက်ပြီဟု ကျွန်တော် နားလည်လိုက်သည်။

သူ့လက်ထပ်ပွဲသို့ ကျွန်တော်သွားသည်။ ခမ်းနားပါ၏။ လှပပါ၏၊ ပြည့်စုံပါ၏။ သတို့သားသည်လည်း လူချောလူခန့်တစ်ယောက် ပါပဲ။

သို့ရာတွင် ထိုလူသည် တစ်စုံတစ်ခုကို လိုချင်လျှင် တရားသည် ဖြစ်စေ၊ မတရားသည်ဖြစ်စေ ရအောင်ယူမည့်လူစားမျိုးဟု ကျွန်တော့်စိတ် ထဲတွင် ထင်မိ၏။ ကျွန်တော့်အတွေးမှာ တစ်ဖက်သတ် ဆန်နေမည်လား ဟု သတိရပြီး စင်သီယာ့ကို သေသေချာချာ ကြည့်မိပြန်သည်။ စင်သီ ယာသည်လည်း သူလိုချင်သည်ကို အရယူမည့်မျက်နှာထားမျိုးရှိသည်ဟု ကျွန်တော် မှန်းဆမိပါသည်။ သူတို့နှစ်ယောက်သည် လိုက်ဖက်ပေစွဟု ဆုံးဖြတ်ခဲ့ပါသည်။

ကျွန်တော် ကျင်လည်ရသော ပတ်ဝန်းကျင်နှင့် စင်သီယာ ကျင် လည်သော ပတ်ဝန်းကျင်သည် ခြားနား၏။ ထို့ကြောင့် ကျွန်တော်တို့ အဆက်အသွယ် ပြတ်သွားကြသည်။

ယခု ပြန်တွေ့ကြရသည်။

သူသည် ရှည်လျားသော ယာဉ်တစ်စင်းနှင့်တူ၍ ကျွန်တော်သည် လမ်းဘေးမှ သစ်ပင်တစ်ပင်နှင့် တူသည်။ သူသည် သူ့နည်းသူ့ဟန်နှင့် ရွေ့လျားပြောင်းလဲနေသကဲ့သို့ ကျွန်တော်သည်လည်း ကျွန်တော့် သဘာဝနှင့်ကျွန်တော် ကြီးရင့်ပြောင်းလဲနေမည်သာ ဖြစ်သည်။

တစ်ဘဝစီ တစ်ဘာသာစီဟု နားလည်ထားလိုက်လျှင် ပြီးပြတ်မည် ဖြစ်သော်လည်း...

(၂)

စင်သီယာနှင့် ပြန်လည်တွေ့ဆုံရပြီးနောက် များမကြာမီ အကြောင်းကိစ္စတစ်ခုက ဖန်တီးလာသည်။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်သည် စင်သီယာထံမှ အကူအညီတစ်ခုလိုအပ်ကြောင်း ပြော၏။ ကုန်ပစ္စည်းအရောင်းအဝယ်ကိစ္စပါပဲ။ စင်သီယာ ကူညီလုပ်ကိုင်ပေးလျှင် ကျွန်တော့်သူငယ်ချင်းအတွက် အကျိုးအမြတ်များမည်ဟု ပြော၏။

ကျွန်တော် စင်သီယာထံ ဖုန်းဆက်၏။ သူ အလုပ်ခန်းမှာ မရှိ။ ညနေခြောက်နာရီမှ ခုနစ်နာရီအကြား အိမ်မှာရှိသည်ဟု ပြောသည်။

ခြောက်နာရီသာသာခန့် သူ့အိမ်သို့ ဖုန်းဆက်၏။ သူတို့အလုပ်ကိစ္စများသည် ကျွန်တော် နားမလည်နိုင်သောကိစ္စများ ဖြစ်၏။ စင်သီယာက ကျွန်တော့်သူငယ်ချင်းထံမှ သူသိချင်သော အချက်အလက်များကို မေးခိုင်းပြီး ထိုအချက်အလက် ကိန်းဂဏန်းများကို ရေးမှတ်၍ ကျွန်တော်တစ်ယောက်တည်း သူ့အိမ်သို့ လာခဲ့ပါဟု ပြောသည်။

ဆိတ်ငြိမ်ရပ်ကွက်တစ်ခု၏ လမ်းသွယ်ကလေးအတိုင်း သွားရသည်၊ စည်းရိုးကာလုံခြုံသည်။ သံတံခါး အလယ်ပိုင်းကို သံပြားတစ်ချပ်

ကာထားသည်။ လူခေါ် ခေါင်းလောင်းလိုက်ရှာရာ မတွေ့။ ခွေးတစ်ကောင် ဟိန်းဟောင်လျက် ပြေးလာသည်။ သံတံခါးကြီးခြားနေပါလျက် ကျွန်တော် လန့်ပြီး နောက်ဆုတ်မိသည်။

မိန်းမကြီးတစ်ယောက် ထွက်လာသည်။ ကျွန်တော့်ကို မေးမြန်းနေဆဲမှာပင်...

"ဒေါ်သီ ဖွင့်ပေးလိုက်ပါ၊ ကိုကျော်မြင့် လာလာ"

တိုက်ပုကလေးအတွင်းမှ စင်သီယာ့အသံကို ကြားရ၏။

ကျွန်တော် ဧည့်ခန်းသို့ရောက်၏။ စင်သီယာသည် ပိုးပျော့အင်္ကျီပါးကို ဝတ်ထား၏။ ထဘီကလည်း ပိုးပျော့ထဘီပင်။ အပြာကဲသော ခရမ်းရောင်ဖြစ်သည်။

ကျွန်တော့်ထံမှ အချက်အလက်များကို ယူ၏။ ဂဏန်းပေါင်းစက်ကလေးနှင့် တွက်၏။ တစ်နေရာသို့ ဖုန်းဆက်၏။ ကျွန်တော်သည် သူ့လှုပ်ရှားမှုများကို ဂရုတစိုက် ကြည့်နေမိသည်။ စိတ်လှုပ်ရှားဖွယ်ကောင်း၏။ ရေချိုးပြီးစ ဖြစ်လိမ့်မည်။ သင်းပျံ့သော အနံ့တစ်မျိုးရသည်။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်သည်။ ကိုယ်ကိုကိုင်း၍ စာရွက်တစ်ရွက်ပေါ်တွင် ကိန်းဂဏန်းတစ်ခု ရေးချသည်။ သူ့အင်္ကျီသည် လည်ဟိုက်အင်္ကျီ ဖြစ်၏။ သူ့ကိုယ်ကို ပြန်မတ်၏။ ကျွန်တော့်ကို ကြည့်သည်။

"ဒီစာရင်းထဲမှာ ကိုကျော်မြင့်အတွက် ပါပြီလား"

"မပါပါဘူး၊ ကျွန်တော့်သူငယ်ချင်းအတွက် တတ်နိုင်သမျှ ကူညီပေးတာပါ"

သူ ပြုံး၏။

"ကိုကျော်မြင့်လိုလူမျိုးလည်း ရှိသေးတယ်ကိုး၊ ထားပါလေ..."

အဆင်ပြေပါတယ်။ ကိုကျော်မြင့် သူငယ်ချင်းဆီက ပစ္စည်းကို နက်ဖြန် မနက် ၁၀ နာရီအရောက် မန္တလေးကားဂိတ်ကို ပို့နိုင်းလိုက်ပါ။ အဲဒီမှာပဲ ငွေချေပါလိမ့်မယ်။ ပို့ရမယ့်လိပ်စာရယ်၊ ငွေယူရမယ့် စာရယ် စင်သီယာ ရေးပေးလိုက်ပါ့မယ်"

နိုင်ငံခြားသို့ တင်ပို့ရောင်းမည့်ပစ္စည်းကို မန္တလေးသို့ အဘယ်ကြောင့် ပို့နိုင်းမှန်း ကျွန်တော်မသိပါ။ သို့သော် ကျွန်တော်နှင့်မဆိုင်သဖြင့် မမေးတော့။

"ကဲ… အလုပ်ကိစ္စက ပြီးပါပြီ၊ ခု ကိုကျော်မြင့် ဘာတွေလုပ်နေသလဲ"

"ကျူရှင်ပြတယ်"

"အဆင်ပြေရဲ့လား"

"အသင့်အတင့်ပါ"

"ကျူရှင်ဆရာတွေ ဟန်ကျတယ်ဆို"

"တချို့တလေပါ"

"ထမင်းစားပြီးပြီလား"

"ပြန်မှပဲစားတော့မယ်"

"မတွေ့တာလည်း ကြာလှပြီ၊ စားသွားပေါ့။ ငြင်းလို့မရဘူးနော်"

ပြောပြောဆိုဆိုပင် ထသွား၏။ ယခုအချိန်ထိ သူ့ အိမ်သားဟူ၍ ခြံဝ၌ တံခါးလာဖွင့်သော မိန်းမကြီးတစ်ယောက်သာ တွေ့ရသေးသည်။

ထမင်းဝိုင်းတွင် ယမကာပါသည်။

"သောက်လေ့ရှိတယ် မဟုတ်လား"

စင်သီယာ မေးသည်။ ကျွန်တော် ခေါင်းညိတ်၏။ နိုင်ငံခြားအရက်တစ်ခွက်စီ ငှဲ့၏။

"လိုရင်ထပ်ယူနော်၊ အားမနာနဲ့"

အရက်နှစ်ခွက်လောက်ဝင်ပြီးနောက် အာရွှင်လာသည်။

"ကလေးတွေ မမြင်ပါလား" ကျွန်တော် မေးသည်။

"ကျောင်းပိတ်ရက်မို့ တောင်ကြီးက သူတို့အဘိုးအဘွားအိမ်မှာ သွားနေကြတယ်"

"ခင်ပွန်းကော"

သူ မျက်လုံးဝိုင်းပြ၏။ ပခုံးတွန့်၏။ ရယ်၏။

"ဒီလောက်တောင် အဆက်ပြတ်နေရသလား ကိုကျော်မြင့်ရယ်၊ သူနဲ့ စင်သီယာ ပြတ်တာကြာပါပြီ။ ခု သူ စင်ကာပူမှာလေ။ နောက် အိမ်ထောင်နဲ့၊ စင်သီယာ ရသင့်တာတွေ အားလုံးယူထားလိုက်တယ်။ သူလည်း ယူနိုင်သလောက် ယူသွားတာပဲ"

သူ ရီဝေစွာ ပြောပြ၏။

ဝါလဲ့လဲ့ မီးရောင်အောက်တွင် ပိုးပျော့ဝတ်စုံနှင့် လျှော့ရဲစွာလှနေသော ခရမ်းပြာရောင် စင်သီယာကို ကြည့်ရင်း ကျွန်တော့်သွေးများ လျင်မြန်စွာ လှည့်ပတ်လှုပ်ရှားနေလေသည်။

သူ ကျွန်တော့်ကို စိုက်ကြည့်သည်။ ပြုံးသည်။ မျက်စိမှေးပြသည်။ သူ့ညို့ချက်တွင် ကျွန်တော် မိသွားလေပြီ။

*

ကျွန်တော်နှင့် စင်သီယာခေါ် နွဲ့ရီသန္တာတို့ လက်ထပ်လိုက်ကြပါသည်။

စင်သီယာသည် အနွဲ့အပြောင်း အလှည့်အပတ် အယိမ်းအယိုင် ပိုင်နိုင်လှ၏။ လောကစည်းစိမ်ကို အပြည့်အဝပေးနိုင်စွမ်း၏။ ယူနိုင်စွမ်း၏။

ကျွန်တော်လည်း ဘတ်စ်ကားဖြင့် ဟိုပြေးသည်လွှား ကျူရှင်လိုက်ပြ

နေသော ဘဝမှ လူကုံထံသားသမီးများအိမ်သို့ ကိုယ်ပိုင်ကားဖြင့်သွား၍ ကြေးကြီးကြီးနှင့် စာပြပေးနိုင်သော ဆရာတစ်ယောက်အဖြစ် ရပ်တည်နေရပြီ။ ကျွန်တော် ပြောင်ပြောင်ရောင်ရောင် ဖြစ်လာသည်မှာ ကျွန်တော့် အစွမ်းအစနှင့် မဟုတ်နိုင်ပါ။ စင်သီယာ၏အစွမ်းက ပိုများပါသည်။ ကျွန်တော် စာပြခြင်းသည် အခြားဆရာများနှင့် ဘာမှမထူးပါ။ သို့သော် ကျွန်တော့်တပည့်များမှာ ဂုဏ်ထူးရကြလေသည်။ ဒါလည်း စင်သီယာ လက်ချက်ပင် ဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့ အိမ်ထောင်ရေးသည် သာယာသည်ဟု ဆိုရပါမည်။

စင်သီယာ့ ကလေးနှစ်ယောက်ကလည်း ကျွန်တော့်ကို ပထွေးတစ်ယောက်လို မဆက်ဆံပါ။ အဖေတစ်ယောက်ကဲ့သို့လည်း မဆက်ဆံပါ။ သူတို့အမေ သဘောကျသော ယောကျ်ားတစ်ယောက် အိမ်ပေါ်ခေါ်ထားသည်ဟုသာ သဘောထားပုံရပါသည်။ စင်သီယာကလည်း ကလေးများကို ထိန်းကျောင်းရာ၌ ကျွမ်းကျင်သည်။ ပြဿနာမပေါ်အောင် ထိန်းထားနိုင်၏။

ကျွန်တော့်ကို အချိန်ဇယား ဆွဲပေးထား၏။ ထိုအချိန်ဇယားတွင် သူနှင့်ကျွန်တော် နှစ်ယောက်တည်း ရှိနိုင်သော အချိန်လည်းပါ၏။ ကလေးများကိုလည်း အချိန်ဇယား ဆွဲပေးထား၏။ သူကိုယ်တိုင်လည်း အချိန်ဇယားနှင့် လှုပ်ရှား၏။

စီးပွားရေးလည်း တစ်စထက်တစ်စ တိုးတက်လာ၏။ ကျွန်တော်လည်း လူစော်နံသော ဘတ်စ်ကား မစီးချင်တော့။ နံနက်စောစော လမ်းလျှောက်ခြင်း၊ ရေကူးကန်သွားခြင်း၊ ဘီယာလေးမြဲခြင်း အစရှိသည်များနှင့် ပျော်မွေ့ယစ်မူးနေလေပြီ။

*

နှစ်ပေါင်းများစွာကို အမှတ်တမဲ့ ဖြတ်သန်းခဲ့သည်။ စင်သီယာနှင့် ကျွန်တော်တို့တွင် သားသမီး မထွန်းကားပါ။ စင်သီယာသည် ကျွန်တော်နှင့်လက်မထပ်မီကပင် ကိုယ်ဝန်တားဆီး ဖြတ်တောက်ပြီး ဖြစ်၏။

တစ်နံနက်တွင် ကျွန်တော် လမ်းလျှောက်ထွက်ခဲ့သည်။

ကျွန်တော် လျှောက်နေကျလမ်းပင် ဖြစ်သော်လည်း လူတစ်ရပ်ခန့်မြင့်သည့် သစ်ပင်များ တန်းစီပေါက်နေသည်ကို ခုမှ သတိထားမိ၏။

မနေ့တစ်နေ့က ဤသစ်ပင်များ မရှိပါ။ တစ်ရက် နှစ်ရက်အတွင်း လူတစ်ရပ်ခန့်မြင့်သော သစ်ပင်များ မပေါက်နိုင်ပါ။ စဉ်းစားကြည့်တော့မှ စိုက်ပျိုးရေးဌာနနှင့် လမ်းဌာနတို့ ပူးပေါင်းပြီး တစ်နေရာ၌ သစ်ပင်ပျိုး၍ ဤလမ်းတစ်လျှောက်တွင် လာရောက်စိုက်ပေးခြင်း ဖြစ်လိမ့်မည်။ ကန်ပေါင် ကုန်းစောင်းအထက်၌ ကုက္ကိုပင်အိုကြီးတစ်ပင် တွေ့ရသည်။

ကျွန်တော့်ဦးနှောက်ထဲသို့ အတွေးမျှင်တစ်စ ဝင်လာသည်။

ကျွန်တော် ကျောင်းကထွက်ပြီးနောက် ယောင်ချာချာဖြစ်ခဲ့သည်။ ထို့နောက် ကျူရှင်ပြ၏။ အတန်အသင့်သော ဝင်ငွေကလေးရ၏။ ထိုစဉ်က တပည့်များသည် မြို့စွန်ရပ်ကွက်မှ ဖြစ်၏။ မချမ်းသာကြ။ နောက် စင်သီယာ၏ ကြံစည်ဖန်တီးမှုများကြောင့် ကျွန်တော်သည် ငွေကြေးကြွယ်ဝသော အသိုင်းအဝိုင်းတွင် နာမည်ကြီးသော ကျူရှင်ဆရာ ဖြစ်လာသည်။ သို့ရာတွင် ကျွန်တော့်ဝင်ငွေသည် စင်သီယာ၏ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေ၏ အစွန်းထွက်မျှသာ ရှိ၏။ ပြီးတော့ ကျွန်တော်သည် အချိန်ဇယားနှင့် လှုပ်ရှားခဲ့ရသည်။

နံနက် စောစောထ၊ လမ်းလျှောက်၊ စားကောင်းသောက်ဖွယ်စား။ ပြီးတော့ ကားတစ်စီးနှင့် အိမ်များသို့ လိုက်၍ စာသင်၊ ညနေ ကလပ်သွား၊ ရေကူးချင်ကူး၊ ဘီလီယက်ထိုးချင်ထိုး၊ ဘီယာသောက်၊ အိမ်ပြန်၊ စားကောင်းသောက်ဖွယ်စား၊ စွဲမက်ဖွယ်ကောင်းသည့် မိန်းမနှင့်နေ။

နောက်တစ်နေ့ ၄င်းအတိုင်း။ ကျောင်းပိတ်ရက် အားလပ်ရက်မှာ မိသားစုနှင့် အပန်းဖြေခရီးသွား။ ပြီးတော့ နောက်တစ်နှစ်မှာ ဇယား အတိုင်း ဆက်လုပ်။

စင်သီယာကလည်း ယခင်ကကဲ့သို့ တပ်မက်စွဲလမ်းဖွယ် မကောင်းတော့။ အသက်အလျောက် ယိုယွင်းအိုမင်းလာပြီ။ တစ်ခါတစ်ရံ ရိပ်သာ သွား၍ တရားအားထုတ်နေတတ်ပြီ။ ကျွန်တော်လည်း ယောင်တောင် ပေါင်တောင်နှင့် တရားရိပ်သာသို့ လိုက်ဖူးပြီ။ ဘာတရားမှလည်း မတွေ့၊ ဆရာတော်များ ဆိုဆုံးမစဉ်ခဏ၌သာ တည်ငြိမ်အေးချမ်း၏။ ထို့နောက် တော့ ဝဲထဲမှာ ပြန်လည်နေသကဲ့သို့။

ပျိုးပင်များကို နေရာရွှေ့စိုက်၍ ရနိုင်သည်။ အသက်အတော် အတန်ရင့်နေပြီဖြစ်သော သစ်ပင်တစ်ပင်ကို အမြစ်ကတူး၍ နေရာရွှေ့ စိုက်လျှင် မြေသြဇာတွေ ကျွေးသော်ငြားလည်း၊ ရေလောင်းသော်ငြား လည်း ခက်လက်ဝေစည်စွာ ပြန်လည်မဖြစ်ထွန်းနိုင်တော့။ အညွန့် အညှောက်များလည်း မထွက်နိုင်တော့။ တဖြည်းဖြည်း ကြုံလှီခြောက် သွေ့သွားမည်သာ ဖြစ်၏။

ကျွန်တော့်ကိုယ်ကျွန်တော် နေရာရွှေ့ အစိုက်ခံရသော သစ်ပင် တစ်ပင်ကဲ့သို့ မြင်လာ၏။ သစ်ခြောက်ပင်တစ်ပင်ကဲ့သို့ ထင်းအဖြစ်မှ တစ်ပါး အသုံးမဝင်နိုင်တော့ဟု ထင်လာသည်။

ကျွန်တော့် အထင်အမြင်အယူအဆကို စင်သီယာအား ပြောပြ၏။ စင်သီယာက ပြုံးသည်။ ပြီးတော့ ကျွန်တော့်အချိန်ဇယားထဲမှာ ရပ်ရေး ရွာရေးကိစ္စ လုပ်ရန်နှင့် ဘုန်းကြီးကျောင်းသွားရန် အချိန်များကို ထည့်၍ ရေးဆွဲပေးလိုက်လေသည်။

ရှင်ခုန်သံမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၉၃

❑

# အနုပဋိလောမ

## - သက်ထွန်း(ဆေးသိပ္ပံ) -

ကိစ္စတစ်ရပ်သည် 'အနုလောမ' အားဖြင့် မှန်ချင် မှန်နေပါမည်။ သို့သော် 'ပဋိလောမ' အားဖြင့် အပြန်အလှန်တွေးလိုက်ပါက မှားချင်လည်း မှားနေပေမည်။

*

သည်ပြဿနာကို သယ်ဆောင်လာသူက နေမျိုးအောင် ဖြစ်သည်။ သူက သူငယ်ချင်းတွေစုံတုန်း တစ်ရက်လောက်စုပြီး ကျွန်တော့်အိမ်မှာ အရက်သောက်ကြရအောင်တဲ့။ သူရယ်၊ ကျွန်တော်ရယ်နှင့် စောဝင်း၊ ရွှေဇင်ထွန်း၊ စိုးနောင်တို့ ငါးယောက်ဆိုပါတော့။ ငယ်ပေါင်းတွေမို့ သူတို့ ပါးစပ်ဟလိုက်သည်နှင့် စအိုဝအထိ တန်းမြင်ပါသည်။ အဲ့ဒါက ကျွန်တော့်ကို စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။

ကျွန်တော်တို့ငါးယောက်က ဆေးတက္ကသိုလ် (၁)မှာ တစ်အုပ်စုတည်း တတွဲတွဲနှင့် အင်မတန် ခင်ကြသည်။ အိမ်ထောင်ကျတော့လည်း ကျွန်တော်နှင့် စောဝင်းကလွဲ၍ ကျန်သုံးယောက်က အတန်းထဲက သူငယ်ချင်းမများကို ပြန်ကြံကြသည်။ သည်တော့လည်း ဘာပြဿနာမှ

မရှိ။ သူတို့၏ ချစ်ခရီးလမ်းက ခြောက်လမ်းသွားကြီးတွေလို ဖြူးဖြောင့် ကျယ်ဝန်း ချောမွေ့လှသည်။

ရွှေဇင်ထွန်းက ညိုညိုစိမ့်စိမ့်နှင့် ရသည်။ နှစ်ယောက်စလုံးက စာတော်သည်။ စကတည်းက စာပြိုင်၊ အမှတ်ပြိုင်နေကြသူချင်းမို့ သမီးရည်းစားဘဝမှာလည်း တစ်ဦးကိုတစ်ဦး အကျောမခံကြ။ မိန်းကလေးဘက်က တော်တော်ချမ်းသာပြီး ရွှေဇင်ကတော့ သံအမတ်ကြီးသားဖြစ်သည်။ ခုတော့ သည်ကောင် မိန်းမကို တော်တော်ကြောက်နေရသည်ဟု ကြား၏။

နေမျိုးအောင်နှင့် စန်းစန်းရီတို့ လင်မယားက အလွန်အေးသည်။ နေမျိုးအောင်က ကျွန်တော်တို့ထဲမှာ အတည်ကြည်ဆုံး၊ လူကြီးအဆန်ဆုံး ဖြစ်၏။ စန်းစန်းရီက မိန်းမပီသပြီး အိမ်ထောင်ထိန်းသိမ်းမှု တော်သည်။

ကျွန်တော်၊ စိုးနောင်နှင့် ရွှေဇင်ထွန်းတို့ သုံးယောက်ကတော့ ဗရုတ်တွေဖြစ်သည်။ အခု ကလေးအထူးကုပါမောက္ခကြီး ဖြစ်နေသည့် စောဝင်းကတော့ အင်မတန်ရိုး၊ အင်မတန်အသူမို့ ကျွန်တော်တို့က တောသားဟု ခေါ်ကြသည်။ (ဒါပေမဲ့ ကျောင်းစာမှာတော့ သူ အတော်ဆုံးဖြစ်သည်။) သူ အပုံ၊ ရိုးပုံ ကာရိုက်တာပေါ်အောင် နည်းနည်းလောက် ဖော်ကောင်လုပ်ရလျှင်ဖြင့် ကျွန်တော်တို့...

နောက်ဆုံးနှစ်အပိုင်း (က) မြန်မာပြည်ကို တီဗွီတွေ ဝင်လာခါစမှာ တီဗွီအရောင်းဆိုင်မှ ကောင်မလေးတစ်ယောက်ကို သူ ကြိုက်မိသည်။ ဟိုကလည်း စောဝင်းကို ဆေးကျောင်းသား ဆရာဝန်လောင်းမှန်းသိသောကြောင့် ညွတ်ချင်ချင် ဖြစ်နေသည်။

တစ်နေ့ ကျွန်တော်ရယ်၊ စောဝင်းရယ်၊ စိုးနောင်ရယ်၊ ရွှေဇင်ရယ် လေးယောက်သား ထိုတီဗွီဆိုင်မှ သူ့ကောင်မလေးကို ရှိုးစမိုးတွေနှင့်

သွား‘ရှိုး’ကြသည်။ စောဝင်းကလည်း မဝတ်စဖူး ဘောင်းဘီရှည်တွေ၊ ရှူးဖိနပ်တွေနှင့်ဆိုတော့ ဖိနပ်ပေါက်ပြီး ကုလားအုတ် လမ်းလျှောက်သလို ထော့နဲ့ထော့နဲ့။ ဒါပေမဲ့ သူက ကောင်မလေးရှေ့ သွားရပ်ပြီး ခပ်တည်တည် မေးလိုက်သည်။

“ကာလာတီဗွီရှိလား ညီမလေး”

“ရှိတယ် အစ်ကို၊ ဘယ်နှလက်မလဲ”

အဲ့သည့်အချိန်မှာပဲ ရွှေဇင်ထွန်းက အလစ်ဝင်ပြီး ချောက်တွန်းလိုက်တော့ စောဝင်း ခံလိုက်ရသည်။

“ဟော့ကောင် ရှိတယ်တဲ့၊ မင်း ဘာအရောင်ကြိုက်လဲ ပြောလိုက်လေ”

“ဟိုလေ... ဟို... ခရမ်း... ခရမ်းရောင် ဘယ်လောက်လဲ”

ကျွန်တော်နှင့် စိုးနောင် ပါးစပ်ပိတ်ပြီး ထွက်ပြေးရတော့သည်။ ဆိုင်ထဲမှာ ဘာတွေဖြစ်ကျန်ခဲ့သည်မသိ၊ စောဝင်းနှင့် အဲ့သည့်ကောင်မလေး မယူဖြစ်သည်ကတော့ အမှန်ပင်။

ထိုမျှရိုးသော ကျွန်တော့်သူငယ်ချင်းသည် မိဘပေးစားမှပဲ မိန်းမရတော့သည်။ သည်တော့ ရွှေဇင့်အကွက်ထဲ ဝင်သွားသည်။ စောဝင်း မိန်းမယူတာ ‘ဘောထုပ်’ဝယ်သလိုပဲ။ အထဲမှာ ဘာပါမှန်းမသိဟု ပြောသည်။ ဒါပေမဲ့ စောဝင်း မင်္ဂလာဆောင်ကျတော့ သည်ကောင် တဗျစ်တောက်တောက်နှင့် ပြောမဆုံးတော့။

“မတန်ဘူးကွာ၊ တောသားနဲ့ လုံးဝကို မတန်ဘူး”

အဘယ့်ကြောင့်ဆိုသော် သတို့သမီး နန်းဖြူဖြူသည် အလွန်ချော၊ အလွန်လိမ္မာသော ပင်လောင်းသူ ရှမ်းမလေးတစ်ယောက်မို့ အားလုံးထဲမှာ ဇနီးချော၊ ဇနီးလှပြိုင်ပွဲ၌ တောသားဗိုလ်စွဲသွားသည်။

ကျွန်တော်ကကော ဘယ်လိုလဲ။ ဟဲ...ဟဲ... ဤဝတ္ထုသည်

ကျွန်တော်ရေးသော ဝတ္ထုဖြစ်လေသောကြောင့် ကျွန်တော်သာလျှင် ဇာတ်လိုက်၊ ကျွန်တော်သာလျှင် 'လီယိုနာဒို' ဖြစ်ရပေမည်။ သူ့အခန်း ရောက်တော့ မင်းသမီး ထွက်လာပါလိမ့်မည်။

*

အခုဆိုလျှင် မနက်ဘက် မျက်စိနှစ်လုံးပွင့်ကတည်းက ညဘက် မျက်စိပိတ်ချိန်အထိ "ကယ်ပါ၊ ယူပါ၊ ပူလှချည်ရဲ့၊ နာလှချည်ရဲ့" ဆိုသော အနိဋ္ဌာရုံအသံများကို နားဆင်ပြီး သူများအပူကို ကိုယ့်အပူ လုပ်မှ ထမင်းဝသော (ထမင်းဝသော) အလုပ်ကိုပဲ စိတ်ပျက်၊ စိတ်ကုန်စွာ လုပ်စားလာခဲ့သည်မှာ အနှစ် ၃၀ နီးပါး ရှိနေပါပြီ။ သူငယ်ချင်းတွေ လည်း သေသူသေ၊ နိုင်ငံခြားရောက်သူရောက် ဖြစ်ကုန်ပေပြီ။

ကျွန်တော်နှင့် သိပ်ရင်းနှီးသူတွေဆို၍လည်း စောဝင်းနှင့် ခိုင်မာလာ နှစ်ဦးသာ မြန်မာပြည်မှာ ကျန်တော့သည်။ စောဝင်းဆိုလျှင် နိုင်ငံခြား ဘယ်နှခေါက်ပြန်မှန်းပင် မသိရသည့် တိုင်းဆေးရုံကြီးတစ်ရုံ၏ ကလေး အထူးကုဆရာဝန်ကြီး ဖြစ်နေပေပြီ။

ကျွန်တော်ကတော့ ပါရမီ မပါလို့ပဲလား၊ သည်ပညာကို ဝါသနာ သိပ်မပါလို့ပဲလား၊ ဇီဝက၏ မျိုးဆက်မပီသလို့ပဲလား၊ ဘာကြောင့်လဲ တော့ မသိ၊ ကျောင်းက သင်ပေးလိုက်သော ထမင်းစားဖြစ်ရုံ ပညာလေး ကိုသာ ကျေနပ်နေပြီး ရှေ့ဆက်တက်ဖို့ မကြိုးစားတော့။

ထို့ကြောင့် တောဆရာဝန်လေးအဖြစ် တောင်ပေါ်ဆရာဝန်လေး အဖြစ် လေနှင့်အတူ လေရှူးသုန်သုန် တိုက်ခတ်သည့်အတိုင်း လေနှင်ရာ၊ လွင့်ချသလို လွင့်နေရာမှ ကံအားလျော်စွာ သမားတော်ကြီး စောဝင်းရှိရာ တိုင်းမြို့ကြီးတစ်မြို့နားမှ မထင်မရှား ပစ္စန္တရာဇ်ရွာလေးတစ်ရွာဝယ် ဖိနပ်မပါသည့် ဘဲယားဖွတ် ဒေါက်တာလေးတစ်ပါး ဖြစ်ခဲ့ရ၏။ ကွဲကွာ

သွားတာ ကြာလှပြီဖြစ်သော သူငယ်ချင်းကိုတွေ့ချင်လှပါသည်။ သို့သော် သမားတော်ကြီး ခွဲ့ပေမည်စိုးပါသောကြောင့် ကျွန်တော်ကပဲ သူ့ထံကို အခစားဝင်ရောက်ခဲ့ပါသည်။

သူ့လိပ်စာတော့ ကျွန်တော် မသိ၊ သို့သော် ကိစ္စမရှိပါ။ အခြေအနေအရသာ ကျွန်တော်သည် တော်ရာမှာ မပော်သဓာအိုးလုပ် ရှိုးရှိုးကုပ်ကုပ်လေး နေရပါသည်။ တကယ်တော့ ကျွန်တော်သည် ရွှေမြို့တော်ကြီးမှာ ချက်မြှုပ်သည့် ရွှေမြို့တော်သားစစ်စစ် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်အဖို့ သူတို့ တိုင်းမြို့ကြီးဆိုသည်မှာ လက်ဝါးပေါ်တင်ကြည့် ဂေါ်လီလုံးလောက်သာ ရှိပါသည်။ ဘာခက်ပါသနည်း။ "ဟော့ ဆိုက်ကားတစ်စီးလာစမ်း၊ မင်းတို့မြို့က ဆရာဝန်ကြီး စောဝင်းဆီ လိုက်ပို့" ဒါပဲပေါ့။

ဆိုက်ကားဆရာက သူ့လောက်မှ မသားနားသော နွားပွဲစားလိုလို၊ ကားစပယ်ယာလိုလို ကျွန်တော့်အား ဘုကြည့်ကြည့်ပါသည်။ ဟုတ်တာပေါ့၊ ကျွန်တော်က သူတို့မြို့၏ ကျက်သရေဆောင် ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို 'ဦး'မထည့်၊ ဒေါက်တာမထည့် ဂုဏ်ပုဒ်တွေမထည့်ဘဲ တုံးတိတိကြီး စောဝင်းဟု ခေါ်လိုက်တာကိုး။ ဆိုက်ကားဆရာအား ချစ်သူငယ်ချင်း၏ အကျိုးအကြောင်း၊ အဆိုးအကောင်းကို မေးကြည့်မိသည်။

ဆရာကြီးက သိပ်သဘောကောင်းတာ၊ သိပ်ဆေးလိုက်တာတဲ့။ ("ဆရာကြီးက" ဟု ဆိုပါလား။ ဟီ...ဟိ။) စာတော်တာ၊ ဆေးကုတော်တာ၊ သဘောကောင်းတာတော့ ယုံပါသည်။ ဒါပေမဲ့ နောက်ဆက်တွဲပါလာတွေကိုတော့ ဟုတ်ပါ့မလား မောင်ကာဠုရဲ့။

"ဆရာကြီးက သီချင်းဆိုတာလည်း သိပ်ကောင်းတာ။ သကြံန်တွေ၊ ဘာတွေဆို စင်ပေါ်တက်ပြီးတော့ကို အပြတ်ဟဲတာ"

နည်းနည်းတော့ လျှော့ပါဦးလား မောင်ရယ်၊ ကျောင်းမှာတုန်းက

ကျေးရွာဝါဒသီချင်းတစ်ပုဒ်တည်းကို ခွေးနာလောက်ကိုက်သလို တအင်းအင်း ညည်းနေသောကြောင့် အားလုံးက တောင်းပန်ထားရသည်။ အခုစင်ပေါ်မှာ 'ဟဲဗီး' တွေချည်း ဆိုတယ်ဆိုတော့ ဘာတွေ များပါလိမ့်။

'သီချင်းရှင်ကို ကြင်နာပါ' တို့၊ 'ကော်ဖီခါးခါး' တို့၊ 'နီနီ ညိုညိုကိုကို' တို့တဲ့။ ဘုရား… ဘုရား… ကိုကိုင်ဇာ၊ ကိုချစ်ကောင်း၊ ကိုလွှမ်းမိုးတို့ရေ သိပ်သိပ်ကို အားနာတယ်ဗျာ။ ဘယ်လိုမှ စိတ်ကူးခံစားကြည့်လို့မရပါ။

ကျွန်တော် မအောင့်နိုင်ဘဲ ရယ်မိတော့ ဆိုက်ကားဆရာက ဘုကြည့်ကြည့်ပြန်သည်။ ဒါပေမဲ့ စောဝင်းရဲ့ ဆေးခန်းကို ရောက်တဲ့အခါမှာ တကယ်ခံလိုက်ရတာက ကျွန်တော်ဖြစ်သည်။ သင်းက ဆေးခန်းထဲမှာ ရုပ်ရှင်တွေထဲကအတိုင်း ဘောင်းဘီခြေရှည်နှင့် နက်ကတိုင်နှင့်။ အိမ်ရှေ့မှာ စူပါရုဖ်ကား အဖြူတစ်စီး။ အခန်းထဲမှာ ဝေါက်ရိုက်တံတစ်စုံ၊ တီဗွီ၊ ကွန်ပျူတာ၊ ဒီဗွီဒီနှင့် ကာရာအိုကေစက်ကြီးမှ ဟီးလို့။

ကျွန်တော့်ပါးစပ်ထဲမှာက ကွမ်းတွေအပြည့် ပလုတ်ပလောင်းနှင့်။ နှုတ်ခမ်းနှင့်ပါးစပ်တွေ ရဲပလောင်းခတ်နေသော ကျွန်တော့်ကို သူရုတ်တရက် မမှတ်မိ၊ ဘယ်က တောသားကြီးလဲပေါ့။ ထို့ကြောင့် သူ့ဆေးခန်းက အကူကောင်မလေးကို လှမ်းပြောလိုက်သည်။

"မူယာရေ… အဲ့ဒီဘကြီးကို ကွမ်းတံတွေးထွေးဖို့ ကြွပ်ကြွပ်အိတ်တစ်လုံး ပေးလိုက်ပါ"တဲ့။ ဒီတော့ ကျွန်တော်မျိုးကြီး သေသင့်ပါသည်။

*

တိုက်တိုက်ဆိုင်ဆိုင် နိုင်ငံခြားမှာ ရောက်နေသော စိုးနောင်၊ ရွှေဇင်ထွန်းနှင့် နေမျိုးအောင်တို့ သုံးယောက်စလုံး တိုင်ပင်မထားကြဘဲနှင့် အတူတူ ပြန်ရောက်လာကြသည်။ တွေ့ကြပြီဆိုတော့လည်း ပြောကြ၊

ဆိုကြ၊ ငိုကြ၊ ရယ်ကြ၊ ပျော်ကြ၊ ပါးကြ၊ ငယ်စဉ်က ရှိခဲ့ကြသော ဖြူစင်သည့် ခင်မင်မှုများကလွဲ၍ ရုပ်တွေ၊ အကျင့်တွေက အတော်ချည်းကို ပြောင်းလဲကုန်ကြပြီ ဖြစ်၏။

သိပ်လှသူတွေလည်း သိပ်ဝကုန်ကြသည်။ ကျောင်းတုန်းက အရက်သောက်၊ ဖဲရိုက်၊ ကျောင်းပြေး၊ အတန်းလစ်နှင့် မိဆုံးမ၍မရ၊ ဖဆုံးမ၍မရ (မြန်မာနိုင်ငံက) ဘယ်ဘုန်းကြီးတရားပြ၍မှ မရသူတွေကလည်း နိုင်ငံခြားရောက်မှ အင်္ဂလိပ်လို ရေးထားသည့် ပဋိစ္စသမုပ္ပါဒ်နှင့် ဓမ္မပဒတွေကိုဖတ်ပြီး တရားရကာ ဥပါသကာ၊ ဥပါသကာတွေ ဖြစ်ကုန်ကြပြီဆိုတော့ အင်း... အံ့တော့ အံ့စရာပင်။

လွန်ခဲ့သော အနှစ် ၃၀ လောက်ဆိုလျှင် အားလုံးသည် ပီဘိ အပူအပင်ကင်းသည့် အဖြူထည်ကလေးတစ်ပိုင်း၊ လူကြီးတစ်ပိုင်းတွေ ချည်း ဖြစ်၏။ ဘဝလမ်းခရီးမှာ 'မန်းနီး' ဆိုတာကို ခေါင်းရှုပ်ခံ မစဉ်းစားကြ။ Money သည် Mather ထံမှ ဆင်းသက်လာပြီး အမေရှိ ငွေရှိ၊ အမိုးရှိ အကျိုးရှိ၏။ ဖိနပ်ကအစ အဖေ့တာဝန်ဖြစ်သည်။ ကိုယ်က တစ်နှစ် တစ်တန်းသာ မှန်မှန်လေး အောင်ပြလိုက် သုဝဏ္ဏသာမလေး ဖြစ်ပြီ နို့တစ်လုံးဖိုး ကျေပြီ၊ မိဘကျေးဇူးဆပ်ဖူးပြီ။

ခုတော့လည်း ပြောင်းလဲသွားပုံက အလွန်လူကြီးဆန်သော ထိန်းထိန်းသိမ်းသိမ်းရှိသော နေမျိုးအောင်က အရက်သောက်ဖို့ စချိန်းသည်။ ယခင်က သိပ်ဆတ်၊ သိပ်ထက်၊ သိပ်တော်သော ရွှေဇင်ထွန်းသည် အခု သူ့မိန်းမ ညိုညိုစိန် 'ပြီး' မှ ပြီးရတော့သည်။ မိန်းမက 'ဟိတ်' ဆိုတာနှင့် တိတ်လိုက်ရသည်။ ဟိုက 'တော်' ဆိုလျှင် သည်ကောင် မကျော်ရဲတော့။ 'ရပ်' ဆိုသည်နှင့် မတ်မတ်ကလေး။ 'တော်နစ်ဝါးတား' Tonic Water ကို အရက်လားဟုဆိုသူ တောသားအမည်ပေါက် သမားတော်ကြီး ကိုကိုစောဝင်းကလည်း အခုချိန်မှာ ဝီစကီအရက်ဆိုလျှင်

Chivas Regal ကို အနိမ့်ဆုံးထားပြီး သောက်သည်တဲ့။ ချီးကျူးစရာ အကောင်းဆုံးက စိုးနောင် ဖြစ်သည်။ အရင်ဆုံး ရည်းစားရ (တတိယ နှစ်မှာ) ဦးဆုံးအိမ်ထောင်ကျ ဗရုတ်လည်းအကျဆုံး စိုးနောင်သည် သူ့မြေးက အရက်ဖြတ်ခိုင်း၍ လုံးဝဆို လုံးဝကြီးကို အရက်မသောက် တော့။

ရွှေဇင်ထွန်း အတို့အထောင်လုပ်သောကြောင့် သူတို့က ကျွန်တော့် ကို စမ်းကြသည်။ သူငယ်ချင်းတွေ၊ သူငယ်ချင်းမတွေ အားလုံးကို ကျွန်တော့်အိမ်မှာ တစ်ရက် ထမင်းကျွေးရမည်ဟု တောင်းဆိုကြ၏။ စိုးနောင် မြေးဦးမွေးမှ အိမ်ထောင်ကျသော ကျွန်တော့်ထက် အသက် အတော်ငယ်သည့် (ကျွန်တော် စိတ်ကြိုက်ရွေးထားသည်မို့ အချောအလှ ကတော့ လက်ရွေးစင် ထိပ်တန်းဘရဏီငိုဖြစ်မည်ကို အထူးပြောစရာ မလိုပါ) ကျွန်တော့်မိန်းမကိုလည်း သူတို့ တွေ့ချင်ကြသည်။ ပြီးလျှင် သူတို့ စကြမည်၊ အတို့အထောင် လုပ်ကြမည်၊ လင်မယားကြား တုတ် ရောင်း၊ ဓားရောင်းမည်။ သနားတယ်။

ရန်ကုန်မြို့ ဆိတ်ငြိမ်ရပ်ကွက်တစ်ခု၌ (သံလွင်လမ်း မဟုတ်ပါ)၊ ကျွန်တော် အမွေရထားသော ပျဉ်ထောင်အိမ်လေးတစ်လုံး ရှိသည်။ မိန်းမနှင့် ကျောင်းနေခါစ သမီးက ထိုအိမ်မှာ၊ ကျွန်တော်က နယ်မှာ လောလောဆယ် နေနေသည်။ ဒါပေမဲ့ သူတို့လာမည် ဆိုသောကြောင့် ကျွန်တော် ခွင့်တစ်လယူထားသည်။

သူတို့ စားချင်လှချည်ရဲ့၊ လွမ်းလှချည်ရဲ့ ဆိုသော မြန်မာစားစရာ မျိုးစုံကို ကျွန်တော့်မိန်းမက မျက်နှာတစ်ချက်မပျက်ဘဲ ချက်ကျွေးသည်။ ကလေးတစ်ယောက် မွေးပြီးပေမင့် တင့်တင့်ထွန်း ကိုယ်လုံး၊ လှအဥ္စလီ တင့်မျက်ဝန်း၊ မယ်လိုဒီမျက်နှာနှင့် ကျွန်တော့်မိန်းမကို သူတို့ ဘယ်မှာ အပြစ်ရှာလို့ တွေ့ပါမည်နည်း။ အံ့သြရုံကလွဲလို့ ဘာထောက်ကွက်မှ

မရှိ။ ဒီတော့ ရွှေဇင်က ထောင်သည်။

"ဟော့ကောင် ကျော်စွာ၊ အခု မင်းမိန်းမနဲ့ ပထမနှစ်မှာ မင်း အရှုံးအမှုးဖြစ်ခဲ့တဲ့ ခင်ခင်လေး ဘယ်သူက ပိုချောလဲကွ"

"ဇနပဒကလျာဏီနဲ့ မီးလောင်ငှက်တိုပေါ်က မျောက်အိုမကြီး ကွာသလောက် ကွာတာပေါ့ကွာ၊ ဇနပဒကလျာဏီလောက်မှ မလှရင် လည်း ကျော့်စွာမိန်းမ ဘယ်ဖြစ်လေလိမ့်မလဲ မဟုတ်ဘူးလား ဟား... ဟား"

"ဒါဆိုလည်း မိန်းမတစ်ယောက်ရဖို့အရေး မင်း တော်တော် မုန့်ဖိုး တွေ ကုန်မှာပေါ့နော်။ ကလေးကို မုန့်ပေးကြိုက်ဆိုတဲ့စကား ရှိသမို့လား"

"မကုန်ပါဘူးရှင်၊ ကျွန်မကသာ ကိုကို့ကို နေ့တိုင်း ပိုးကြေး ပန်းကြေး ရမ်တစ်လုံး သွားပေးရတာ၊ ဒါတောင် အဆိပ်သောက်သေမယ် ဆိုမှ ကိုကိုက ပြန်ကြိုက်တာ"

မိန်းမက ထိုသို့ ဝင်ပြောသည်။ မင်း ဘာတတ်နိုင်သေးလဲ ရွှေဇင်။ ထို့ပြင် မိန်းမသည် ကျွန်တော့်နားတွင် အတင်းပူးကပ်ထိုင်ကာ ကျွန်တော့် လက်ဖျားနှစ်ဖက်ကို ဆွဲယူဆုပ်ကိုင် ဖျစ်ညှစ်ထား၏။ တစ်ချက်တစ်ချက် တွင်လည်း ကျွန်တော့်မျက်နှာကို မဝနိုင်၊ မတင်းတိမ်နိုင်သော မျက်လုံးရွဲ ကြီးများနှင့် ငေးစိုက်ကြည့်နေပါသေးသည်။ (ထိုအကယ်ဒမီ သရုပ် ဆောင်ချက်များအတွက် သရုပ်ဆောင်ခ စိန်လက်စွပ်တစ်ကွင်းပါတဲ့)။

*

နောက်တစ်ညကျတော့ ကျွန်တော့်အိမ်မှာပါပဲ။ ကျွန်တော့်အိမ်က လွတ်လပ်သည်။ လူကြီးမိဘမရှိ၊ ဆိတ်ငြိမ်ရပ်ကွက်ထဲမှာမို့ အားနာစရာ မလို။ ယောကျ်ားကြီးများသက်သက် Stag Party မို့ မိန်းမက အလိုက် တသိ အမြည်းမျိုးစုံလုပ်ပေးပြီး သူ့မိဘများအိမ် သွားအိပ်သည်။

ဟိုကောင်တွေကလည်း သူတို့မိန်းမတွေ ခေါ်မလာတော့။

"စိုးနောင် မင်း ဘာဖြစ်လို့ အရက်မသောက်တော့တာလဲ"

"တော်ပြီလေကွာ၊ ဘဝသက်တမ်းတစ်ဝက်ကျော်ကျော် သောက်ခဲ့ပြီးပြီ မဟုတ်လား။ အသက်တွေလည်း မငယ်ကြတော့ဘူးလေ။ အခုဆိုငါ့မှာက မြေးနှစ်ယောက်၊ ခိုင်ထွေးကိုလည်း သနားလို့ပါ"

"ဟိုကောင် တောသားကတော့ မင်းနဲ့ပြောင်းပြန်၊ ခုမှ သူက နက်ကတိုင်နဲ့ ဝီစကီနဲ့ ဂေါက်ရိုက်ရတာနဲ့၊ တစ်ခါတော့ သူနဲ့ ဂေါက်ကွင်းကို လိုက်သွားမိပါတယ်။ ဘယ်ဂေါက်ရိုက်တာမှ မဟုတ်ဘဲ မြက်ခုတ်နေတာကွ"

စောဝင်းက ကျွန်တော့်ကို ထဆဲသည်။ ဤသို့လျှင် သောက်လိုက်စားလိုက် အကွက်ဝင်လာလျှင် အချင်းချင်း နှိပ်ကွပ်လိုက်ကြနှင့် တဖြည်းဖြည်း မူးကုန်ကြသည်။ အမှန်က ကျွန်တော်တို့အရွယ်တွေသည် အရက်မသောက်သင့်တော့သော အရွယ်တွေ ဖြစ်၏။ ကိုယ်ကိုယ်တိုင်လည်း ဆရာဝန်တွေမို့ သိကြသည်။ ဒါပေမဲ့ အသိခေါက်ခက် အဝင်နက်နေကြသည်။ စိုးနောင်ပြောသလို အရက်ကို စိတ်ကြိုက်သောက်ပြီးကြပြီပဲ တော်လောက်ပြီပေါ့။ နိုင်နေတုန်း အနိုင်မပိုင်းသင့်ပေဘူးလော။

၅၅၊ ၅၆ ဆိုသောအရွယ်သည် သိပ်တော့မငယ်တော့ပါ။ ကျွန်တော် သိသမျှသော ငယ်သူငယ်ချင်းတိုင်းလိုလို၌ သွေးတိုး၊ ဆီးချို၊ နှလုံး စသည့် လူကြီးရောဂါတစ်ခုခုတော့ ကိုယ်စီရှိနေကြသည်။ ကျွန်တော် ငယ်စဉ်က အလွန်တေပေပါသည်။ သို့သော် သူတို့လို ထိုရောဂါများ မရှိသေး။ ခုချိန်ထိ ဘတ်စ်ကား တိုးစီးနိုင်တုန်း၊ ရန်ကုန်မြို့လုံးအနှံ့ တစ်နေ့တည်းနှင့် တာမွေ၊ ဗဟန်း၊ သုဝဏ္ဏ၊ ရေကျော်၊ ဗိုလ်တထောင်နှင့် မြို့တွင်းမှ လမ်းတကာလှည့်ကာ တစ်လမ်းဝင် တစ်လမ်းထွက် စာမူများ ပေးနေနိုင်တုန်း ဖြစ်၏။ စိုးနောင်လို နိုင်ငံခြားတွင် ကိုယ်ပိုင်

ဆေးရုံတစ်ရုံနှင့် သားကော၊ သမီးကောပါ ဂုဏ်သိက္ခာရှိရှိ အလုပ်ကိုယ်စီနှင့် အပူအပင်မရှိသော အဘိုးတစ်ယောက်က ထိုသို့ ပြောလာပြီဆိုတော့ ဥမမယ် စာမမြောက် သမီးတစ်ယောက်နှင့် ကျွန်တော် စဉ်းစားရလေပြီ။ ကျွန်တော် ဆက်မိုက်သင့်ပါသလော။

"ဟော့ကောင် ကျော်စွာ၊ မင်းမှာ သီချင်းရှင်ကို ကြင်နာပါ ဗွီစီဒီအခွေရှိလား။ ငါ ကာရာအိုကေတစ်ပုဒ်လောက် မင်းတို့ကို ဟဲပြမလို့"

"ဟာ... ဟာ... စောဝင်းရာ၊ မင်းကွာ ငါကျွေးတဲ့ ထမင်းတွေစားပြီးမှတော့ ထမင်းရှင်ကို ညာတာသင့်တယ်။ ငါ့ကို ရပ်ကွက်နဲ့ ရန်တိုက်မပေးပါနဲ့လား။ နောက်ပြီး ကိုင်ဇာ့ကို ဘယ်လောက် အားနာဖို့ကောင်းလဲ"

ဒါတော့ သည်းခံယောက်ဖရေ့။ တစ်ခါ ခံစားပြီးကတည်းက ငါ မှတ်သွားလို့ မှတ်လည်း မှတ်ထားပါတယ်။ ထို့ကြောင့် သူ့ထက်ဦးအောင် ဗွီစီဒီစက်ထဲသို့ အခွေတစ်ခွေ ကောက်ထည့်လိုက်ရသည်။ အခွေက Fantastic Voygage ဆိုသော သိပ္ပံဇာတ်ကား ဖြစ်သည်။

ဦးနှောက်သွေးကြောထဲတွင် သွေးခဲတစ်ခဲ ပိတ်ဆို့နေသော လူနာတစ်ဦးအား ဆရာဝန်အဖွဲ့က သွားကယ်သည့်ဇာတ်လမ်းဖြစ်သည်။ သူတို့ကို ရေငုပ်သင်္ဘောလို ယာဉ်တစ်စီးထဲဝင်ပြီး ရောင်ခြည်တစ်မျိုးနှင့် ထိုးလိုက်သောအခါ အားလုံးသည် ရောဂါပိုးမွှားများထက်ပင် ပိုမိုသေးငယ်သွားကြ၏။ ထို့နောက် သွေးကြောထဲသို့ ထိုးသွင်းပြီး ဦးနှောက်ဆီသို့ အရောက်သွားစေသည်။

အံ့ဖွယ်ခရီးပေါ့။ လမ်းတွင် သူတို့သည် လူနာ၏ နှလုံး၊ ကျောက်ကပ်၊ အသည်း စသော နေရာမျိုးစုံကို ရောက်ခဲ့ကြသည်။ လူနာ၏ သွေးဥနီ၊ သွေးဥဖြူနှင့် ပဋိပစ္စည်းများ၏ တိုက်ခိုက်ခြင်းကိုလည်း ခံကြရ၏။

ဘာမှ ဓာတ်လမ်း မည်မည်ရရ မရှိပါ။ ကြည့်ကောင်းအောင် အထူးပြုလုပ်ချက်များနှင့် ရိုက်ထားခြင်း ဖြစ်၏။ တွေးစရာနှင့် သင်ခန်းစာ မပါသော ဓာတ်လမ်းဆုံးတော့ စိုးနောင်က ဒဿနဆန်ဆန် စကား တစ်ခွန်း ပြောလိုက်သည်။

"ငါတို့ကိုယ်ထဲမှာ သွေးနီဥကလေးတွေ ရှိသလို၊ ငါတို့ကိုယ်တိုင် ကကော အင်မတန်ကြီးမားတဲ့ သတ္တဝါကြီးတစ်ကောင်ရဲ့ အမှုန်အမွှား လေးတွေ ဖြစ်ချင်ဖြစ်နေမှာပေါ့။ သွေးနီဥတွေရဲ့ သက်တမ်းက ရက် ၁၂၀၊ ငါတို့ သက်တမ်းကတော့ နှစ် ၅၀၊ ၆၀၊ ၇၀ ဆိုရင် ပြီးပြီ"

ထိုအခါ နေမျိုးအောင်ကလည်း 'မျောက်တို့၏ ဂြိုဟ်ကမ္ဘာ' Planet of the Apes ဆိုသော ရုပ်ရှင်ကားတစ်ကားနှင့်ပတ်သက်၍ ပြောပြန်သည်။ ကျွန်တော်တို့၏ ကမ္ဘာကြီးတွင် သတ္တဝါတို့သည် တစ်လှည့်စီ အုပ်စိုးနေကြ၏။ လွန်ခဲ့သော နှစ်သန်းပေါင်း ၆၀ ခန့်က ကမ္ဘာပေါ်တွင် ဒိုင်နိုဆောသတ္တဝါကြီးများ အုပ်စိုးခဲ့၏။ အခု အသိဉာဏ်မြင့်မားသော လူတွေ အုပ်စိုးနေသည်။ နောင်တစ်ချိန်ချိန်တွင် ရုပ်ရှင်ထဲကလို မျောက်တွေ၊ မျောက်ဝံတွေက မအုပ်စိုးနိုင်ပါပြီလော။ စောဝင်းက မူးမူးနှင့်...

"ဒါလည်း ဖြစ်နိုင်တာပဲ၊ အခုတောင် ရွှေဖင့်ကို ကြည့်ပါလား၊ လက်တံရှည်ရှည်နဲ့ မျောက်ဝံလို ဖြစ်နေပြီ၊ မင်းတို့ သည်ကောင်ရပ်နေ တဲ့အခါ သေသေချာချာကြည့်၊ လက်ဖျားက ဒူးဆစ်ကို ကျော်တယ်"

"အေး... အဲ့ဒါ ဘာဖြစ်လဲ၊ ငါ့အလှည့်ရောက်လာလို့ကတော့ကွာ စောဝင်းလို အသားမည်းမည်း မျက်စိမှေးမှေးနဲ့ကောင်တွေ၊ ကျော်စွာလို ပစ်တိုင်းထောင် အရပ်လောက်နဲ့ကောင်တွေ၊ နေမျိုးအောင်လို ဆယ်ပြား စေ့မျက်နှာမှာ ယုန်သွားနှစ်ချောင်းနဲ့ကောင်တွေ အကုန်ဖမ်းပြီး 'သင်း' ပစ်မယ်"

သည်လိုနဲ့ပဲ တစ်ညကုန်ဆုံးတော့မည်။ အခု သူငယ်ချင်းတွေ ပြန်ဆုံကြတာက ဆရာဝန်ဘွဲ့ရပြီး နှစ်အစိတ်ကြာမှ ဖြစ်သည်။ နောက် နှစ်အစိတ်ဆိုလျှင် ခုလို လူစုံနိုင်ပါဦးမည်လော။ စိုးနောင်ပြောသလို ကျွန်တော်တို့၏သက်တမ်း ၇၅ နှစ်မပြည့်မီ ပေါက်ကွဲ ပျက်စီးသွားခဲ့ သော်...

ပြန်ခါနီးတော့ စောဝင်းက ဘယ်လိုမှ တောင်းပန်၍ မရဘဲ သီချင်း တစ်ပုဒ်ကို ဟဲဖြစ်အောင် ဟဲသွားသေး၏။ သီချင်းနာမည်က 'ကိုယ်တိုင် ရေး ပုံတူ'။

*

အရက်မူးနေသော်လည်း ကျွန်တော် အိပ်လို့မရပါ။ မျက်လုံး ကြောင်ပြီး အတွေးတွေ ပွားနေမိသည်။ သူငယ်ချင်းများ၏အသံကို နားထဲမှာ ကြားယောင်နေသည်။ စောဝင်းဆိုသွားသော ချစ်ကောင်း၏ 'ကိုယ်တိုင်ရေးပုံတူ' ချစ်ဖူးတယ် ချစ်ဖူးတယ် အို မလွယ်ဘူး ရှုးနိုင်တယ် တဲ့။ သီချင်းထဲကလို...

ချစ်ဖူးတဲ့သူတစ်ယောက်အတွက် နှလုံးသား ထုချေလွှာတွေ လိုလို့ လားကွယ်။ ဘဝရယ်လို့ ဖြစ်လာကတည်းက အချစ်ဆိုတာက ကပ်ပါ လာတာလား။ ဒါမှမဟုတ် အချစ်ကပဲ ဘဝကို ဖြစ်စေသတည်းလို့ အမိန့်ပေး ဖန်တီးလိုက်တာလား ကျွန်တော် မသိပါ။ ဒါပေမဲ့ ရှုးသွပ်စွာ ရှုးမူးစွာ 'ချစ်ဖူးတယ် ချစ်ဖူးတယ်' ဟု ခတ်ပြားတစ်ချပ် အပ်ကြောင်း ထပ်နေသလို (အပ်ကို နေရာရွှေ့ပေးမည့်သူ မပေါ်လာမချင်း) ရင်ကွဲ လုမတတ် အော်နေခဲ့ဖူးပါသည်။

ကိုယ့်ဘဝကို နင်းချေသွားသူ၊ ရင်ကိုခွဲပြီး အသည်းကို နုတ်ယူသွား သူ တစ်ယောက်ပေးခဲ့သော အဆိပ်ရည်သည် ပျားရည်ထက် ပိုချိုသည်ဟု

မှတ်ခဲ့၏။ ဘယ်ကလောက် မိုက်မဲရူးသွပ်သော ကျွန်တော်ပါနည်း။ အခုတော့ ကြမ်းခန်း၊ လွမ်းခန်းတွေ မပြတ်စုံလင်ခဲ့သော အချစ်နဲ့ ကျွန်တော့်ရဲ့ ဒီပြဇာတ်သည် ပွဲသိမ်းဖို့အချိန် ရောက်လာပါပြီ။ သို့သော် ဟိုစဉ် ရူးသွပ်နေချိန်ကလိုတော့ "သေငယ်ဇောနဲ့ မြောနေသည့်တိုင် ချစ်နေဦးမယ့်သူပါကွယ်"ဟုတော့ မပြောနိုင်တော့ပါ။

ကျွန်တော်သည် လူ့ဘဝသက်တမ်း တစ်ဝက်ကျော်ကျော်ကို ရီဝေဝေ ယစ်တစ်တစ် မူးတူးတူး ပေတေတေ ဖြတ်ကျော်လာခဲ့၏။ အင်မတန်ကြီးမားသည့် ကံကြမ္မာကောင်ကြီး၏ သန်းပေါင်း ၆,၀၀၀ ကျော် သွေးနီဥကလေးများနှင့် အတူရောနှောကာ သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ သွေးကြောခက်မြွာလေးများတစ်လျှောက် ခြေရာချင်းထပ် နေရာစုံရောက်ခဲ့၏။ ဘဝစုံ ကြုံခဲ့၏။

ကျွန်တော့်သက်တမ်းစေ့ရန် နာရီလက်တံတွေသည် မညှာမတာ ရွေ့လျားချီတက်နေကြ၏။ အရေအတွက် ကိန်းဂဏန်းတို့သည် မျက်စိအောက်မှာပင် တဖြည်းဖြည်း သေးငယ်အငွေ့ပျံနေကြ၏။ နောင်ဘဝတွင် ကျွန်တော်သည် အုပ်စိုးသူနှင့် အုပ်စိုးခံ အဘယ် ဝေနေယျသွားမည်နည်း။ ကျွန်တော့်ကိုယ်တိုင်ရေး ပုံတူမှာလည်း...

ကျွန်တော်သည် ချစ်ဖူးတယ် ရူးသွပ်ခဲ့ဖူးတယ် အပျက်အပျက်နှင့် အသည်းအက်အက်က သွေးစက်စက် ထွက်ခဲ့ဖူးတယ်။

ရင်ခုန် ချစ်ခဲ့ဖူးတယ်၊ တွက်ချက် ချစ်ခဲ့ဖူးတယ်၊ ရမ္မက်ပြင်းနဲ့ ချစ်ခဲ့ဖူးတယ်၊ ညစ်ပတ်ချစ်ခဲ့ဖူးတယ်၊ ဖြူစင်စွာ ချစ်ခဲ့ဖူးတယ်၊ ရိုးဂုဏ်နဲ့ ချစ်ခဲ့ဖူးတယ်၊ ပေးဆပ် ချစ်ခဲ့ဖူးတယ်၊ ဝယ်ယူ ချစ်ခဲ့ဖူးတယ်၊ အရောင်မျိုးစုံနဲ့ ချစ်ခဲ့ဖူးတယ်။

အလှဆုံးမိန်းမ၊ အရက်စက်ဆုံးမိန်းမ၊ ပညာအတတ်ဆုံးမိန်းမ၊ အချမ်းသာဆုံးမိန်းမ၊ အဆင်းရဲဆုံး မိန်းမ၊ ရမ္မက်အပြင်းဆုံးမိန်းမ၊ အရိုး

သားဆုံးမိန်းမ၊ မာယာအပလိန်းနဲ့မိန်းမ၊ အမျိုးစုံသောမိန်းမ၊ အားလုံးသောမိန်းမ။

ချစ်ဖူးတယ် ချစ်ဖူးတယ် အို... မလွယ်ဘူး ရူးနိုင်တယ်။

*

နောက်ဆုံးတော့ ကျွန်တော် အိပ်ပျော်သွားသည်။ ကျွန်တော် အိပ်နေစဉ် အိပ်မက်မက်သည်။ ကျွန်တော်သည် ၁၀ နှစ်သားအရွယ်ကောင်လေးတစ်ယောက် ဖြစ်နေသောကြောင့် ဒါ အိပ်မက်ပဲဟု သိလိုက်ပါသည်။

ကျွန်တော်သည် အိပ်မက်ထဲတွင် တစ်ခါသုံး ဆေးထိုးအပ်ကလေးတစ်ချောင်းကိုင်ကာ ကျွန်တော့်ထက်ငယ်သော ကောင်မလေးတစ်ယောက်နှင့် ဆရာဝန်လုပ်တမ်း ကစားနေပါသည်။ သူကလေး၏မျက်နှာကို ကျွန်တော် ကောင်းစွာရင်းနှီးနေပါသည်။ သူကလေးသည် ကျွန်တော့်အိပ်မက်ထဲက ထာဝရမင်းသမီးလေး ဖြစ်ပါသည်။

ကျွန်တော်တို့ကစားနေစဉ် အိမ်ထဲက အမေထွက်လာပြီး ကျွန်တော့်ကို စိုက်ကြည့်နေသည်။ အမေ့ကိုမြင်တော့ ကျွန်တော် ပြေးသွားပြီး အမေ့ခါးကို ဖက်လိုက်သည်။ အမေက ကျွန်တော့်ခေါင်းကို ပွတ်သပ်ပေးပြီး ကျွန်တော့်ဆံပင်များကို ဖွကစားနေပါသည်။

အိပ်မက်ဆိုသည်မှာ အသံများ မကြားရပါ။ သို့သော် အမေက သားလေး ထမင်းစားတော့မလားဟု မေးတာကို ကျွန်တော် သေသေချာချာ ကြားရပါသည်။ ကျွန်တော်က အမေ့ခါးကို ဖက်ထားရင်းနှင့် အမေ့ကို မော့ကြည့်လိုက်သောအခါ အမေ မရှိတော့ပါ။ အမေ့နေရာတွင် ကျွန်တော့်မိန်းမ ရောက်နေပါသည်။

*

ကျွန်တော် အိပ်မပျော်ခင်က ဘုန်းကြီးကျောင်းမှ ကုလားတက်ခေါက်သံများကို ကြားခဲ့သဖြင့် ကျွန်တော် အိပ်ပျော်သွားချိန်သည် မနက် ၄ နာရီထက်တော့ မစောပါ။ သို့သော် အိမ်တံခါးကို တဒုန်းဒုန်းထုနေသံများကြောင့် ကျွန်တော် နိုးလာရသည်။ နာရီကို ကြည့်တော့ မနက် ၆ နာရီ ရှိနေပေပြီ။

လူနာတစ်ယောက် အသည်းအသန် ဗိုက်နာနေသောကြောင့် လာနှိုးခြင်းဖြစ်၏။ ကျွန်တော့်ခေါင်းသည်လည်း အရက်နာကျပြီး အလွန်ပဲ ကိုက်ခဲနေပါသည်။ ကျွန်တော် သူ့ကို လိုအပ်သည့်ဆေးများ ထိုးပေးပြီး မသက်သာပါက ဆေးရုံသွားဖို့ ပြောလိုက်ပါသည်။ ထိုမျှပဲ ကျွန်တော် တတ်နိုင်ပါသည်။

နှစ်ပေါင်းများစွာ ကိုယ့်ကိုယ်ကိုယ် မပိုင်သော၊ စိတ်ချလက်ချ မအိပ်နိုင်သော၊ သူများအပူကို ကိုယ့်အပူလုပ်နေရသော 'ဒီ ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝ' ဆိုသည့် အလုပ်ကြီးကို တော်တော်ပဲ ငြီးငွေ့လှပါပြီ။ ကျွန်တော်သာ ရုတ်တရက်ချမ်းသာလာလျှင် စာရေးသည့် အလုပ်ကလွဲလို့ ဘာအလုပ်မှ မလုပ်တော့ဘဲ အေးအေးဆေးဆေးနေတော့မည်ဟု စိတ်ကူးမိသည်။

အိပ်ရေးမဝ၍ ကျွန်တော် ခေါင်းတွေမူးပြီး မတရားလည်း ခေါင်းကိုက်နေပါသည်။ ထို့ကြောင့် အရက်နာကျသူတွေ လုပ်နေကျထုံးစံ လက်ကျန်အရက် သုံးပက်ခန့်ကို ရေမရောဘဲ တစ်ရှိန်ထိုး မော့ချလိုက်သည်။

ကျွန်တော့်ကို နောက်ထပ် လာနှိုးမည့်လူနာလည်း မရှိနိုင်တော့ဟု မျှော်လင့်မိသည်။ အရက်ရှိန်တက်လာသောအခါ ရီဝေဝေနှင့် အဓိပ္ပာယ်မရှိသောအတွေးတစ်ခုကို ကျွန်တော် သွားတွေးမိသည်။

အသက် ၅၅ နှစ်အရွယ် ဒေါက်တာကျော်စွာ ဆိုသော ကျွန်တော်

သည် ဆရာဝန် သိပ်ဖြစ်ချင်နေသော ၁၀ နှစ်သားကောင်လေး တစ်ယောက်အကြောင်းကို အိပ်မက်မက်နေသည်လော သို့မဟုတ် ထို ၁၀ နှစ်သား ကောင်လေးသည် သူ့ကိုယ်သူ ဆရာဝန်ဖြစ်ပြီး သူ့အိပ်မက် မင်းသမီးနှင့် အိမ်ထောင်ကျသွားပြီဟု အိပ်မက် မက်နေသည်လော။

နွယ်နီမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၂၀၀၉

❑

## ကြုံဆိုပါသည်

- ကိုရိုးကွန့် -

ကျွန်တော်တို့စုံတွဲ လမ်းလျှောက်လာလျှင် လုပ်ဖော်ကိုင်ဖက်များက ဘဲဥ ကျီးကန်းချီလာသည်ဟု နောက်ပြောင်ကြသည်။ ပြောလည်းပြောစရာပင် ကျွန်တော်က ညိုသည့်အဆင့်မှကျော်၍ မည်းသောအဆင့်သို့ ရောက်သည်။ တချို့ကဆိုလျှင် မညှာမတာဖြင့် 'သပိတ်ရောင်ထနေသည့်' ဟု ချိုးချိုးဖွဲ့ဖွဲ့ပြောကြသည်။ ဟုတ်မှန်နေသဖြင့် ဒေါသထွက်ရန် ခက်ခဲလှသည်။

ကျွန်တော့်ဇနီး(ပြုံး)က ကျွန်တော်နှင့် ဆန့်ကျင်စွာ ဖြူဖွေးသည်။ အကြောစိမ်းလေးတွေ မြင်ရလောက်အောင် ဖြူသည်။ တချို့သော အသားဖြူသူများသည် အသားအရေ ပွစိစိကြီးဖြစ်သည်။ ပြုံးက သည်သို့မဟုတ်။ နုညက်အိစက်၍ ဖြူသည်။

ယင်းကြောင့် တချို့က ကျွန်တော်တို့စုံတွဲကို ဘိုလိုမှတ်၍ စကြသည်။

"ဘလက်အင်ဝိုက်" ဟူ၍။

*

အဖြူအမည်း ဆန့်ကျင်နေသလို မွေးဇာတိများမှာလည်း တောင်နှင့် မြောက် ကွာလှမ်းလှသည်။ ကျွန်တော်က အညာသား၊ မင်းဘူးသား။ ပြုံးက အောက်သူ၊ တနင်္သာရီသူ။

နဖူးစာရွာလည်းဟု ဆိုလေမည်လား။

အစိုးရအလုပ်တာဝန်ဖြင့် တနင်္သာရီမြို့သို့ ကျွန်တော် ပြောင်းရွှေ့ရသောအခါ ပြုံးတို့အိမ်တွင် ထမင်းလခပေး၍ စားဖြစ်သည်။ ဤတွင် ပြုံးနှင့် တွေ့သိ၏။

ပြုံးကို မြင်လျှင်မြင်ချင်း ချစ်ခဲ့သည်ဟု ဆိုရပါမည်။

ကျွန်တော်သည် ချစ်ရမည်ကို ဝန်မလေးသော်လည်း ချစ်စကားပြောကြားရန်မှု အလွန်ဝန်လေးသည်။ မိန်းကလေးများနှင့် စကားပြောရမည်ကို ကြောက်တတ်သော စိတ္တဇလည်း ကျွန်တော့်တွင်ရှိသည်။ ရိုးရိုးသားသား စကားပြောလျှင် မထစ်သော်လည်း ဆန်းဆန်းပြားပြား ချစ်စကားဆိုတော့မည်ကြံလျှင် စကားတွေ ထစ်နေတော့၏။ ပြောဖို့မဆိုထားဘိ။ နာမည်ခေါ်ရန်ပင် အလွန်အမင်း အားအင်စိုက်ရသည်။

ကျွန်တော့်သတ္တိကို ဤမျှလောက် ဖော်ပြလျှင် သိလောက်ပါပြီ။ ပြုံး၏သတ္တိကိုလည်း ကြည့်ပါဦး။

အေးချမ်းငြိမ်သက်သော တနင်္သာရီမြို့လေးတွင် အိမ်သား တစ်စုံတစ်ဦးမပါဘဲ အပြင်ထွက် လမ်းမလျှောက်ဖူးပါဟု ဆိုသည်။ မဝေးလှသော ဈေးသို့ တစ်ယောက်တည်း မသွားရဲသလို အလှမ်းမကွာသော တနင်္သာရီမြစ်ထဲသို့ဆင်း၍ ရေမချိုးဝံ့။ အရှက်အကြောက်ကြီးသဖြင့် အိမ်တွင်ပင် သစ်သားစည်ထဲမှ ခပ်ချိုးသည်။

ပြုံးကို အနုံ အ,အမလေး၊ အပျင်းအိုးလေးဟု မထင်ကြပါနှင့်။

အလွန်အလုပ်လုပ်သော ကောင်မလေးဖြစ်သည်။ အိမ်ပြင်မထွက်ဝံ့သူမို့ အိမ်တွင်းတာဝန်များသည် ပြုံးခြေ ပြုံးလက်နှင့် မကင်းပေ။

ပြုံးတို့မှာ မောင်နှမသားချင်း ကိုးယောက်ရှိသော အိမ်ထောင်ကြီးဖြစ်သည်။ ဤမိသားစုစားဖို့နှင့် ကျွန်တော်တို့စားဖို့အတွက် နေ့စဉ်နှင့်အမျှ စီမံချက်ပြုတ်သူမှာ ပြုံး ဖြစ်သည်။

ပြုံးတို့ တစ်အိမ်သားလုံးတွင် ကိုယ်ပိုင်စီးပွားရေးရှိသည်။ အဖေ၊ အမေက ကွမ်းသီးခြံနှင့် ကော်ပတ်(ရာဘာ)ခြံများ ပိုင်ဆိုင်သည်။ ပြုံး၏အစ်ကို၊ အစ်မများတွင် အရောင်းအဝယ်လုပ်ငန်းကိုယ်စီ ရှိသည်။

ပြုံးကလည်း မခေပေ။ သူတို့အိမ်တွင် ဖွင့်ထားသော ကက်ဆက်ခွေအငှားဆိုင်မှာ ပြုံး၏ကိုယ်ပိုင်ဖြစ်သည်။ သည့်အပြင် မိန်းမဝတ်အင်္ကျီနှင့် ကလေးဝတ်အင်္ကျီ အပ်ထည်များကိုလည်း လက်ခံချုပ်လုပ်သေးသည်။ ပြုံးမို့သာ အလုပ်များကို ဇယ်ဆက်သလို မပြတ်တမ်း လုပ်နိုင်ပါပေသည်။ မရှက်မကြောက် ဝန်ခံရလျှင် ပြုံးနှင့် ညားပြီးသည့်နောက်ပိုင်းတွင် ကျွန်တော့်ဆံပင်ကိုပင် ပြုံးကိုယ်တိုင် ညှပ်ပေးပါသည်။

မယုံမရှိပါနှင့်။ အပြင်ဆိုင်တွင် ညှပ်ရသည်ထက် ပြုံးညှပ်ပေးသည့် ဆံပင်ပုံစံက ပိုကောင်းသည်။

*

ပြုံးနှင့် ကျွန်တော် မည်သို့မည်ပုံ ချစ်သွားသည်ကို သိလျှင် အလွန်အံ့သြကြမည်။

ပြုံးသည် အချက်အပြုတ်တာဝန်ကိုသာ ယူသည်။ စားပွဲထိုးတာဝန်ကို မယူ။ စားပွဲထိုးခြင်းကို ပြုံး၏ညီမငယ်နှင့် မောင်ငယ်တို့သာ လုပ်ဆောင်သည်။ ကျွန်တော်တို့ ထမင်းသွားစားလျှင် ပြုံးကို တွေ့ရသည်မှာ စက်ခုံပေါ်တွင်သာ ဖြစ်၏။ ကလေးတွေ မအားမလပ်မှသာ ပြုံးက တာဝန်ယူလုပ်ဆောင်ပေးသည်။ ထိုအခါ အရှက်အကြောက်ကြီးသော ပြုံးသည် စကားတစ်လုံးမပြော။ မျက်လွှာလေးချလို့၊ ကျွန်တော်

တို့လည်း မျက်လွှာလေးတွေချလို့။

ကျွန်တော့်သူငယ်ချင်းနှစ်ယောက် မည်သည့်နေရာသို့ ကြည့်သည်တော့ ကျွန်တော် မသိ။ ကျွန်တော်ကမူ မျက်လွှာချလျက်နှင့် ပြုံး၏ ခြေဖမိုး ဝင်းဝင်းဝါဝါလေးကို ကြည့်နေမိသည်။ မျက်လွှာချထားသည်မို့လည်း ထို့ထက် အထက်တက်ကြည့်၍ မရပေ။ မြင်နေရသော ခြေမိုးနှင့် ခြေချောင်းလေးတွေကပင်လျှင် အတော်လေး တပ်မက်စရာကောင်းသည်။ ခြေဖမိုးလေးက ခုံးမို့တက်နေသည်။ ခြေချောင်းလေးများမှာ အရိုးအဆစ်ကင်းသည့်အလား ပြေပြစ်လုံးချောနေသည်။ သဘာဝအတိုင်း နီတာနေသော ခြေသည်းလေးများက ရှည်သွယ်သွယ်လေးတွေဖြစ်သည်။

ကျွန်တော့်သူငယ်ချင်းနှစ်ယောက်သည် နည်းနည်းပါးပါးသောက်တတ်သည်။ သူတို့သောက်မည့်ညနေဆိုလျှင် ပြုံးတို့အိမ်သို့လိုက်၍ ထမင်းမစားတော့ပေ။ ချိုင့်ယူစားသောကြောင့် ကျွန်တော် တစ်ယောက်တည်း သွားစားရသည်။ (ဤသို့ အသောက်အစားကင်းခြင်းသည်ပင်လျှင် အခြားနှစ်ယောက်ထက်ပို၍ ကျွန်တော်က အမှတ်များရသွားကြောင်း ညားပြီးသည့်နောက်ပိုင်းတွင် ပြုံး ပြောပြ၍သိရသည်။)

တစ်ခုသော ညနေခင်းတွင် ကျွန်တော့်သူငယ်ချင်းနှစ်ယောက်လည်း အဖော်ကောင်း၍ အသောက်ဘက်ပါသွားသဖြင့် ထမင်းလိုက်မစား။ ပြုံး၏ညီမငယ်နှင့် မောင်ငယ်များလည်း မြို့တ်သို့ တက်သောကာလ။ ထမင်းစားခန်းထဲတွင် ပြုံးနှင့် ကျွန်တော်သာ ရှိသည်။

ထုံးစံအတိုင်း ကျွန်တော်တို့နှစ်ယောက်လုံး မျက်လွှာလေးတွေချ၍ မိမိလုပ်စရာ၊ စားစရာရှိသည်တို့ကိုသာ လုပ်ကြ၏။ ပြုံးသည် ဟင်းလာထည့်ရုံသာ အနားလာသည်။ တစ်ကြိမ်တွင် အတို့အမြုပ် ပန်းကန်ထဲမှ နွမ်းနယ်နေသော အရွက်တချို့ကို ရွေးချယ်ဖယ်ရှား၍ အသစ်လဲလှယ်

ထည့်နေရသဖြင့် ပြုံးသည် အချိန်အနည်းငယ်မျှ ကြာမြင့်အောင် ရပ်နေသည်။

ကျွန်တော့်စိတ်တွင် မည်သို့ဖြစ်လာသည်မသိ၊ ပြုံး၏ခြေချောင်းလေးများကို ထိတို့ချင်စိတ် ပေါ်ပေါက်လာသည်။ ထို့ကြောင့် ကျွန်တော့်ခြေချောင်းများကို ပြုံး၏ခြေချောင်းနား မသိမသာ တို့ထိကြည့်သည်။ ရင်တွေခုန်၍ လက်တွေတုန်နေသည်။ ပြုံးက ကျွန်တော့်ကို တစ်ချက်စွေကြည့်ကြောင်း သိလိုက်သည်။ ပြုံးက ဘာမျှမပြောသဖြင့် ထပ်တိုး၍ထိလိုက်သည်။ ဖော့ဖယောင်းနှင့် ထိရသလို နူးညံ့အိစက်သော အတွေ့အထိကို ရရှိသည်။ ပြုံး စိတ်ဆိုးသွားမှာ စိုးထိတ်မိသည်။ ခြေချောင်းချင်း မခွာသေးဘဲ ပြုံးကို မရဲတရဲ မော့်ကြည့်လိုက်သည်။ ပြုံးမျက်နှာပြင်တွင် စိတ်ဆိုးသော လက္ခဏာကို မတွေ့ရပေ။ အရည်လဲ့နေသော ပြုံး၏ မျက်လုံးအိမ်ထဲတွင် ချစ်ရိပ်ချစ်ငွေ့တို့ကို ရှာဖွေမိသည်။

ရှက်သွေးကဲ၍ ရဲနေသော မျက်နှာလေးကို ကွယ်ဝှက်၍ ပြုံးသည် အနားမှ ထွက်ခွာသွားသည်။ ပြုံး၏သဘောကို ကျွန်တော်သိသလို ကျွန်တော့်မနောကိုလည်း ပြုံးရိပ်စားမိသွားသဖြင့် ကျေနပ်သည်။ (ထိုနေ့က ထမင်းကို ဆက်လက်စားခဲ့သော်လည်း ဝမ်းထဲသို့ မည်သို့မည်ပုံ ဝင်သွားကြောင်း ကျွန်တော် မသိလိုက်ပါ။)

နောက်နောင် ကြုံကြိုက်တိုင်း (လူလစ်တိုင်း) ဤသို့ ခြေချောင်းချင်း ထိတွေ့သည်၊ မျက်လုံးချင်း ကြည့်ကြသည်။ ထို့ထက်မူ နှစ်ဦးလုံး မပိုကြ။

နှုတ်အားဖြင့် စကားတစ်လုံး မဆိုကြသော်လည်း ကျွန်တော် ချစ်ခွင့်ပန်နေသံကို ပြုံး ကြားသိနိုင်သည်။ ပြုံး၏ ချစ်အဖြေပေးသံကိုလည်း ကျွန်တော့်စိတ်ထဲတွင် အလိုလို ကြားသိနေမိသည်။

ကျွန်တော်တို့ ဤသို့ ခြေချောင်းချင်း ချစ်စကားပြောသည်ကို

မည်သူမျှ မရိပ်မိကြပေ။ ကျွန်တော်တို့ချင်းကတော့ အတော်ဟုတ်နေကြပြီ။

*

ပြုံးနှင့်ကျွန်တော် ချစ်နေပြီဆိုသည့်အကြောင်းကို ကျွန်တော့်သူငယ်ချင်းနှစ်ဦးအား ပြောပြသောအခါ အလွန်အံ့သြကြသည်။ လုံးဝမယုံကြည်ကြပေ။ ကျွန်တော်က ကျွန်တော်တို့၏လျှို့ဝှက်ချက်ကို ဖွင့်ပြောသောအခါ အတောမသတ်အောင် ရယ်ကြ၏၊ ချီးမွမ်းသြဘာပေးကြ၏။

ထိုမှတစ်ဆင့် ပြုံးမိဘများထံ ကျွန်တော့်ရုံးမှ သက်ဆိုင်ရာလူကြီးများနှင့်အတူ သွားရောက်၍ တောင်းရမ်းသည်။ ကျွန်တော့်အကြောင်းအတော်အတန်သိသော ပြုံးမိဘများက သဘောတူ ကြည်ဖြူကြသည်။

ဤသို့ဖြင့် လက်ထပ်ဖြစ်သည်။ ကျွန်တော့်မင်္ဂလာပွဲသို့ ကျွန်တော့်မိဘများ မလာရောက်နိုင်ပေ။ ကျွန်တော့်မိဘများသည် ကားစီးလျှင်မူးဝေအော့အန်တတ်သည်။ လာမည်ဆိုလျှင် မင်းဘူးမှ မကွေးသို့ မော်တော်ဖြင့် ကူးရမည်။ မကွေးမှ ရန်ကုန်သို့ ကားစီးရမည်။ ရန်ကုန်မှ မြိတ်သို့ ကမ်းရိုးတန်းသွား သင်္ဘောဖြင့်ဖြစ်စေ၊ လေယာဉ်ပျံဖြင့်ဖြစ်စေ သွားရမည်။ မြိတ်မှ တနင်္သာရီသို့ စက်လှေဖြင့် ခရီးဆက်ရဦးမည်။ မူးမော်တတ်သော ကျွန်တော့်မိဘများမှာ ထိုခရီးရှည်ကြီးကို လာရန်မဖြစ်နိုင်ပေ။ ကျွန်တော့်ယောက္ခမများက နားလည်ခွင့်လွှတ်ကြပါသည်။

မင်္ဂလာပွဲသို့ ရေနံချောင်းမြို့တွင် ကျောင်းဆရာဖြစ်နေသော ကျွန်တော့်အစ်ကိုအကြီးဆုံး လူပျိုကြီးသာ မိဘများအစား လာရောက်သည်။

ရည်းစားစကားပြောနိုင်မှ၊ ရည်းစားစာပေးရဲသော သတ္တိရှိမှ မိန်းမရမည်ဆိုလျှင် ကျွန်တော့်တစ်သက်တွင် မိန်းမရတော့မည် မဟုတ်ပေ။ အရုက်အကြောက်တရား ကြီးမားသော ရွက်ပုန်းသီး အလှပိုင်ရှင် ပြုံး

သည်လည်း ကျွန်တော့်လို နူးညံ့ညင်သာသော ချစ်သင်္ကေတဖြင့် ချစ်ကြောင်း သရုပ်ဖော်ပြမည့်သူမရှိလျှင် ဤတစ်သက်တွင် ယောကျ်ား ရတော့မည်မဟုတ်။

နဖူးစာ ရှာလည်၍ တနင်္သာရီသို့ ရောက်လာသည်။ နတ်ရေးသည့် ဖူးစာကြောင့် ပြုံးနှင့် ကျွန်တော် ပေါင်းဖက်ရသည်။

ကျွန်တော့်ခေါင်းတွင် ဇွေနှစ်လုံးပါသောကြောင့် ကျွန်တော် ငယ်စဉ်က သူငယ်ချင်းများသည် "ဇွေနှစ်လုံး၊ စုန်းမယောကျ်ား" ဟု စခဲ့ကြဖူးသည်။ မင်းဘူးမှ ငယ်သူငယ်ချင်းများကိုတွေ့လျှင် လက်ခမောင်းခတ်ကာ ကြွေးကြော်လိုက်ချင်ပါသည်။

"ဟေ့... ဇွေနှစ်လုံး ပြုံးကြည်လှယောကျ်ားကွ"

ပြုံး၏နာမည်အရှည်မှာ ပြုံးကြည်လှ ဖြစ်သည်။ ကျွန်တော်က 'ပြုံး' ဟုသာခေါ်၏။ ကျွန်တော့်နာမည်မှာ မြတ်ထိုက် ဖြစ်သည်။ ပြုံးက ကျွန်တော့်ကို 'ကိုထိုက်' ဟု ခေါ်၏။

ပြုံးရေ၊ ကိုထိုက်ရေ ဟူသော သံစဉ်လေးသည် အလွန်အမင်း နားဝင်ပီယံ ဖြစ်လှသည်။ ကျွန်တော်တို့နှစ်ယောက်သည် တစ်သက်တွင် တစ်ယောက်သာ ချစ်ဖူးသည့် အချစ်ဦးချင်း ပေါင်းဖက်ရသောကြောင့် နှစ်ကိုယ့်တစ်စိတ် ဖြစ်သည်။ ချစ်စကားတွေ တတွတ်တွတ်ရွတ်ဆို၍ နှစ်ရှည်လများ ချစ်လာသော ချစ်သူများမဟုတ်သော်လည်း မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်သည်။

တစ်ဦးပျောက်လျှင် တစ်ဦးက ပတ်ချာလှည့်ရှာကြသောကြောင့် ပတ်ဝန်းကျင်က ရယ်မောကြသည်။

*

အိမ်ထောင်ကျပြီး တစ်နှစ်ကျော်အကြာတွင် ပြုံး၌ ကိုယ်ဝန်ရှိလာ

သည်။ ယခင်ကလို ပြုံးကို အိမ်အလုပ်များ မလုပ်စေတော့ပေ။ နားနား နေနေ အနေခိုင်းရ၏။

ဆောင်းဦးနံနက်ခင်းတစ်ခုတွင် ကိုယ်ဝန်ဆောင်သည် ပြုံး၏ လက်ကို ဆွဲကိုင်၍ တနင်္သာရီမြစ်ကမ်းနားတစ်လျှောက် လမ်းလျှောက် ခေါ်ခဲ့သည်။

မြစ်ရေသည်။ နွေနံနက်ခင်းတွင် ချိုးလျှင် အေးချမ်းမှုကို ပေး၍ ဆောင်းနံနက်ခင်းတွင် ချိုးလျှင် နွေးထွေးမှုကို ပေးသည်။ ယင်းကြောင့် နံနက်ခင်းဖြစ်သော်လည်း မြစ်ထဲရေချိုးသူ၊ ရေခပ်သူများဖြင့် တနင်္သာရီ မြစ်ကမ်းတစ်လျှောက် စည်ကားသည်။ မြစ်ဘေးဝဲယာတွင် တောင်စဉ် တောင်တန်း အထပ်ထပ်က မှိုင်းညို့နေသည်။ တောင်ကုန်းဆင်ခြေလျှော တစ်လျှောက်၌ ကွမ်းသီးပင်များ စိုက်ပျိုးထားသည်။

မြို့ရိုးအောက်ခြေတွင် ခေတ္တရပ်နား၍ နှင်းဖြူတို့ ကာဆီးထား သဖြင့် ထိပ်ပိုင်းကို မမြင်ရသော ရိုးမအလှကို ကြည့်သည်။ ဆောင်း လေအေးကြောင့် ပါးအို့လေးတွေ နီရဲလာသည့် ပြုံးကို အိမ်ပြန်ကြရ အောင်ဟု ခေါ်လိုက်သည်။ ပြုံးက ပြုံး၍ ခေါင်းညိတ်ပြသည်။

တနင်္သာရီမြို့ထဲတွင် ကတ္တရာလမ်းမရှိပေ။ မြေလမ်းသာ ရှိ၏။ လမ်းဘေးဝဲယာတစ်လျှောက်၌ ဖြန့်လှန်းထားသော ကွမ်းသီးများဖြင့် ပြည့်နေသည်။ မြေကွက်လပ်အလွတ်ဟူ၍ လုံးဝမကျန်။ နောက်ဆုံး ကျောင်းဝိုင်းထဲပင်လျှင် ကွမ်းသီးများ ဖုံးလွှမ်းနေသည်။

ကျောင်းကို ဖြတ်ကျော်လာသောအခါ ရှင်မအောင်သာကျောက် တိုင်သို့ ရောက်သည်။

"ကိုထိုက်၊ ခဏထိုင်ရအောင်နော်"

"ထိုင်လေ၊ ပြုံး မောပြီလား"

"မမောပါဘူး ကိုထိုက်ရယ်၊ ရှင်မအောင်သာကျောက်တိုင် တွေ့

တော့ ပြုံးရင်ထဲမှာ ဝမ်းနည်းသလိုဖြစ်လာလို့"

ကျွန်တော်သည် ရှင်မအောင်သာကျောက်တိုင်ကို သမင်လည်ပြန် လှည့်ကြည့်မိသည်။ ရှင်မအောင်သာဟူသော အမျိုးသမီးသည် ကိုယ် ဝန်ဆောင်ထားစဉ် ကွယ်လွန်၍ နတ်ဖြစ်သည်ဟု အရပ်ပြောစကားအရ ယေဘုယျသိရှိသည်။

ပြုံး၏ပခုံးလေးကို ဖေးမကိုင်တွယ်၍ သစ်မြစ်ဆုံပေါ်သို့ ညင်သာ စွာ ထိုင်စေလိုက်သည်။ ဆောင်းနေခြည်သည် ကျွန်တော်တို့၏ နောက် ကျောကို နွေးထွေးစေသည်။

"ပြုံးလေ ကိုထိုက်နဲ့ သေကွဲ ကွဲရမှာ သိပ်ကြောက်တာပဲ"

"အို... ပြုံးကလည်းကွာ၊ အလကား လျှောက်တွေးနေတယ်။ နိမိတ်မရှိ နမာမရှိတဲ့စကားတွေ ပြောမနေပါနဲ့။ လာ လာ ပြန်ကြ ရအောင်"

ပြုံးကို ဆွဲထူလိုက်သည်။

"ပြုံးလည်း ဘာမှမဖြစ်စေရဘူး၊ ကိုထိုက်လည်း ဘာမှမဖြစ်ဘူး။ ပြုံးက သားတွေ သမီးတွေ မွေးမယ်။ သာယာတဲ့ အိမ်ထောင်ကြီး ထူ ထောင်မယ်။ အိုအောင် မင်းအောင် ပေါင်းဖက်ကြမယ် ဟုတ်လား။ စိတ်ညစ်စရာ မတွေးနဲ့ ပြုံး"

ပြုံး၏ပခုံးပေါ်တွင် ရွဲ့စောင်းနေသော သိုးမွေးအင်္ကျီကို ပြန်တည့် ပေးလိုက်သည်။ ပြုံးက ခပ်ယဲ့ယဲ့ပြုံးပြသည်။ ပြုံးကို နွေးထွေးသော အပြုံးတစ်ပွင့် ပြန်ပေးလိုက်ရသော်လည်း ပြုံးစကားကြောင့် ကျွန်တော့် ရင်မှာ မပေါ့ပါးတော့။

စိတ်ထဲမှ တိုးတိုးတိတ်တိတ် ရေရွတ်ဆုတောင်းမိသည်။

"ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ"

*

ပြုံးသည် ဖေဖော်ဝါရီလ ၂၅ ရက်တွင် သားဦးရတနာကို ချော မောစွာ မွေးဖွားသန့်စင်သည်။

လများစွာတင်နေသော သောကဝန်ထုပ်ကြီး ကျသွားသည်။ ထို အခါမှ သက်ပြင်းရှည်ကြီးတစ်ခုကို ကျွန်တော် ချနိုင်သည်။ ပြုံးသာ မတော်တဆ တိမ်းပါးသွားခဲ့လျှင် ကျွန်တော် ရူးရမည်။

သားသည် ကျွန်တော်နှင့်တူသည်။ အသားညိုသည်။ သားကို 'ထိုက်သက်' ဟု အမည်ပေးသည်။ ကျွန်တော် မြတ်ထိုက်၏ အသက် နှင့် ထပ်တူထပ်မျှ ချစ်ရသော သား ဟူသည့်အဓိပ္ပာယ်ကို ဆောင်ယူပါ သည်။

သားကို ပွေ့ချီ၍မဝ၊ ရှု၍မငြီးချိန်တွင် ကံဇာတ်ဆရာသည် ကျွန် တော်တို့မိသားစုကို ကျီစယ်သမှုပြု၏။

ကျွန်တော်သည် ရာထူးတစ်ဆင့်တက်၍ ပုသိမ်မြို့သို့ ပြောင်းရွှေ့ ရန် အမိန့်စာ ရောက်ရှိလာသည်။

ဘာခက်သနည်း။ ပုသိမ်မြို့သို့ ပြောင်းမည်။ သျှောင်နောက် ဆံထုံးပါ၍ ပြုံးနှင့် သားတို့ လိုက်လာမည်။

ကျွန်တော် တွေးထင်သလို ဖြစ်မလာပေ။

"ကိုထိုက်ရယ်၊ ဘယ်ကိုမှ မသွားပါနဲ့နော်၊ ပြုံးတို့နဲ့အတူနေပါ။ ကိုထိုက် အလုပ်ထွက်လိုက်ပါလားဟင်။ ပြုံးတို့မှာ ကြေးပြား(ပိုက်ဆံ) ရှိပါတယ်။ ကိုထိုက်ကို စိတ်ချမ်းသာအောင် ထားပါ့မယ်။ ပြုံးလုပ်ကျွေး ပါ့မယ် ကိုထိုက်ရယ်"

ပြုံးကသာ သည်စကားဆိုသည်မဟုတ်။ ပြုံးမိဘများကလည်း အလုပ်ထွက်ရန် တိုက်တွန်းကြသည်။ ပြုံးတို့ဘက်က စေတနာရှေ့ထား ၍ ကျွန်တော့်ကို သားအရင်းလို ခင်မင်သဖြင့် မသွားစေချင်မှန်း ကျွန်တော် သိသည်။ သို့သော် လိုက်နာရန် ခက်ခဲလှချေ၏။

ကျွန်တော်ချစ်သော ပြုံးနှင့် သားကို မခွဲနိုင်သလို အလုပ်ကိုလည်း မစွန့်လွှတ်နိုင်။

ကျွန်တော်သည် ဤအလုပ်ကို ဖြေဆိုသူ လေးငါးထောင်ထဲတွင် လေးငါးယောက် ရွေးချယ်သည့်အထဲ ပါဝင်အောင် ဖတ်လိုက်သည့် သဘောတရားတွေ၊ မှတ်လိုက်ရသည့် ဗဟုသုတတွေ၊ ကျက်လိုက်ရသည့် ဆောင်ပုဒ်တွေ၊ တောင်ပုံရာပုံ။

ထို့ပြင် ကျွန်တော် ဘွဲ့တစ်ခုရဖို့ အရေးကိုလည်း ကျွန်တော့်မိဘများသည် ပင်ပန်းဆင်းရဲစွာ ရှာဖွေ၍ ကျောင်းထားခဲ့ရသည်။ ကျွန်တော်တို့ဒေသတွင် ပြုံးတို့ဒေသလို စီးပွားရှာရ မလွယ်ကူပေ။ ငွေတွင်း အလွန်နက်သည်။ ကြက်ယက်သလို မြေပေါ်တွင် တပင်တပန်းရှာဖွေပါမှ တစ်ကျပ်တစ်ပြားရသည်။

သားသမီးငါးဦးထဲတွင် ဘွဲ့ရပညာဟူ၍ ကျွန်တော်တစ်ယောက်တည်းသာရှိသည်။ အစ်ကိုကြီးသည် မက်ထရစ်အောင်ပြီးနောက် ပညာဆက်မသင်တော့ဘဲ ကျောင်းဆရာ ဝင်လုပ်သည်။ အစ်မကြီးသည် ကိုးတန်းသာအောင်ခဲ့၍ သမဝါယမဆိုင်တွင် အရောင်းစာရေး ဖြစ်နေသည်။ ကျွန်တော့်ညီမှာ စောစီးစွာ အိမ်ထောင်ကျ၍ မန်းရေနံမြေတွင် အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ညီမလေးသည် စာမေးပွဲကျလွန်းသဖြင့် ကျောင်းမနေတော့ဘဲ အမေနှင့်အတူ ရက်ကန်းရက်သည်။

ထို့ကြောင့် ကျွန်တော့်ဘွဲ့နှင့် ကျွန်တော့်ရာထူးသည် မိဘဆွေမျိုးများအလယ်တွင် ဂုဏ်ယူစရာကြီးဖြစ်သည်။ အမေကဆိုလျှင် "ငါ့သားက တစ်မိပေါက် တစ်ယောက်ထွန်းဟဲ့" ဟု မကြာခဏ ချီးကျူးတတ်သည်။

ကျွန်တော်သာ အလုပ်မှ နုတ်ထွက်လိုက်လျှင် ပင်ပန်းကြီးစွာ

ရှာဖွေ၍ ပညာသင်ပေးသော မိဘများကို စော်ကားရာကျပေမည်။ 'မ' ဘက်ပါ၍ အမိုက်ဖက်သည်ဟု ပြောဆိုမည်မှာ မလွဲပေ။

တကယ်ဆိုလျှင် ပြုံးသည် ကျွန်တော် ပြောင်းရွှေ့ရာသို့ လိုက်သင့်သည်။ လိုက်နိုင်သော အခြေအနေလည်း ရှိသည်။ ပြုံးသည် တစ်ဦးတည်းသော သမီးလည်းမဟုတ်။ ပြုံးမရှိလျှင် ပြုံးမိဘကို ပြုစုလုပ်ကျွေးမည့် မောင်နှမရှစ်ဦး ကျန်သေးသည်။

ပြုံးမိဘများသည် ပြုံးလုပ်စာကို ရမှ စားရသောက်ရမည့် အခြေအနေလည်းမဟုတ်။ သူတို့တစ်သက်စားမကုန်သော ငွေကြေးရှိသည်။ ကွမ်းသီးခြံများကို ထားဦး။ ကော်ပတ်ခြံပင်လျှင် ဆယ်နံပါတ်ရှိသည်။ တစ်နံပါတ်တွင် အပင် ၃၅၀ ရှိ၏။

ဤအခြေအနေရှိပါလျက် ပြုံးသည် ကတ်တီးကတ်ဖဲ့လုပ်နေသည်။ ပြောမရ၊ ဆိုမရ၊ စည်းရုံးမရ၊ ချော့မရ၊ ခြောက်မရ။

"မိဘဝတ္တရားမှာ ထိမ်းမြားခြင်းဟာ နောက်ဆုံးပဲ ပြုံး။ လက်ထပ်ပြီးရင် တစ်အိုးတစ်အိမ် ထူထောင်ရမှာပေါ့။ လင်ရယ် မယားရယ် အတူတကွနေတာဟာ သဘာဝကျပါတယ်။ ယောကျ်ားယူပြီး မိဘနဲ့ မခွဲနိုင်ဘူးဆိုတာဟာ သဘာဝတရားကို လွန်ဆန်တာပေါ့။ ကဲ... ပြုံးကို ကိုထိုက် နောက်ဆုံးမေးမယ်။ ကိုထိုက်ကို ချစ်သလား၊ ပြုံးမိဘကို ချစ်သလား"

"နှစ်ဖက်လုံးကို ပြုံးချစ်တယ်"

"နှစ်ခုမရဘူးလေ၊ တစ်ခုခုကို ပိုပြီးချစ်ရမယ်"

"ဘယ်ဟာမှ ပြုံးမပိုဘူး"

"ဟော့... ပြုံး၊ ပြတ်ပြတ်သားသား ဆုံးဖြတ်ရမယ်ကွ"

"ဒါဖြင့် ကိုထိုက်ကော ပြုံးနဲ့ ကိုထိုက်ရဲ့အလုပ်ကို ဘယ်ဟာပိုချစ်လဲ"

"နှစ်ခုလုံးကို ချစ်တယ်"

"မရဘူးလေ၊ ကိုထိုက်တစ်ခုပဲ ချစ်ရမယ်"

ဤသို့ဖြင့် ပြဿနာကြီးသည် အဖြေမရခဲ့ပေ။ ဝေ့လည်ချောင်ပတ် ဖြင့် ပြီးဆုံးသွားသည်။

ကျွန်တော် အလုပ်ထွက်ပြီး ပြုံးတို့မိသားစုထဲ ဝင်မည်ဆိုပါစို့။ ကျွန်တော် ဘာလုပ်မည်နည်း။ ပြုံးလုပ်စာကို ရေသာခို၍ စားသောက် ရမည်လော။ ပြုံး၏ ကက်ဆက်ခွေအငှားဆိုင်တွင် စာရင်းစာအုပ်ကိုင်၍ အငှား၊ အအပ် ရေးသွင်းရမည်လော။ ပြုံးချုပ်ထားသော အင်္ကျီများတွင် ကြယ်သီးတံတပ်ခြင်း၊ ကြယ်ကွင်းပေါက်ချုပ်ခြင်း ပြုလုပ်ရမည်လော။ ထိုသို့ဆိုလျှင် အမေတို့ နဖူးမှ ချွေး ခြေမကျအောင် လုပ်ပြီးသင်ထား သည့် ပညာများနှင့် လားလားမျှ မထိုက်တန်။

ပြုံးလုပ်စာကို ထိုင်စားသည်ဆိုသော်ငြားလည်း လင်မယားနှစ် ယောက်တည်းနေသောအိမ်၌ မယားလုပ်စာကို လင်က စားရခြင်းမျိုး မဟုတ်ပေ။ ပြုံးတို့ မိဘမောင်ဖွားများ စုပေါင်းနေထိုင်၍ တစ်အိမ်လုံး အလုပ်ကိုယ်စီရှိနေသော အိမ်တွင် ငုတ်တုတ်ထိုင်၍ စားရမည့်ကိစ္စမှာ အလွန်မျက်နှာပူစရာ ကောင်းပါသည်။

ဆူးကြားက ဘူးသီး၊ ကျွန်တော် မလူးသာ မလွန့်သာ ဖြစ်ရ၏။ တမင်စိမ်းခြင်းမဟုတ်သော်လည်း တစ်ဖက်သို့မူ ယိမ်းရတော့မည်။

ကျွန်တော် မည်သို့ဆုံးဖြတ်ရမည်နည်း။

*

နောက်ဆုံးတွင် ကျွန်တော်သည် အသည်းနာနာဖြင့် လက်လျှော့ လိုက်ရသည်။ ချစ်သောပြုံးနှင့် သားကိုထားခဲ့၍ တာဝန်ကျရာ ပုသိမ် ကို ထွက်ခဲ့၏။

မိန်းမသားဖြစ်သော ပြုးအဖို့ မည်သို့ခံစားရမည်မသိ။ ကျွန်တော့်မှာမူ ယောကျ်ားတန်မဲ့ ပဋ္ဌာစာရီဖြစ်ရသည်။ မိန်းမလည်း ဆုံး၏။ သားလည်း ဆုံး၏။

တနင်္သာရီတိုင်းသည် မြန်မာပြည်တွင် မိုးအကောင်းဆုံးဒေသဖြစ်သည်။ ကျွန်တော့်ဘဝတစ်သက်တာတွင် တနင်္သာရီမြို့၌ မျက်ရည်မိုးတို့ အစိုစွတ်ဆုံး ရွာသွန်းခဲ့သည်။ ယောကျ်ားတစ်ဦးမို့ ပြုးကဲ့သို့ လူရှေ့သူရှေ့တွင် ပေါ်ပေါ်ထင်ထင် မျက်ရည်ကျခွင့်မရသဖြင့် လူကွယ်ရာချောင်ကြားတွင် တားမရသော မျက်ရည်တို့ တာကျိုးသလို ကျစီးခဲ့ရသည်။

ပုသိမ်မြို့သည် သာယာပါ၏။ သို့သော် ကျွန်တော့်ကိုမူ သာယာအေးချမ်းမှု မပေးနိုင်ပေ။ ပြုးနှင့် နှစ်ကိုယ့်တစ်စိတ်နေခဲ့သူ ကျွန်တော့်မှာ တစ်ကိုယ်တည်းနေရသောအခါ စိတ်တို့သည် နှစ်ခြမ်းကွဲရ၏။ တစ်ခြမ်းသောစိတ်သည် ပြုးနှင့် သားထံသို့ ထာဝရရောက်နေ၏။

လိုရာဆန္ဒ မပြည့်ခဲ့သူမို့ စိတ်သွားတိုင်း ကိုယ်မပါပေ။ ဟာတာတာ ယောင်တောင်တောင်ဖြင့်သာ အချိန်ကုန်ဆုံးခဲ့သည်။ ပြုးနှင့် သား၏ ကိုယ်ပွားလေးများဖြစ်သော သက်မဲ့ဓာတ်ပုံတို့ကို နှလုံးသားနှင့် အနီးဆုံးနေရာတွင်ထား၍ လွမ်းဆွေးမှုဝေဒနာကို ကြိတ်မှိတ်ခံစားရသည်။

ပုသိမ်ရောက်မှ ပြုးထံသို့ စာတစ်စောင်သာ ရေးဖြစ်သည်။ ပြုးနှင့်သားကို တုနှိုင်းမပြသာအောင် ချစ်သော်လည်း ချွဲချွဲပျစ်ပျစ်မပြောတတ်။ ပလီပလာ တီတာတာဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ မရေးတတ်။

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝက အိမ်သို့ တစ်လတစ်စောင် စာရေးနိုင်ရန် အလွန်အမင်းကြိုးစားရသည်။ မိဘများကလည်း ကျွန်တော့်စာဆိုလျှင် အလွန်ဖတ်ချင်သည်။ "ကျွန်တော် ကျန်းမာသည်၊ အဖေ အမေတို့ ကျန်းမာပါစေ၊ နေ့စဉ် သတိရသည်၊ ငွေပို့ပါဦး" စသည့်

လက်ဖဝါးတစ်ဖက်စာလောက်သာ ရေးစရာရှိသည်။ တစ်လလာလည်း သည်စာသား၊ နောက်တစ်လလာလည်း သည်စာသားမို့ နောက်ပိုင်းတွင် စာကို မဖောက်မီကတည်းက ပါဝင်မည့်အကြောင်းကို အဖေတို့ သိနေသည်။ ကျွန်တော် အိမ်ပြန်ရောက်လျှင်ကား မိဘများကို ခြေဆုပ်လက်နယ် ပြုသည်။ ထမင်းဟင်းကို ကိုယ်တိုင်ချူးခပ်ကျွေးသည်။

ဆိုလိုသည်မှာ ကျွန်တော်သည် ချစ်ကြောင်းကို လက်တွေ့သာ ပြတတ်သည်။ စာကြောင်းဖြင့် သရုပ်မဖော်တတ်။

ပြုံးထံမှ စာတွေ ရောက်လာသည်။ ပြုံးသည် ကျွန်တော့်ထက် စာအရေးအသားတော်သည်။ လွမ်းကြောင်း၊ ဆွေးကြောင်းတွေ ဖွဲ့နွဲ့ထားသည်။

ပုသိမ်သို့ရောက်ပြီး လုပ်ငန်းများ လွှဲပြောင်းယူနေရသည်က တစ်ကြောင်း၊ နယ်သို့ ခရီးထွက်လိုက်ရသေးသည်ကတစ်ကြောင်းကြောင့် ပြုံးထံ ပြန်စာမရေးဖြစ်ခဲ့ပေ။

နယ်မှ ပြန်ရောက်လာသောအခါ ပြုံး၏စာတစ်စောင်သည် ရုံးခန်းထဲတွင် အသင့်ကြိုဆိုနေသည်။ ရှေ့ပိုင်းတွင် သားအကြောင်းများပါသည်။ နောက်ပိုင်းတွင်...

"ကိုထိုက်နဲ့ ခွဲခွာနေရမှ အတူနေစဉ်က ဘဝကို သိပ်ပြီးသတိရတယ်။ ရှင်မအောင်သာကျောက်တိုင်နားမှာ ပြုံးပြောခဲ့ဖူးတဲ့ စကားတစ်ခုကို ကိုထိုက်အမှတ်ရသေးရဲ့လား။ ပြုံးလေ ကိုထိုက်နဲ့ သေကွဲကွဲရမှာကို သိပ်ကြောက်တယ်ဆိုတာလေ။ အခုတော့ ရှင်ကွဲ ကွဲနေကြရတယ်နော်။ ပြုံးမှာ နေ့စဉ်နဲ့အမျှ မျက်ရည်နဲ့ မျက်ခွက်ပါပဲ။ အဖေတို့က ပြုံးကို ငိုမနေနဲ့၊ လိုက်ချင်လိုက်သွားလို့ တိုက်တွန်းကြတယ်။

ကိုထိုက် ပြုံးကို စိတ်နာသွားသလားဟင်၊ သျှောင်နောက်ဆံထုံး မပါတဲ့ ပြုံးကို စိတ်ဆိုးမယ်ဆိုလည်း ဆိုးစရာပါပဲလေ။ ဒါကြောင့်

ကိုထိုက် ပြုံးဆီ စာမရေးတာပေါ့။

ပြုံးက လိုက်လာချင်ပေမဲ့ အဖေတို့က သွားဆိုပေမဲ့ ကိုထိုက်ရဲ့ သဘောက ဘယ်လိုမှန်းမသိလို့ ဘာမှပြန်မပြောခဲ့ဘူး။ ကိုထိုက် ပြုံးတို့ သားအမိကို မေ့နေပြီလားဟင်။ ပျော်စရာ၊ အဖော်သစ်တွေ ရှိနေပြီလား လို့ ပူမိတယ် ကိုထိုက်ရယ်"

ပြုံး၏စာကိုဖတ်၍ ကျွန်တော်သည် ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။ ဝမ်းသာသည်မှာ ပြုံးလိုက်လာမည်ဆိုသောကြောင့်။ ဝမ်းနည်းသည်မှာ ကျွန်တော့်သဘောထားကို မေးမြန်းနေသောကြောင့်။

ကျွန်တော်သည် ပြုံးကို မချစ်လို့ ခွဲခွာလာသည်မှ မဟုတ်ဘဲ။ မတတ်သာ၍ ခပ်ခွာခွာနေခဲ့ခြင်းသာ ဖြစ်သည်။

ကျွန်တော်သည် အချစ်ကြီးချစ်တတ်သော်လည်း အမုန်းကြီး မမုန်းတတ်။ တစ်ချို့ကွယ်လျှင်လည်း တစ်မယ်မမေ့တတ်။ လှေကား သုံးထစ်မက အထစ် ၃၀ ဆင်းပြီးစေဦး၊ လူပျိုလူလွတ်ဟူ၍ သဘော မထား။ ပြုံးကို သေတပန်သက်တစ်ဆုံးချစ်သွားမည့်သူဖြစ်ကြောင်း ပြုံး သိစေချင်ပါသည်။ ကျွန်တော့်မေတ္တာကို ပြုံး သံသယမရှိစေလို။

ပြုံးသည် ယခုစာကို နောက်နောင် အနှစ် ၂၀၊ ၃၀ ကြာမှ ရေး ပါစေ။

ပြုံးနှင့်ပတ်သက်လျှင် ကျွန်တော့်ရင်ခွင်တံခါးဝတွင် စာတန်းတစ်ခု ကို အမြဲထာဝရ ချိတ်ဆွဲထားပါသည်။

"ကြို့ဆိုပါသည်" ဟူ၍။

စန္ဒာရုပ်စုံမဂ္ဂဇင်း၊ မေ၊ ၁၉၈၄

❑

# ဒီလိုနဲ့… နှစ်သုံးဆယ်

- နှင်းဝေငြိမ်း -

တစ်ရုံးလုံးက သူ့ကို 'မယ်သွင်' ဟုသာ ခေါ်ကြသည်။ သူကလည်း 'မယ်သွင်' 'မယ်သွင်' ဟုခေါ်လျှင် တ'ရှင်' 'ရှင်' နှင့် ပြန်ထူးတတ်ပြီး မယ်သွင်ဆိုတာ သူ့နာမည်အရင်းလားဟုပင် ထင်မှတ်မိသည်။ တစ်ဌာန လုံး တစ်ရုံးလုံးနီးပါး သိရလောက်အောင် သူက ထင်ပေါ်သူဖြစ်သည်။ သူ့ထင်ပေါ်ကျော်ကြားခြင်း၏ အဓိကအကြောင်းကတော့ အလုပ်မှာ ထူးချွန်သူဖြစ်ခြင်း၊ ရုပ်ရည်ချောမောခြင်း၊ အပျိုလေးဖြစ်ခြင်း၊ ငွေကြေး ချမ်းသာကြွယ်ဝခြင်း၊ ရာထူးရာခံရှိခြင်း စသည့်အချက်တွေနှင့် ပြည့်စုံ၍ မဟုတ်တာကဖြင့် သေချာလှပါသည်။ ထိုအကြောင်းအချက်တွေက မယ်သွင်နှင့် ဆန့်ကျင်ဘက်မှာ ရှိနေ၏။

မယ်သွင်က ကလေးနှစ်ယောက်အမေ ဖြစ်သည်။ ပုံစံက ပိန်ပိန် ပါးပါးနှင့် အသားက ညိုတိုတိုမျှမက ဥပဓိရုပ်က သာမန်ကာလျှံကာ ဖြတ်ကျော်သွားလို့ရသည့် အနေအထား၊ အသံသြဇာကတော့ ဩရှရှ မပွင့်တပွင့်။ စီးပွားရေးမှာလည်း "အစ်မရေ" "မမရေ" ဟု တွင်တွင် ခေါ်ရုံမက "ဒီလကုန်ရင် ပြန်ပေးမယ်နော်"၊ "မနက်ဖြန် ညနေ အိုဗာ တိုင်ကြေးလေးရတော့ ယူပါဟယ်" ဆိုတာမျိုးလေးတွေ တွင်တွင်ပြော

ပြီး သူ့ထက် ပြေလည်သူတွေဆီကရော အထက်အရာရှိမမဆီကရော အပြုံးလေးနှင့် အချေးအငှားလုပ်ရတာ တစ်လမှာ သုံးလေးခါပါ။ ရာထူးကရော ခုထိ အကြီးတန်းစာရေးမကြီးကနေ တစ်ဖဝါးမျှ မရွေ့မလျားသေးပေ။ ဒါကိုလည်း မယ်သွင်တို့က ဤသို့ တင်စားထားပါသည်။

"မေလည်း… ဘယ်သူ့ကိုမှ × × အပြစ်လည်း မတင်ချင်ပေ × × × ရာထူးပရိယာယ်ကို သိသလိုလိုနဲ့ × × သိလို့ပုံအောဖို့က လည်း × × မယ့်မှာငွေမရှင် × × အဲလေ… စာမရှင် × × "

ထိုသီချင်းတေးသွားလေးအလိုက်နှင့် နေလာလိုက်တာ ရာထူးစာမေးပွဲ ဖြေကြပြီဆိုလျှင် စာကျက်ပျင်းတာလည်းပါ၊ အသက်ကြီးလာတာလည်းပါ၊ မေ့တာလျော့တာလည်းပါ၊ ပါနှင့်ပင် ရေးဖြေလေး ကတ်သီးကတ်သတ်အောင်တဲ့နှစ် ရှိတာတောင် နှုတ်ဖြေအလှည့်ကျရင် မယ်သွင့်မှာ အင်တာဗျူးခန်းထဲမဝင်ခင် ဂနာမငြိမ်ဖြစ်လွန်းပြီး ကျက်ထားသည့် အလုပ်ထဲက ကိန်းဂဏန်းတွေ ခုနှစ်တွေ မေ့ရေးချ မေ့ပစ်လိုက်ရုံမက ဆရာသမားတွေရှေ့မှာ ငူငူကြီးထိုင်ပြီးနေမိတဲ့အခါလည်း ရှိလို့ အော်ဒါထွက်လာရင် မယ်သွင့်နာမည်နှင့်တူသမျှ 'သွင်သွင်ဦး' ဆိုတာများ ဝဆွဲလေးမှပင်တောင် မပါလာတာ ဘယ်ဆန်းပါ့မလဲ။

ရာထူးမရလို့ သူများတွေ စိတ်ညစ်နေကြသည့်အချိန်မျိုးမှာ မယ်သွင်က သိပ်ကို စိတ်မညစ်မိတာလည်း အမှန်ပင်။ သူအောင်ထားသည့် ဝိဇ္ဇာဘွဲ့ကလေးလောက်နှင့် ရထားသည့် ဒီရာထူးလောက်နှင့်လည်း မယ်သွင်က ကျေနပ်နိုင်ပေမဲ့ သူနှင့် အသက်တူ၊ ပညာအရည်အချင်းတူ၊ ရာထူးတူသူ တချို့တလေ ရာထူးမရ၍ တအိအိနှင့် လိုမ့်ငိုနေတာ မြင်လျှင် စိတ်ထဲက ဘာပြောမိသည် ထင်ပါသလဲ။

"ဟဲ့… ရာထူးမတက်တာ ပိုက်ဆံမကုန်ဘူးပေါ့ဟဲ့၊ နို့မို့ဆို တစ်ဌာနလုံးလည်း ကျွေးရဦးမယ်၊ လူကြီးတွေလည်း ကန်တော့ရဦးမယ်၊

သူငယ်ချင်းတွေကလည်း နှစ်ကျော့ပြန်၊ သုံးကျော့ပြန် ကျွေးပြီးရင်း ကျွေးနိုင်းကြမှာ။ လစာသုံးလစာလောက်ပြုတ်မှာ နင်တို့ စိတ်မပူဘူးလား။ ငါတော့ သူများကျွေးတာကို လိုက်စားနေရတာကမှ ပိုကောင်းသေးတယ်၊ မဟုတ်ရင် ငါ့လည်ပင်းအထိ ကြွေးပိနေမှာသိလား မိန်းမတွေရဲ့၊ ဒါ ငိုစရာလား"

အပြင်ဘက်မှာငိုနေတဲ့ သူငယ်ချင်းတွေကို မျက်နှာငယ်လေးနှင့်သာ ကြည့်နေပြီး စိတ်ထဲက သိပ်ကိုတည်ငြိမ်နေသည့် မယ်သွင့်စိတ်ရင်းမှာ ဤသို့ဖြစ်ကြောင်းသာ သူ့ဌာန အရာရှိမမ သိလို့ကတော့ မယ်သွင့်ကို ဒီနေ့ညနေ အိမ်အပြန်ကားခ ပေးတော့မည် မထင်ပါ။

"ရှင့်ကို စာကျက်ပါလို့ပြောရဲ့နဲ့ အခု နှုတ်ဖြေမအောင်လို့ ရှင် ရာထူးမရတာပေါ့။ ကြည့်စမ်း ဟိုဘက်ဌာနက မအုံးလှဆို ရှင်နဲ့အတူတူ အလုပ်ဝင်တာမဟုတ်လား။ အခု ရာထူးတက်သွားပြီ။ ရှင် တကယ် ဝီရိယနည်းတယ်သိလား။ ကျွန်မ ရှက်တယ်။ ကိုယ့်သမီးအရွယ်လေးတွေက လက်ထောက်မန်နေဂျာတွေတောင် ဖြစ်နေပြီ။ အိုကြီးအိုမနဲ့ မသွင်ဦးရယ် ပင်စင်လစာလေး တိုးလိုတိုးငြား ဒီတစ်ခေါက် ကြိုးစားဖြေစမ်းပါ ကြားလား"

မယ်သွင့်မမကြီးက ဒေါသထွက်လာလေ တ'ရှင်''ရှင်'နှင့် ဖိပြောလေပေါ့။

"ဟုတ်ကဲ့ မမကြီး၊ ကျွန်မလည်း ပင်စင်များများ လိုချင်ပါတယ်။ ဒါပေမဲ့ ဟိုက မန်နေဂျာ မရွေ့စုတို့လိုတော့ စာမကျက်နိုင်တာ ခက်တယ်"

ထိုဆင်ခြေမျိုးကို မမကြီးကို သွားပေးမိတော့ အော်ခံရတာ အဖတ်တင်ကော...

"တော်ပါ... ရှင်ပျင်းတိုင်း... ဈေးလျှောက်ရောင်းချင်တိုင်း ဆင်ခြေမပေးနဲ့။ ရယ်ဖြဲရယ်ဖြဲနဲ့ သူများကို မနာလိုရကောင်းမှန်းကို မသိဘူး။

မခံချင်စိတ်ဆိုတာ ထားရတယ် မသွင်သွင်ဦးရဲ့"

"ဟုတ်ကဲ့ မမကြီး၊ ဟုတ်ကဲ့ မမကြီး"

သည်တုန်းက ညီတက်လိုက်ရတဲ့ခေါင်းဆိုတာ မူးတောင်မူးရဲ့။ အဲဒါနဲ့များ ဒီတစ်ခေါက်လည်း ရာထူးနဲ့ ဝေးပြန်ရော့လားဟု မေးစရာ မလိုပါချေ။ မယ်သွင်တို့က လူကသာ ရယ်ဖြဲဖြဲပါ၊ မမကြီးရယ်ဟု သူ၏အရာရှိမကြီးကို ပြောခွင့်ရလျှင် ပြောချင်ပါရဲ့။ ဟိုက မန်နေဂျာ မရွှေစုတို့ဆိုတာ သူတို့နောက်မှ အလုပ်ဝင်လာတာပါ။ ဒါပေမဲ့ ငယ်ငယ်ရွယ်ရွယ် လှတပတလေးတွေဆိုတော့ မင်းကြီးကြိုက်... အဲလေ မဟုတ်ပေါင်... အစ်ကို ကာလသားတွေအကြိုက်လည်း နေတတ်ပါရဲ့။ ရေးဖြေစာတွေကိုလည်း ခွင့်တွေ နှစ်လ၊ သုံးလမှာ ဆေးခွင့်လိုလို ဘာခွင့်လိုလိုယူပြီးကို ကျက်ပစ်တာ မသိဘူးများ မှတ်နေကြသလားနော်။ ဒီအချိန်မျိုးမှာ မယ်သွင်တို့က မရွှေစုနှင့် ရာထူးတူပြီး စာမကျက်နိုင်ရှာဘဲ ကုန်းအလုပ်လုပ်နေရသော မမိုးဖြူတို့ ခိုင်းသမျှ စာရင်းအင်းတွေ လုပ်လိုက်ရတာဆိုတာ ခါးချည့်မတတ်ပင်။

ဟော... စာမေးပွဲလည်းဖြေရော ရေးဖြေမှာ မရွှေစုတို့က နံပါတ်ဝမ်း ဂဏန်းတစ်နဲ့ ထိပ်ဆုံးက ပြေးပါလေရော။ အချိန်ပိုဆင်းရင်း မနိုင်ရင်ကန် စာကျက်ရသည့် မမိုးဖြူတို့က အလယ်အလတ်လောက်ကနေရင်တမမနှင့် နှုတ်ဖြေဝင်ခဲ့ကြရတာကို ရာထူးငယ်ပေမဲ့ အတွေ့အကြုံမငယ်တော့သည့် အိုကြီးအိုမ မမယ်သွင်က သိပါသတဲ့ဆိုတာကိုဖြင့်မမကြီးအရာရှိမကို မပြောပြဝံ့ပါ။ ဒါပေသည့် ထိုအကြောင်းကို မယ်သွင်တို့တစ်ရုံးလုံး သိကြတာ မယ်သွင်ပြောလို့ မဟုတ်ပါဆိုတာကိုလည်းဘုရား သံဃာ သိပါလေသည်။

"နေစမ်းပါဦး၊ ဒီမရွှေစုတို့ကျတော့ ရာထူးလေး တစ်ခါဖြေ တစ်ခါရနဲ့ အခုပဲ လက်ထောက်မန်နေဂျာဖြစ်ပြီ။ သူ့ကုလားထိုင်က တစ်ဖဝါး

မရွှေရဘဲ စားပွဲသာ အရာရှိစားပွဲဖြစ်ရော၊ ကုလားထိုင်လည်း လက်တန်းနောက်မှီဖြစ်ခါမှ ဖြစ်ရော... ပြီးတော့ နိုင်ငံခြားတောင် ဂျပန်လောက်သွားလိုက်ရသေးတယ် မဟုတ်လား... ဒါ ကုသိုလ်ကံနဲ့ ဆိုင်တာပေါ့နော်ဟယ်"

"ဒါပေါ့ဟဲ့ ကံစီမံရာအတိုင်းပါလေ"

ရွဲ့ပြောလေသလား မေရယ်လို့ မမယ်သွင်တို့အုပ်စုက လက်ဖက်ရည်ဆိုင်မှာ ချော့မေးရသည့်အထိ ဒေါသတွေ ပေါက်ကွဲခဲ့ရသည့် မမိုးဖြူနှင့် အဆင့်တူ သူငယ်ချင်းတို့မှာ အခုထိ ဘယ်နိုင်ငံခြားမှလည်း မသွားခဲ့ရ၊ ရာထူးလည်း ရုံးအုပ်ကနေ မတက်သေးဘဲ အလုပ်တွေသာ ကုန်းရုန်းလုပ်ရပြီး ခင်ပွန်းကြီးဆယ်ပါးကို နေ့တိုင်း ရှိခိုးမေတ္တာပို့သသောအလုပ်ကိုသာ တွင်တွင်လုပ်နေရာက တစ်ချီတစ်မောင်း ဒေါသမျက်စောင်း အခြောင်းခြောင်းထွက်တာကို ပုထုဇဉ်သဘာဝမို့ အများက ခွင့်လွှတ်ဖို့ ကောင်းပါ၏။ ပါးစပ်သေနတ်နှင့် ပစ်နေတာလောက်ကိုလည်း ခွင့်လွှတ်ဖို့ ကောင်းပါ၏။

"နင်တို့က အရာရှိ မဖြစ်ထိုက်သေးဘူးလေဟယ်၊ အရာရှိဖြစ်ဖို့ဆိုတာ သူ့ကံနဲ့သူလာတာ ညီမလေးရဲ့ စိတ်လျှော့... စိတ်လျှော့"

ထိုအချိန်မျိုးမှာ ဘုမသိ ဘမသိနှင့် ဝင်နှစ်သိမ့်သော မယ်သွင့်ကို ဒေါသတကြီးနှင့် "ဘာ" ခနဲနေလိုက်သော မမိုးဖြူက စိတ်ရှိတိုင်းသာ သူ့ရှေ့က အကြမ်းပန်းကန်နှင့် ကောက်ပေါက်လိုက်လို့ကတော့ နဖူးဟက်တက် ကွဲရချေရဲ့။ အလိုက်ကန်းဆိုး မသိလေခြင်းဆိုပြီး နီးရာလူက မယ်သွင့်ရင်ညွန့်ကို တံတောင်နှင့် ပိတ်တွတ်လိုက်မှ ကမန်းကတန်း လေသံပျော့လေးနှင့် မမိုးဖြူကို ချော့ရပြန်သည်။

"ဖွ... ဖွ... မှားလို့ အဲဒါ မယ်သွင် ပြောတာမဟုတ်ဘူး။ ဟိုဘက်ဌာနက ရာထူးရသွားတဲ့ မရွှေစုတို့အုပ်စုက ပြောတာ အဟင်း... ဟင်း"

အလျှောက်ကောင်း၍ အထောင်းသက်သာပေမဲ့ ရင်နာနေသော မမိုးဖြူတို့ခမျာ သူ့ရင်ထဲရှိတာ ပြုကျအန်ထွက် အသည်းဟက်တက်ကွဲ ကာ အရက်နှင့်ပမာတူသော ရေနွေးကြမ်းအဝါရောင်ကိုသာ တွင်တွင်ကြီး သောက်ပြီး မူးယစ်ရမ်းကားနေတာ ရုံးဘေးက လက်ဖက်ရည်ဆိုင်တစ် ဆိုင်လုံး သိမှာစိုးလှ၍ မနည်းထိန်းနေရလေ၏။

"အဟော်… ကံလား၊ ဘာကံလဲ ဝန်ထမ်းဘဝမှာ ကံကို ယိုးမယ် မဖွဲ့ဘူး၊ သံသရာကြွေးမပါဖို့ဘဲ ကျွန်မတို့က အလုပ်လုပ်တယ်၊ နောင် ဘဝ သင်းတို့နဲ့မဆုံချင်လို့"

မဲ့မဲ့ငိုငို ပြောပြောဆိုဆို ပန်းကန်လုံးဆောင့်ချလိုက်ရာ ရေနွေး ကြမ်းတွေ ဖိတ်ကုန်၏။ ကံကောင်းတာ ပန်းကန်လုံး ကွဲမသွားခြင်းပင်။ ပြောပါ… ပြောပါ။ များများပြောမှ ရင်ပေါ့မှာပေါ့ မမိုးဖြူရယ်ဟု မယ်သွင် က နှစ်သိမ့်အားပေးစကားပြောရင်း သူများတိုက်သည့် လက်ဖက်ရည် ကို အရသာသိပ်မရှိဘဲ သောက်ချလိုက်ရလေ၏။ ထိုနေ့လိုနေ့မျိုးမှာ တစ်ရုံးလုံးပတ်ပြီး သူရောင်းသည့် မုန့်ပဲသရေစာ နေ့လယ်စာကို မရောင်း ရဲဘဲ လူကြီးမျက်စိမနောက်အောင် ကိုယ်စားပွဲအသာချပြီး လက်သိပ်ထိုး ဈေးရောင်းရလေ၏။ ညနေ ဟင်းဖိုးကြွေးဖိုးလေးရရင် တော်လိုက်ရ သည်။ အလုပ်ကိုလည်း သုံး၊ လေး၊ ငါးရက် လမ်းသလားထား စာပြေး လုပ်ရင်း ငြိမ်သက်စွာ… ငြိမ်သက်စွာနှင့် ပရိမိုးရှင်းထွက်ပြီး တစ်လ လောက် ဣန္ဒြေရရ နေခဲ့ရစမြဲ။

သည်လိုနှင့် နောက်ငါးနှစ်မျှ ကြာသောအခါ…

*

"နောင်ဘဝ သင်းတို့နဲ့ မဆုံချင်ပေလို့သာပဲ၊ အချိန်တန်တော့ လည်း ရုံးတက် ရုံးဆင်း၊ ရုံးနှစ်ရက်ပိတ် သင်္ကြန်တရားစခန်းလေးဝင်၊

ဟော... နောက်တော့ ရုံးပြန်တက်ရ၊ ဒီမျက်နှာတွေကို မမြင်ချင်လည်း မြင်နေရပြီး ဆုံနေရတာ ကံစီမံရာအတိုင်းမဟုတ်လို့ ဘာလဲ မမိုးဖြူရဲ့”

“အင်းနော်... ကျွန်မတို့လုပ်သက် နှစ်အစိတ်ကျော်ပြီနော်” ဒွာန ပေါင်းစုံ၊ လူပေါင်းစုံနှင့် အနယ်နယ် အရပ်ရပ် ရုံးခွဲများက သတင်းစကား များကို ထမင်းစားရင်း၊ စာရင်းတွက်ရင်း၊ လူစုပြီး အသုပ်ကလေး သုပ် စားရင်း၊ စိတ်ကြည်လင်တဲ့အချိန်မှာ ပြောမိ ဆိုမိကြပြန်သည့်အခါ သံသရာဆိုတာကြီးက ပါလာကြောင်း ပြုံးပြုံးလေး ချိုစကားဖွဲ့ကြပြန် လေ၏။

စိတ်ကလေး ကြည်ကြည်သာသာ၊ အပြုံးကလေး လင်းလင်းပပ နှင့် ပြောနေကြတာလည်း အကြောင်းရှိပါ၏။ သူတို့တစ်တွေ ဒီတစ်နွေ မှာ ရုံး ၁၀ ရက်အပိတ် တရားစခန်းလေး ပြေးဝင်ထားသောကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ် လည်ပုံကိုသိပြီး ဒုက္ခ သစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ တရားလေး နှလုံးသွင်း ပြီး ဇာတိ ဇရာ ဗျာဓိ မရဏကိုလည်း ရှုမှတ်ထားတဲ့အတွက် အပွမာ ဒေန သမ္ပာဒေထရယ်လို့ မမေ့မလျော့ သတိကပ်ကာ တရားသဘော တွေနှင့် ကိုယ့်ကိုယ်ကိုယ် ရှုမှတ်တော့ ဘယ်မှာ သူများကို အပြစ်ပြော ဝံ့ပါတော့မည်နည်း။

“ရှင်တို့ကို လူကြီးတွေက ရာထူးပေးချင်လွန်းလို့ အောင်အောင် ဖြေပါ၊ မျက်နှာလေးပြပါဆိုတဲ့နှစ်ကလည်း ကလေးမီးဖွားလို့ တစ်ခါ လွတ်တာ ခုနစ်နှစ်လောက်ကြာမှ ရာထူးစာမေးပွဲလာတော့ လိုက်လေ ပြေးလေဆိုသလို ကိုယ့်အဆင့်တူတွေက ခုန်ပေါက်ပြီး ရာထူးတက်ပြီး ကိုယ်ကကျန်ခဲ့တာ ဘယ်သူ့အပြစ်လဲ မမယ်သွင်”

မမယ်သွင်၏ မမကြီးအရာရှိမ စကားကို တရားမှတ်ရင်း ပြန် ကြားတော့ သူများကို မနာလိုတိုရှည်မိသော ကိုယ့်စိတ် ကိုယ့်နှလုံးကို

ပြန်ရှက်ပြီး ဘုရား... ဘုရား... ငါတော့ ကုသိုလ်မရတော့မယ့်ကိစ္စတွေ လုပ်မိပြန်ပြီဆိုသည့်အတွေးတွေ စုဝေးကာ ရုံးအတက်မှာ ကိုယ့်တရား ကိုယ်မှတ်ပြီး ပြစ်မှားမိသော အရာရှိမင်းအပေါင်းကို စိတ်မှန်းနှင့် တောင်းပန်ရုံအပြင် ကိုရီးယားကားတွေထဲကလို "ပါးစပ် ၁၀ ပေါက်ရှိ တောင် ပြောစရာစကား မရှိပါဘူး" လို့ နှုတ်တိုက်ရွတ်ပြီး နောက်များ မဝေဖန်တော့ပါဘူး၊ အကုသိုလ်များလွန်းလို့ဟုသာ ဖြေသိမ့်တွေးလိုက် ရာ အတော်ကြီး နေသာထိုင်သာ ရှိသွားလေ၏။

"ရာထူးဆိုတာ ရှုးတာပါ ညီမတို့ရယ်၊ တရားနဲ့တွေးကြည့်ရင် ဒါဟာ လောဘပဲ၊ အစွဲပဲ။ ဒါဟာ ဒိဋ္ဌိမပြုတ်သေးတာ၊ မဂ်ကလေး ဘာလေးရအောင် ကြိုးစားဦးမှပါဟယ်"

မမယ်သွင်ပြောသမျှ ခေါင်းတညိတ်ညိတ်လုပ်နေသော သူငယ် ချင်းတွေက 'မဂ်' ဆိုသောစကားလည်း ပါလာရော အားလုံး ခေါင်း ထောင်ကုန်ကြ၏။ အစောပိုင်းကတော့ တရားမှတ်နေကြသည့်ဟန်နှင့် အသံသိပ်မကြားရသော ရုံးခန်းလေးမှာ ချက်ချင်း အသက်ဝင်သွား၏။

"ဟဲ့... ဟဲ့... ဘာမဂ်လဲ မမယ်သွင်၊ ရှင်က မဂ်ရချင်သေးတယ် ဟုတ်လား"

မမိုးဖြူက ရှေ့စားပွဲကနေ အလန့်တကြား လှမ်းပြော၏။ နွဲ့နွဲ့ ကလည်း ရာထူးနှင့်ပတ်သက်လျှင် 'နားမှ လေသံမကြားလိုပါ" ဆိုသည့် စိတ်နာခြင်းမျိုးဖြင့် စိတ်နာနေသူမို့ စိတ်ဆင်းရဲတိုင်း တရားစခန်း ဝင်ပါ သည်။ အခုလို ပြန်ထွက်လာချိန်မှာ အလွန်ငြိမ်သက်နေတတ်၏။ 'မဂ်' ဆိုသည့်အသံကြောင့် သူလည်း လှုပ်ရှားနိုးကြားသွားလေသည်။

"တော်စမ်းပါ မမယ်သွင်ရယ်၊ မဂ်ရရအောင် ရှင်က ဘယ်လိုထူး ခြားနေလို့လဲ"

"အို... နွဲ့နွဲ့ကလည်း ငါတို့မှာ သည်းခံနိုင်စွမ်း အပြည့် ရှိနေပြီ

လေဟယ်။ အသက်ကြီးလာလို့လား မသိပါဘူး၊ လောဘလည်း မရှိတော့ဘူး၊ ဒေါသလည်း နည်းသွားပြီလေ။ ခံနိုင်ရည်သတ္တိ အပြည့်ရှိပြီး မတုန်မလှုပ်နေနိုင်တာ မင်္ဂရလို့ပဲ ဖြစ်မှာပေါ့"

ထိုအခါမျိုးမှာ မမယ်သွင် စိတ်ကူးပေါက်ပြီးပြောသမျှ တကယ်မှတ်ပြီး နားထောင်နေသူတွေထံမှ ဝါးခနဲ ရယ်သံကြားရပြီသာမှတ်။

"ဒါဆိုရင်တော့ တစ်နိုင်ငံလုံး မင်္ဂရနေပြီ မမယ်သွင်ရေ သီလား၊ တော်တော်ပေါက်ကရပြော"

"နို့… မဟုတ်ဘူးလား"

မနေ့တစ်နေ့ကမှ တရားစခန်းကပြန်လာပြီး ဆရာမကြီးလေသံနှင့် တရားလေး ရောနှောပြောမိပါသည်။ လွဲပြန်ပြီပေါ့တစ်ချီ ဖြစ်ရပြန်၏။ မင်္ဂတရား၊ ဖိုလ်တရားမရခင် နွဲ့နွဲ့တရားက ပြတ်သားလှလေ၏။

"သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ် မမယ်သွင်ရဲ့။ အဲ… ဒါပေမဲ့ အချင်းချင်း တစ်မူးပိုရှုပြီး ကိုယ့်ရပိုင်ခွင့်ထဲက ဖဲ့ယူသွားတတ်တဲ့ မရွေ့စုတို့လိုသူမျိုးအတွက်တော့ သည်းမခံချင်ဘူး မမယ်သွင်။ ရှင့်ဟာမတွေက လူလည်ပန်ကာမတွေ အတ္တဇာတ်ကောင်တွေအစစ်"

တရားထဲက ဇာတိပြနေသော နွဲ့နွဲ့ကို ဘာပြန်ပြောရမှန်းမသိဘဲ မမယ်သွင် ရယ်ကျဲကျဲလုပ်နေမိ၏။ အလုပ်လုပ်လျှင် အလွန်တိကျသလောက် လက်ရေးလက်သားလည်း ကောင်းလှသော စည်းကမ်းလည်း ရှိသော၊ ရုံးချိန်လည်း မှန်သော နွဲ့နွဲ့ကိုတော့ သူ မယှဉ်ဝံ့ပါ။ နွဲ့နွဲ့ ဘာလို့ ရာထူးမတက်သေးတာလဲ ဆိုတာကိုဖြင့် မမယ်သွင် မစဉ်းစားတတ်တော့ပေ။

"တစ်ခုတော့ ရှိတာပေါ့လေ၊ ကျွန်မတို့က သူတို့လောက် ရုံးအပေါ် မခင်တွယ်ကြဘူး။ အချိန်တန်ရင် အိမ်ပြန်ကြတယ်။ လေးနာရီခွဲဆိုတာနဲ့ ကားဂိတ်ပြေးပြီ။ သူတို့က ရုံးပိတ်ရက်ပါ အိုဗာတိုင်ဆင်းဆို

ဆင်းကြတာ။ ဘယ်လူကြီးကခိုင်းခိုင်း သူတို့ မလုပ်တတ်တာ မရှိဘူး။ ငြင်းလည်း မငြင်းကြဘူး။ ရှင်တို့ ကျွန်မတို့က အဲသလောက်တော့ မပေးဆပ်နိုင်ကြဘူး မဟုတ်လား၊ ဒါ အဖြေပဲပေါ့"

မမိုးဖြူက ထိုသို့ရှင်းပြတော့လည်း ရှင်းခနဲ လင်းခနဲပါပဲကွယ်။ မမိုးဖြူစကားကို ထောက်ခံရပါမည်။ ရုံးလုပ်သက်တစ်လျှောက်လုံး မင်းပွဲစိုးပွဲဆိုလျှင်၊ အခမ်းအနားတွေဆိုလျှင် မရှိမဖြစ်၊ ဘယ်သူဘယ်ဝါတွေကြားမှာ ဘယ်မှာလဲ မယ်သွင်တို့ရဲ့ လုပ်ဆောင်မှုစွမ်းရည်တွေ၊ ပြန်တွေးကြည့်စရာမလိုအောင် ၁၂ လရာသီပွဲတော်များ စီးရီးဆွဲကြည့်လိုက်ပါလား၊ စနစ်တကျ စီမံခန့်ခွဲမှု အတတ်ပညာတွေက အဲဒီအုပ်စုဆီမှာ အရည်အချင်း ပြည့်မီလျက်ရှိလေ၏။

"ဒါကတော့ မခိုင်းလို့ မတတ်တာပေါ့ဟယ်၊ ခိုင်းကြည့်ပါလား၊ သူလည်း ခေါင်းတစ်လုံး လက်နှစ်ဖက်ပဲပါတာပဲ။ တစ်မူးပိုရှူလို့ ရကြေးလား"

လွန်ခဲ့သည့် လေးငါးနှစ်လောက်က မမိုးဖြူ ထိုသို့ပြောပေမဲ့ အခုညီသို့ စိန်မခေါ်ဝံ့ပါချေ။ အကြောင်းရှိပါသည်။ ဘယ်ဌာနက ဘယ်သူဆိုလား၊ ရုံးဝါဆိုသင်္ကန်းကပ်ပွဲမှာ သူ လုပ်တတ်တယ်... သူလုပ်တတ်တယ်နှင့် ဝင်လုပ်လိုက်တာ ဟင်းမလောက်လို့ ဆိုင်က ပြေးဝယ်ရပါရောလား။ အဖြစ်မျိုး ကြုံဖူးသွားကတည်းက နောင် သင်းတို့အုပ်စုကို မလွှမ်းမိုးနိုင်တော့တာ ဘာများဆန်းပါတော့မလဲ။ ဒါမျိုးပေါ့ သင်ခန်းစာပေးခံရတယ်ဆိုတာ ယှဉ်ကို မယှဉ်ရဲကြတော့သည့်အဖြစ်မျိုး ကြုံဖူးသူတိုင်းက သူတို့ ရာထူးရထိုက်ပါသည်ဟု အဆိုပါ ထောက်ခံကြလေတော့သည်။ မထောက်ခံလို့မှ မရတာလေ။

"အသက်ကြီးပါပြီကွယ်... လုပ်သက်လည်း နှစ် ၃၀ ရှိတော့မယ်။ ဒီအဆင့်လောက်နဲ့ တိုးလာတဲ့ လစာလေးနဲ့ ကျန်းကျန်းမာမာ အလုပ်

လုပ်ရင်း ပင်စင်လေး ယူချင်ပါပြီဟယ်"

မမယ်သွင်က ထိုဝိုင်းအတွက် အမြဲလိုလို ထိုနိဂုံးချုပ်စကားလေး ပြောပြီး ကိုယ့်အလုပ်ကိုယ်လုပ်ရင်း အတန်းကြီးလာသော ကလေးတွေ အတွက် ကျူရှင်စရိတ်၊ အဝတ်အစား၊ ကားခစရိတ်၊ စရိတ် စသည်တွေ အတွက် တွေးတောရင်း ဟိုကဈေး သည်ကိုပြန်ဆပ် အပြန် ရုံးအရာရှိ မမကြီးထံ ကားခလေးတောင်းပြီး အိမ်အပြန် အချိုအချောင်ရတာလေး တွေ ဈေးအကွဲမှာ ပြေးဝယ်ဖို့သာတွေးရင်း ရုံးဆင်းချိန်ရောက်ပြီလားဟု နာရီကို လှမ်းကြည့်မိလေ၏။

Life Style မဂ္ဂဇင်း၊ မေ၊ ၂၀၁၁

❑

## အရောင်ပြယ်

- ရဲသျှမ်း -

ပြီးဆုံးတော့ပေမည်...။ ဤအရပ်၊ ဤဌာနသည် သူနှင့်ပတ်သက်ဖွယ် မရှိနိုင်တော့။ နှစ် ၄၀ သံယောဇဉ်စကားကို သူဆိုသည်ဖြစ်စေ၊ မဆိုသည်ဖြစ်စေ သူ့အတွက် ပြီးဆုံးတော့မည်။ အသက် ၆၀ သည် လူသားတစ်ယောက်အတွက် အလုပ်ခွင်မှ ရပ်နားချိန်ပင် ဖြစ်တော့သည်။

ရှေ့က လျှောက်သွားနှင့်သူတွေ၏ ပစ္စက္ခအခြေအနေကို သူ မြင်တွေ့ခဲ့ရသည်။ ထိုရောအခါ သူ ခံစားရသည်။ လက်မှတ်စာရေးချုပ် ဦးတင်အောင် အနားယူပြီးစကာလတစ်ခုတွင် လက်မှတ်ရုံသို့ ရောက်သွားခဲ့သည် (အကြောင်းကိစ္စနှင့်လား၊ အလည်အပတ်လားတော့ မသိပေ)။ လက်မှတ်ရုံအတွင်း ဝင်ခွင့်မရခဲ့ဟု ကြားသိရသောအခါ စည်းကမ်းဆိုသော ဝေါဟာရသည် ယှဉ်တွဲပူးခိုလာသော လူမှုရေးအတိုင်းအတာကိုပင် မျက်ကွယ်ပြု ဖယ်ကြဉ်သွားလေသည်။

ခံစားသိသည်။ တအုံနွေးနွေးနှင့် ပွားစည်းနေသည်။ ငါ့ကျရင်လည်း... ဤသို့အတွေးကို သူတွေးမိစဉ်မှာပင် နှလုံးသည် တုန်ယင်နေလေသည်။ 'ဦးကျော်သန်း၊ ပါဆယ်စာရေးချုပ်' ဆိုသော ထင်းရှူးပြားပေါ်က သင်္ဘောဆေးအဖြူနှင့်ရေးထားသည့် လက်ရေးဝိုင်းစက်စက်ဘေး

တွင် 'အငြိမ်းစား' ဟု ကွင်းငယ်လေးဖြင့် ဖြည့်စွက်ရမည့်ကာလကို သူ တွေးကြောက်မိသည်။ မည်သို့ပင်ဖြစ်စေ တွေ့ကြုံရမည့်ကိစ္စပါလားဟု စဉ်းစားမိပါသည်။ သေခြင်းတရားကိုပင် နဖူးတွေ့ ကြုံဆုံရဦးမည်ပင်။ အဲဒီသေခြင်းတရားကို ဆုံရပြီးလျှင်တော့ နောက်ဆက်တွဲဖြစ်စဉ်က မရှိ တော့ပြီမို့ လမ်းတစ်ခုကို မျှော်ကြည့်စရာလည်း မလိုတော့ပေ။

အခုဟာက သေတာမှမဟုတ်ဘဲ၊ အငြိမ်းစားယူတာမို့ တွေးဆ အာရုံက လူးလွန့်နေသည်။ "အငြိမ်းစားယူပြီးရင် ငါဘာလုပ်ရမလဲ" ဤသည်ကိုစဉ်းစားမိတိုင်း နှလုံးသားက ပို၍တုန်ခါလာသည်။ မျက်ဝန်း များက ပို၍မှိုင်းညို့လာသလိုပါပဲ။

ဆေးပြားလေးများကို မျိုချရင်း အာရုံကိုလွှဲဖယ်၍ စိတ်ကို တည် ငြိမ်အောင် ပြုရသည်။ အဝေးရောက် သားသမီးများကို တမ်းတကြည့် တော့လည်း သူ့စိတ်သည် ညည်းညူကာ မရှင်းမသန့်တော့ပေ။ အဖနှင့် အမိကို ချစ်တတ်သော၊ ကြင်နာတတ်သော သားသမီးတွေ ဖြစ်ပေမဲ့ သူကား သားသမီးများဆီ မနေချင်၊ စားဝတ်နေရေး လှိုင်းလုံးကြားတွင် မနစ်မြုပ်ရအောင် ကူးခပ်နေသော သားသမီးတို့ကို သူ သနားနေတတ် သည်။ သူကသာ ပေးကမ်းထောက်ပံ့ချင်သည်။ သူနှင့် သူ့ဇနီးသည် ကြောင့် တာဝန်မပိစေချင်။ ကောက်ရိုးတစ်မျှင်ပဲဖြစ်စေ ဖြစ်ချင်ပါသည်။ ခဲ မဖြစ်ချင်၊ ပိုမနစ်မြုပ်စေချင်ပါ။ သို့သော် သူ့တွင် ထွက်ပေါက်မဲ့ အဖြေမရှိပြန်ပေ။ သူ ခေါင်းကို ခါယမ်းပစ်လိုက်သည်။

သစ်သားကြမ်းပြင်ပေါ်တွင် ဖျာတစ်ချပ်ခင်း၍ ခေါင်းအုံးပင် မယူ တော့ဘဲ လှဲအိပ်ပစ်လိုက်ရင်း အတွေးရထားကို တောင်စဉ်ရေမရ ခုတ် မောင်းနေမိသည်။ အိမ်အတွင်းခန်း ခုတင်မှ စိပ်ပုတီးစိပ်ရင်း ချောင်း တဟွပ်ဟွပ်နှင့် မောညည်းနေတတ်သော ဇနီးသည်၏အသံကို နား ထောင်ရင်း စိတ်က ပါဆယ်ခန်းထဲမှ စာရင်းစာအုပ်များ၊ ပါဆယ်ထုပ်

များဆီ ရောက်သွားပြန်သည်။ ထိုအခါ လှဲအိပ်နေရာမှ အားယူထပြီး လျှင် သမင်ချိုကလေးပေါ်မှ အင်္ကျီဖြူလက်တိုလေးကို စွပ်ကျယ်ပေါ်ထပ် ဝတ်ကာ ထမင်းစား စားပွဲဘေး နံရံဆင့်တန်းပေါ်ရှိ သူ့အမည်နှင့် ရာထူး ပါ ကော်ပြားတံဆိပ်ကလေးကို ဘယ်ဘက်ရင်အုံ အင်္ကျီအိတ်ကပ်တွင် တပ်ဆင်လျက် နှစ် ၃၀ နီးပါး စွဲကိုင်ခဲ့သော ရွှေကြယ်ဟု အမိပွာယ် ရသည့် ဖောင်တိန်နီညိုလေးနှင့် မျက်မှန်ကို အိတ်ကပ်တွင်ချိတ်ကာ အိမ်ပြင်သို့ ထွက်လာခဲ့သည်။ အိမ်တံခါးကို ညင်သာစွာတွန်းပိတ်ရင်း ဇနီးသည်၏ချောင်းဆိုးသံကို နားစွင့်မိသေးသည်။

အလုပ်ချိန်ကိုက် ကာလရှည်ကြာစွာ အကျင့်ရ ထွက်လာတတ် သော မသိစိတ်လှုံ့ဆော်မှုအစဉ်သည် မှားယွင်းလွဲချော်နေပြီဟု အထင် ဖြင့် အုန်းပင်တံဆိပ် နာရီပြားလေးရှိနေသည့် ဘယ်ဘက်လက်ကို မ,တင် ကြည့်မိသည်။ လမ်းထိပ်ကွမ်းယာဆိုင်ဘေးမှာ ကွမ်းဝယ်ရင်း အချိန် ဖြုန်းလိုက်ဖို့ စိတ်ကူးနေပြန်သည်။

အလုပ်ခန်းရောက်သောအခါ သူ့စားပွဲပေါ်ရှိ စာရင်းစာအုပ်များ ကို သံယောဇဉ်အကြည့်ဖြင့် ကြည့်သည်။ ဖန်တုံးကလေးဖြင့် ဖိထား သော တန်ဆာစာရွက်များပေါ်မှ သွယ်နွဲ့သော သူ့လက်မှတ်ကလေးကို မြတ်နိုးစွာ စူးစိုက်ကြည့်လျက် ဒီလို လက်မှတ်တွေ အခါခါထိုးရတဲ့ အလုပ်ဟာ ပြီးဆုံးတော့မှာလားဟု တွေးဆမိသောအခါ ဘယ်ဘက် ရင်အုံ အလိုလိုစူးအောင့်လာပြန်သဖြင့် 'ကွမ်းစားလို့နေမှာပါ' ဟု ဖော့၍ တွေးပြီး 'ကွမ်းဖြတ်လိုက်မှပါ' ဟု နောက်ဆက်တွဲ ဆုံးဖြတ်ချက်လေး တစ်ခုကို စိတ်မှ ပြောနေမိပြန်သည်။

ကုန်သည်များရောက်လာပြီး "ဦးကျော်သန်းကြီး ပင်စင်ထိုင်တော့ မလို့ဆို" ဟူသောမေးခွန်းမျိုးအား သူ ခေါင်းညိတ်အဖြေပေးနေရသည်ကို မနှစ်မြို့ချင်တော့။ ပြုံးလျက် ရယ်လျက်နှင့်ပင် "ဟုတ်တယ်ဗျာ... အေး

အေးချမ်းချမ်း ဖြစ်သွားတာပေါ့” ဆိုသောစကားမျိုးဖြင့် သူ တုံ့ပြန်ဖြေသင့်သည်ကို နားလည်လျက်နဲ့ပင် နှုတ်ဖျားများ လေးလံဆွံ့အလျက်ရှိနေသည်။ လုပ်ဖော်ကိုင်ဖက် စာရေးကြီးများ၊ တပည့်များ၊ ကုန်ပစ္စည်းများကို ကတ္တားပေါ်ချိန်တွယ်လျက် ကုန်ချိန်စာရင်း ဖတ်ပြရင်း “ဟိုတုန်းက ငါလည်း ဒီလိုပါပဲလေ... အသက် ၂၀ လောက် ပြန်ငယ်ချင်လိုက်တာ” လို့ ပြောချင်နေပြန်သည်။ ကြိမ်ကုလားထိုင်လက်ရန်းပေါ်က ထုတက်နေသော ကြေးများကို လက်သည်းဖြင့်ဆွဲခြစ်၍ ပေါ်လစ်ရောင်ပေါ်လာသောနေရာလေးကိုပင် မနှာလိုစိတ် ပွားမိသည့်အဖြစ်ကို ရှက်ရွံ့စွာ ပြုံးမိသည်။

“တို့ဆရာကြီး ပင်စင်ယူတော့မယ်နော်၊ နှုတ်ဆက်ပွဲလေး လုပ်ကြမယ်...၊ တစ်ယောက် ၂၀ စီ ထည့်ကြပါ”

ကတ္တားဘေး စားပွဲလေးဆီမှ ‘ဂ’ စာရေး ကိုကျော်ကျော်ဦးက လှမ်းအော်လိုက်သောအခါ သူ့ လန့်ဖျပ်သွားသည်။ နှုတ်ဆက်ပွဲတဲ့၊ အို... နှုတ်ဆက်ရတော့မယ်တဲ့လား...၊ သူ အောက်နှုတ်ခမ်းကို အသာဖိကိုက်ရင်း စာရင်းစာအုပ်များကို အမိပ္ပာယ်မဲ့ လှန်လှောပစ်လိုက်သည်။ လက်တွင် နာရီပတ်ထားလျက်နှင့်ပင် ကျောဘက်နံရံပေါ်ရှိ ဆီကိုကွဲဖ်တိုင်ကပ်နာရီကြီးကို လှည့်ပြီးမော့ကြည့်မိသည်။ ရုံးချိန်ကုန်ဆုံးသွားစေချင်သည်လား၊ ရုံးချိန်ကုန်ဆုံးသွားမှာကို စိုးရွံ့သည်လား သူ မဝေခွဲတတ်။ လက်မဆီမှစ၍ လက်ချိုးရေတွက်လျက်ပင် လက်သန်းအလှည့်မရောက်နိုင်တော့သော ရက်တိုလေးများကို သူ မုန်းတီးသွားမိသည်။ ဘာဖြစ်လို့ ဒီအလုပ်အပေါ်မှာ သံယောဇဉ်တွေနဲ့ စွဲလမ်းနေတာလဲ...။ သူ မေးခွန်းထုတ်ကြည့်ချင်သည်။ တိကျရေရာသောအဖြေကိုတော့ သူ ဖြေတတ်မည်မထင်။

“လုပ်နေကျအလုပ် မလုပ်ရတော့မှာမို့ စိတ်အင်အား လျော့ပါး

သွားတာပဲ နေမှာပါ”

ဒီလိုပဲ ဖြေရမည်လား၊ မျက်စိကိုစုံမှိတ်ပြီး ငွေရောင်ဆံပင်များ လှုပ်ယမ်းသွားသည်အထိ ခေါင်းကို ခါယမ်းပစ်လိုက်သည်။ အိတ်ကပ်တွင်းမှ မျက်မှန်ကိုတပ်ဆင်ပြီး အာရုံကို စာရင်းစာအုပ်များပေါ် စုစည်းလျက် ကုန်ပစ္စည်းအမည်၊ ကုန်ချိန်၊ ကျသင့်ငွေများကို တွက်ချက်စစ်ကြောပစ်လိုက်သည်။

သူ့အတွေးများ လွင့်ပျောက်သွားပြီး ဟိုတုန်းကလိုပင် အလုပ်အပေါ် စိတ်ပါဝင်စားသော စည်းစနစ်ရှိသောလူ ဖြစ်သွားတော့သည်။ ဦးခေါင်းထက် ပန်ကာလည်သံကိုပင် သူ မကြားတော့။ ရွှေကြယ်ဖောင်တိန်လေးသာ လှုပ်ရှားပြေးလွှားနေသည်။ သူ အလုပ်လုပ်နေရလျှင် အရာရာကို မေ့ထားနိုင်ပါသည်လေ။

*

အခမ်းအနားလေးတစ်ခု ဖြစ်ပေမဲ့ ကက်ဆက်သံမရှိ၊ မိုက်ကရိုဖုန်းမရှိ၊ စားပွဲသုံးလုံးစီ မျက်ဆိုင်ပြုထားပြီး ထိပ်နှစ်ဖက်ဆီ၌ ကုလားထိုင်နှစ်လုံးစီနှင့် ကျန်ဘေးနှစ်ဖက်တွင် ကုလားထိုင်ငါးလုံးစီ ထားရှိသည်။ စားပွဲပေါ်တွင် လက်ဖက်ရည်ပန်းကန်များ၊ မုန့်ပန်းကန်များ၊ ရေနွေးဓာတ်ဘူးနှစ်လုံးနှင့် ဒူးယားသုံးဘူးကို တွေ့ရသည်။ စားပွဲထိပ်တစ်ဖက် စာရေးကြီး ဦးကြည်မြင့်ရှေ့တွင် ကလေးငယ်လေး စက်ဘီးစီးနေသည့် ရုပ်ပုံလေးများပါသည့် အစိမ်းနုရောင်စက္ကူဖြင့် ထုပ်ပတ်ပြီး ဖဲကြိုးပြာလေးကို လိပ်ပြာတောင်ပံသဖွယ်စည်းထားသည့် အထုပ်သုံးထုပ်ကို တွေ့ရသည်။ ကုလားထိုင်နှစ်လုံးမှလွဲ၍ အားလုံး ထိုင်သူရှိသွားသည်။ ရုံးလုလင်လေး မောင်လက်က လက်ဖက်ရည်ပန်းကန်များထဲသို့ နီကြင်ကြင်လက်ဖက်ရည်များကို ကရားကြီးတစ်လုံးနှင့် လိုက်လံထည့်နေသည်။

"လက်ဖက်ရည် သောက်ကြပါ၊ မုန့်လည်းစားကြပါ"

ဘယ်သူပြောလိုက်သည်မသိ။ တချို့ လက်ဖက်ရည်ခွက်ကို ကိုင်မြှောက်လိုက်သည်။ မုန့်ပန်းကန်ကို ဆွဲယူသူကလည်း ဆွဲယူသည်။ သူကတော့ ငြိမ်သက်စွာဖြင့်ပင် အားလုံးကို ငေးမောနေသည်။ လက်ဖက်ရည်တစ်ငုံမျှသောက်ယူဖို့ စိတ်ကူးကြည့်သော်လည်း ရင်ထဲမှာ ပျို့တက်နေသလို ခံစားနေရ၍ လက်ဖက်ရည်ခွက် မကိုင်မိ။

"ကဲ... စားရင်းသောက်ရင်းပဲ အခမ်းအနားစလိုက်ကြရအောင်"

စာရေးကြီး ဦးကြည်မြင့်က သူနှင့် မျက်နှာချင်းဆိုင်စားပွဲထိပ်မှ ပြောပြောဆိုဆိုနှင့် ထလိုက်သည်။ ချောင်းတစ်ချက်၊ နှစ်ချက် ရှင်းလိုက်ပြီး...

"ဒီနေ့ဟာ ကျွန်တော်တို့ မီးရထားပါဆယ်ဌာနက ပါဆယ်စာရေးချုပ်ဖြစ်တဲ့ ဦးကျော်သန်းအတွက် နှုတ်ဆက် လက်ဖက်ရည်ပွဲဖြစ်ပါတယ်။ အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း ဒီနေ့ဟာ ဦးကျော်သန်းကို နောက်ဆုံးတွေ့ရခြင်းပါ..."

နောက်ဆုံးတွေ့ရခြင်းတဲ့လားကွယ်။ စီးကရက်လေးဆီက ထွက်လာတဲ့ မီးခိုးဖြူလေးတွေ လွင့်ပြယ်ပျောက်ဆုံးသွားခါနီး ကျန်ရစ်တဲ့ အမြင်ဝါးဝါးလေးလို နောက်ဆုံးတဲ့လား...။

"ဆရာကြီးဟာ အလုပ်ခွင်မှာ အဂတိလိုက်စားမှု ကင်းတဲ့သူ၊ အလုပ်ကို စနစ်တကျ သေသပ်စွာနဲ့ လုပ်ခဲ့ပြီး လုပ်ဖော်ကိုင်ဖက်များအပေါ်လည်း ညှာတာတတ်တဲ့သူဆိုတာ ခင်ဗျားတို့၊ ကျွန်တော်တို့ သိပြီးဖြစ်ပါတယ်။ ဒါကြောင့် ဒီအခမ်းအနားဟာ နှုတ်ဆက်ပွဲလို့မယူဘဲ ဂုဏ်ပြုပွဲလို့ ယူဆရင် မှားမယ်မဟုတ်ပါဘူး"

'ဂုဏ်ပြုပွဲ' ဆိုသော စကားရပ်လေးကို တိုးဖွဖွလိုက်ရွတ်သည်။ သူ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမကြည့်ခဲ့ဖူးပေ။ ခုလို ချီးမွမ်းဂုဏ်ပြုပြနေ

တော့ ရှက်ရွံ့သလို ခံစားနေရသည်။ အနေရခက်လာသဖြင့် ဒူးယားတစ်ဘူးကို လှမ်းဆွဲပြီး ဒူးယားတစ်လိပ်ကို ဆွဲနှုတ်လိုက်သည်။

"နောက်ဆုံးပြောချင်တာကတော့ ဦးကျော်သန်းတစ်ယောက် ကျန်းမာချမ်းသာစွာနဲ့ ထာဝရ ရွှင်လန်းချမ်းမြေ့စေဖို့ ဆုတောင်းပေးကြပါကြပါ၊ ကျေးဇူးတင်ပါတယ်..."

'ထာဝရ ရွှင်လန်းချမ်းမြေ့ပါစေတဲ့' သူ့ရင်ထဲ လှုပ်ခါသွားသည်။ လက်ခုပ်သံတွေဟာ နားထဲမှာ စူးရှစွာ တိုးဝင်သွားသလိုပါပဲလား။ နောက် တစ်ယောက်ပြီးတစ်ယောက် ဂုဏ်ပုဒ်တွေဖော်ပြပြီး အခမ်းအနားလေးကို အသက်ဝင်နေစေလေသည်။ ချစ်စရာကောင်းတဲ့ မိတ်ဆွေများနဲ့ တပည့်တို့ကို နှုတ်ဆက်ရပါပြီ။

"အားလုံးဟာ ပြီးဆုံးခဲ့ပါပြီဗျာ" ဟု သူ့နှုတ်ဖျားမှ ဒီစကားကို ထပ်တလဲလဲ အော်ဟစ်ပစ်လိုက်ချင်သော်လည်း ဒီလိုအော်ဟစ်လိုက်ရင်ပဲ ရင်ထဲက ဝေဒနာတွေက ကြေပျက်သွားမှာတဲ့လားကွယ်...။

"နောက်ဆုံးအစီအစဉ်အဖြစ် ဦးကျော်သန်းက ဆုံးမဩဝါဒစကားပြောကြားပေးပါ ခင်ဗျား"

သူ ဆတ်ခနဲဖြစ်သွားပြီး ဖြည်းညင်းစွာထသည်။ ဆုံးမဩဝါဒဘာကိုပြောရမလဲ၊ ဘယ်လိုပြောရမလဲ သူ စဉ်းစားသည်။ တစ်ခုခုကိုတော့ ပြောရမှာပဲလေ...။ စကားများ တုန်ယင်နေမလားဟု တွေးပူသည်။ စကားကို အတိုဆုံးပြောဖို့ပဲ စိတ်ကူးတော့သည်။

"ကျရာတာဝန်ကို သစ္စာရှိရှိ လုပ်ကိုင်ပေးကြပါ၊ အလုပ်ကို ချစ်မြတ်နိုးပေမဲ့ သံယောဇဉ်မထားကြပါနဲ့..."

သူ ထိုင်ချလိုက်သည်။ သူပြောတဲ့စကား မှားများသွားသလားဟု တွေးနေမိသည်။ ရင်ထဲက စကားတွေပဲလေ။

လက်ရင်း တပည့်သုံးယောက် သူ့ကို ထိုင်ကန်တော့တော့ မျက်ဝန်း

တွင် မျက်ရည်များ စို့စွတ်လာသည်။ ဆုပေးစကားကိုပင် မဆိုဖြစ်တော့။

"သွားတော့မယ် သားတို့ရေ..."

*

မျက်နှာကို ပွတ်သပ်ပြီးသည်နှင့် မျက်နှာသုတ်ပဝါကို ပခုံးပေါ် တင်လျက် အိမ်နောက်ဘက်ကို ဖြတ်ဝင်လိုက်သည်။ ရှင်းလင်းနေသော ထမင်းစား စားပွဲမျက်နှာပြင်ကိုပဲ တွေ့ရသည်။ ကော်ဖီခွက်မရှိ၊ နည်းနည်းထူးခြားနေသလို ဖြစ်နေသည်။ တစ်ဖက်ခြမ်း မီးဖိုခန်းဘက်တွင် တလှုပ်လှုပ် တကုပ်ကုပ်ရှိနေတတ်သော ဇနီးသည်ကိုလည်း မတွေ့မိ။ ရေချိုးမဆူသေးသည်မို့ အဆင်သင့် မရှိသေးခြင်းလား၊ ကော်ဖီဖျော်အပြီး စောင့်ရရင်တော့ နောက်ကျတော့မည်။ ဒါမျိုး သူက မဖြစ်တတ်၊ အချိန်ကိုက် အကျင့်စွဲက ရှိနေပြီးသားပဲလေ...။

အိပ်ခန်းတွင်း ပြန်ဝင်လာပြီး ဝတ်ဆင်ထားဆဲ ညဝတ်စွပ်ကျယ်အင်္ကျီကို မလဲတော့ဘဲ ဗီရိုတွင်းမှ မီးပူကျ အင်္ကျီဖြူလက်တိုတစ်ထည်ကို ဆွဲထုတ်လိုက်သည်။ ခုတင်ဘေးရှိ မှန်ထဲသို့ လှမ်းကြည့်ကာ တိုတိပါးလျားပြီးသား ဆံပင်ကို ခါတိုင်းလိုပင် တစ်ချက် နှစ်ချက် သပ်လိုက်ပြီး အိမ်နောက်ဘက်ခန်းဘက် ပြန်ထွက်လာခဲ့သည်။

ထမင်းစား စားပွဲဘေးနံရံမှ တန်းပေါ်တွင်ရှိ သူ့အမည်နှင့် ရာထူးပါ တံဆိပ်လေးကို စမ်းနေတုန်းမှာပင် ခေါင်းရွက်ဈေးသည်ထံမှ ဖြစ်မည်ထင်ရသည့် ဘူးသီးစိတ်တစ်စိတ်နှင့် ခရမ်းသီးသုံးလေးလုံး လက်မှ ဆွဲကာ အိမ်တွင်းဝင်လာသော ဇနီးသည်ကို တွေ့လိုက်ရသည်။ မီးဖိုခန်းဘက် တစ်ခါတည်းဖြတ်မသွားဘဲ ရပ်လျက် သူ့ကို စူးစူးစိုက်စိုက်ကြည့်နေသည့် ဇနီးသည်၏ ထူးခြားသည့်အမူအရာကို သတိထားမိပေမဲ့ လက်ထဲရောက်လာသည့် ရာထူးနှင့် အမည်ပါတံဆိပ်ကို ရင်အုံအပေါ်

ဘက်တွင် ချိတ်တွယ်ရန်သာ ပြင်ဆင်လိုက်သည်။

"ဒါက ဘာလုပ်နေတာလဲ"

ဇနီးသည်၏ တအံ့တသြမေးသံကြောင့် တံဆိပ်ငုံ့ချိတ်နေရာမှ ဖျတ်ခနဲ မော့ဖြစ်သွားသည်။ အပြုအမူတစ်ခု၏ အမှားအယွင်းကို သတိပေးလိုက်ခြင်းပဲဟု သိမိသည်နှင့်တစ်ပြိုင်နက် တုန်လှုပ်၊ သိမ့်ခါလာသော နှလုံးသားမှ ဖြစ်စဉ်များက လက်ဆီသို့ ကူးစက်လာလေသည်။

မနေ့က နှုတ်ဆက်ပွဲ၊ ပင်စင်စား... အသိတို့ တိုးလျှိုဝင်လာသော အခါ ကိုယ့်ကိုယ်ကိုယ်ပင်လား၊ နှစ် ၄၀ နီးပါး ပေါင်းသင်းလာခဲ့သော ဇနီးသည်ကိုပင် ရှက်ရွံ့တုန်ယင်စွာ တံဆိပ်လေးကို စားပွဲဘေးနံရံမှ တန်းပေါ်သို့ မသိမသာ ပြန်တင်လိုက်မိတော့သည်။

ခြေထောက်ဦးသည် အိမ်ခန်းဘက်လှည့်သွားကာ လက်အစုံသည်လည်း အင်္ကျီဖြူလေး၏ တပ်ပြီးစ ကြယ်သီးများကို ဖြည်းညင်းစွာ ဖြုတ်လျက်...။

ဒဂုန်မဂ္ဂဇင်း၊ ဇွန်၊ ၁၉၈၇

❑

## မစားကောင်းသော သစ်သီး

- ကိုခိုင်နွေ(ပုသိမ်) -

ခြေထောက်မှာ မှဲ့ပါရင် ခြေရှည်မယ့်လူပဲဟု အမေ နိမိတ်ဖတ်ပြီး နှစ်ပေါင်းအတန်ကြာသောအခါ တစ်ရွာပြီးတစ်ရွာပြောင်း၍ ကျောင်းဆရာဘဝမှာ မျောပါခဲ့ရလေသည်။

ရာထူးလေးတစ်ဆင့် တက်လိုက်သည်နှင့် ဝါးခယ်မမြို့သို့ ခြေကုန်သုတ်ရပြန်သည်။ လမ်းသမိုင်ချောင်းမှတစ်ဆင့် ကျုံမငေး စက်လှေကလေးနှင့် မြစ်ကြောင်းအတိုင်း ဆန်တက်ပြီး ပိတ္တာလေး အလကတွင် နေရာရလေ၏။

ဗုဒ္ဓဘာသာ ကရင်ရွာကြီးပင် ဖြစ်သော်လည်း ရောက်ခဲ့ဖူးသော ရွာကြီးများနှင့်မတူ တစ်မူထူးခြားကာ ထူးဆန်းပါပေ၏။

ကျွန်တော် နေထိုင်ရာ အခန်းကျဉ်းကလေးသည် တစ်ချိန်က မူလတန်းကျောင်းကလေး၏ ရုံးခန်း ပြုလုပ်ခဲ့ဖူးပုံရသည်။ ခုတော့ အလကဖြစ်သွား၍ အဆောင်များလာသဖြင့် ထိုကျောင်းကလေးသည် သူငယ်တန်းတစ်တန်းတည်း သင်သောကြောင့် ရုံးခန်းမှာ အသားလွတ် လစ်ဟာသွားခြင်းဖြစ်ပေမည်။ အခန်းလေးမှာ ၁၀ ပေပတ်လည်ပင်ဖြစ်သော်လည်း သပ်ရပ်လုံခြုံမှုရှိခြင်းကြောင့် တစ်ကိုယ်ရေ တစ်ကာယသမား

အတွက် အကောင်းဆုံးနေရာလေးပင်ဖြစ်သည်။ ခြေတံရှည် သွပ်မိုးပျဉ်ကာဖြစ်၍ ကျောင်းအောက်တွင် မိုးအခါ၌ ရေများဖွေးနေတတ်သည်။ ရွာသည် ချောင်းကလေးကို အလိုက်သင့် တည်ထားသောကြောင့် ရွာတန်းရှည်ဖြစ်ပြီး ကျောင်းနှင့် အိမ်တန်းမှာ သဲမြေနုလမ်းကလေးသာခြားလေသည်။ ကျောင်း၏ အရှေ့ဘက်တွင် တစ်မျှော်တစ်ခေါ် လယ်ကွင်းများ၊ ကွင်းထီးထီးတွင် ကုက္ကိုပင်တန်းနှင့် လယ်စောင့်တဲများ၊ ဟိုးခပ်ဝေးဝေးတွင် ညိုပြုပြုရွာများ။

ကျောင်းရှေ့တွင် ထန်းပင်အစီအရီနှင့် သောက်ရေကန်ရှိပြီး ထန်းတက်လှေကားများကို တွေ့ရသဖြင့် ရွာခံတစ်ဦးကို စပ်စုစွာ မေးကြည့်မိသည်။ နှုတ်ခမ်းကို လျှာဖြင့်သိမ်းရင်း ထန်းရည်ရမှာပေါ့နော်ဟု မျှော်လင့်သံကလေးက ပါးစပ်မှထွက်သွားတော့ ဟုတ်ကဲ့၊ ထန်းရည်ရတယ်၊ ဒီမှာ ဘယ်သူမှ ထန်းရည်မသောက်ရဘူး၊ ထန်းလျက်ပဲ ချက်တယ်ဟု စီကာပတ်ကုံး ပြောလေသည်။

ရောက်စက မိုးဦးကျ ငါးရစ်တက်ချိန်ဆိုတော့ ကျောင်းဝင်းအတွင်းရှိ လယ်ကွင်းထဲမှ ငါးတွေဆိုတာ ထမင်းအိုးဆူနေသလား အောက်မေ့ရတယ်။ စာသင်ဆောင်နှင့် ကျွန်တော်နေထိုင်ရာ အခန်းကျဉ်းကလေးကို ဆက်သွယ်ထားသော ဖို့မြေလမ်းကလေးတွင် လယ်ပုစွန်လုံး ကျစ်စာတွင်းများနှင့် ပြည့်ကျပ်နေ၏။ နဂိုကမှ ငါးပုစွန်မြင်လျှင် ဖမ်းချင်သည့်စိတ်က ရှိတတ၊ လက်စလက်နကလည်း ရှိသည်မို့ တွင်းဝကို ထွက်လာသမျှ စိမ်ပြေနပြေ စောင့်ရိုက်ပြီး ပလတ်စတစ်အိတ်ဖြင့် တစ်လုံးကြီးထည့်ထားသည်။ ဆီနိုင်နိုင်နှင့် ကြော်စားပစ်မယ်ဟု တွေးကာ ကိုယ့်ဘာသာ ပီတိတစ်ခွဲသားနှင့်။ လုပ်ဖော်ကိုင်ဖက် ကိုတင်ငွေဆီရောက်တော့ တကယ့်သူရဲကောင်းကြီးသဖွယ် ရင်ကော့ပြီး ဝမ်းသာအားရ အိတ်မြှောက်ပြလိုက်သေးသည်။

"ဟာ ပြဿနာပဲ၊ ဟေ့လူ၊ ဒုက္ခတော့ ရောက်တော့မှာပဲ။ မပြော မဆိုနဲ့ဗျာ၊ ခက်တော့ ခက်နေပြီ၊ သူများတွေတွေ့ရင် ခင်ဗျား မလွယ်ဘူး၊ အကျိုးနည်းပါပြီ၊ ကျွန်တော့်ကို မေးစမ်းပါဦးလား"

ကြည်နူးဖို့အရေး လက်ဆင့်ကမ်းပေးကာမှ သူပြောသမျှ တစ်ခုမျှ စိတ်ချမ်းသာဖွယ်ရာမရှိ၊ ခပ်တိုးတိုးမေးကြည့်တော့မှ ပိဋကတ်လေးရွာသည် သတ္တဝါများကို ဘေးမဲ့ပေးထားသောရွာ၊ အခါကြီးရက်ကြီးနှင့် လပြည့် လကွယ်ရက်များတွင် သက်သတ်လွတ်စားသောရွာ၊ ကုန်းသတ္တဝါကို ရွာထဲမှာလည်း မမွေး၊ စားလည်း မစားသောရွာဟု မသိသေးသူကို ရှင်းပြသလိုမျိုးပြောတော့ ကျွန်တော့်မှာ အခါခါ အားနာမိလေသည်။ ချောင်းသည် ရွာနံဘေးတွင်ရှိသော်လည်း ငါးပုစွန်မဖမ်းရ၊ ရွာနှင့် လွတ်ရာကျွတ်ရာတွင်သာ ဖမ်းဆီးရသည်တဲ့။

သူပြောတာ နောက်ကျသွားပြီ၊ ပုစွန်လုံးတွေက တစ်ကောင်မျှ အရှင်မဟုတ်တော့။ ဘယ်သူ့မှ မပြောနဲ့ဗျာ၊ ကျွန်တော် မျက်နှာပူလို့ ဆိုပြီး လူသူမမြင်နိုင်သည့်နေရာကို အထုပ်လိုက်ကြီး လွှင့်ပစ်လိုက်လေသည်။

အဲသည်အဖြစ်အပျက်လေးကို ကြုံတွေ့ပြီး နောက် ၁၀ ရက် ကြာသောအခါ ကျွန်တော့်အိပ်ရာပေါ်တွင် အကြမ်းပန်းကန်လုံးလောက် ရှိသော ငန်းတော်ကျားကြီးတစ်ကောင် အခွေသားရှိနေလေ၏။ ညဉ့်ဦး ယံမို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်မိ၍သာ။ မီးမပါ ဘာမပါနှင့် အတင်းလှဲပြုအိပ်လိုက်လျှင် ဘေးမဲ့ပေးထားခြင်းဖြစ်သော်လည်း ကြောက်လိုက်သည်မှာ ဒူးသာမက တစ်ကိုယ်လုံးပါ တဆတ်ဆတ်တုန် သည်။ ခင်ဗွေးမြင့်ကို ပထမဦးဆုံး ရည်းစားစကား စပြောတုန်းကထက် ပင် ပိုလိမ့်ဦးမည်။ ခင်ဗွေးမြင့်မှာ ခုခံစရာဆိုလို့ မသကာ စိန်ဓားမောက် တံဆိပ် ဖိနပ်ပါးကလေးသာ ရှိမည်။ အနက်တစ်ရစ်၊ အဝါတစ်ရစ်ကြီး

ကတော့ အဆိပ်တွေ တစ်လှေကြီးနှင့် ဘယ်လောက်ကြောက်သလဲဆို လျှင် လက်တွေ့စမ်းကြည့်မိသည်မှာ ကြာဆူးပေါက်နေသလိုမျိုး။ လက် နှိပ်ဓာတ်မီးကို မောင်းတင်ထားပြီး ရှိသမျှ ဖယောင်းတိုင်တွေကို လိုက် ထွန်း၊ သူ့လည်း မျက်ခြည်မပြတ် ပေကလတ် ပေကလတ်ကြည့်ရင်း ခြေဖဝါးတွေတောင် ယားလာသည်။

"မင်းလမ်း မင်းသွားပါ၊ ဒီနေရာဟာ မင်းနေရာ မဟုတ်ဘူး၊ မင်း နဲ့ငါ ရန်သူလည်းမဟုတ်ဘူး၊ ငါ မင်းကို မေတ္တာပို့တယ်၊ ငါ့ကို ရန်မမူ ပါနဲ့၊ အေးအေးဆေးဆေးသွားပါ"

ကြောက်လန့်မှုကြောင့် အသံတွေ အက်ကွဲလျက် ကိုတင်ငွေ သင် ပေးထားသမျှ အလွတ်ရနေအောင်ကျက်ပြီး ရှက်ရှက်နှင့် ခပ်တိုးတိုး ပြောလိုက်သောအခါ တရွေ့ရွေ့နှင့် လျှောဆင်းသွားပါတော့သည်။ မေတ္တာကြောင့်လား၊ မီးရောင်နှင့် လူသံကြောင့်လား၊ အရေးကြီးသည်က ဟောသည်နေရာမှာ ရှိမနေဖို့ဘဲဖြစ်သည်။ ဖူးခနဲလား၊ ဟူးခနဲလား၊ ကိုယ့်ကိုယ်ကိုယ်တောင် မသိ။ ပါးစပ်မှ လေပူမှုတ်ထုတ်ရင်း သူခွေထား သောနေရာမှာ ထိုင်မိပေမဲ့ အေးစက်စက်ကြောင့် ခပ်ဖိဖိမထိုင်ရဲ။ ပက် လက်အိပ်နေတုန်း ဗိုက်ပေါ်တက်ခွေနေမလား။ ခြေထောက်ကို ဖြတ် ကျော်မလားနှင့် တထိတ်ထိတ်နှင့် အိပ်ရသည်မှာ ပင်ပန်းလွန်းလှ၏။

အရှည်တစ်တောင်၊ အနံလက်နှစ်လုံးခန့်ရှိသည့် ကင်းခြေများကြီး များ၊ ပါးပျဉ်းခွက်နေသော မြွေဟောက်ကြီးများကို ခဏခဏတွေ့သော် လည်း ပါးစပ်ထဲ အဆင်သင့်ရှိသည့် မေတ္တာပို့နည်းကို အသုံးချရာ အောင်မြင်သောကြောင့် ကြောက်စရာမဟုတ်သည့်တိုင် နည်းနည်းတော့ လန့်သည်က များသည်။

ငါးပုစွန်ပေါသည်မှာ အားကျစရာဖြစ်သော်လည်း မြွေပေါ၊ ကင်း ပေါခြင်းကိုတော့ မနှစ်သက်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးညို

က ကျူမငေးဈေးမှအပြန် ဆီးဖြူသီးတစ်ပြည် ဝယ်လာသတဲ့။ အဲသည်ဟာကို အခန်းထဲမှာထားလျှင် မြွေမလာတဲ့။ ဘယ်သူက လက်တို့စကားပြောကြားလိုက်သည်မသိ၊ ဆရာမကြီးအခန်းနှင့် စာသင်ခန်းများကို လိုက်ပြီးဖြူးသည်။ ကလေးတွေက ဘုမသိ ဘမသိ တွေ့ရာကို ကောက်စားပြီး ရေသောက်နေကြသဖြင့် ကာကွယ်ရေးနည်းလမ်းမှာ အဆုံးသတ်သွားလေတော့သည်။

ချောင်းထဲ ရေဆင်းချိုးသည့်အခါတွင် မျောပါလာသော မြွေဆိုးများကြောင့် သည်နေရာ၊ သည်ဌာနကို လာမိတာ မှားပြီလားဟု တွေးကာ မြေပြင်မှာပစ်လှဲပြီး အော်ငိုပစ်လိုက်ချင်တော့သည်။ ရေချိုးဆိပ်တံတားတွင် လူ ဘယ်လောက်များစေကာမူ ငါးပုစွန်တို့သည် လူ ရှိသည်ဟု တွေးတောင်မတွေး၊ လွတ်လပ်စွာ ကူးခပ်နေသဖြင့် အံ့သြနေမိသည်။ လူကလည်းမဖမ်း၊ သူတို့ကလည်း ကြောက်ဟန်မပြ။ လူအနားကနေပြီး ရေကူးမပျက်။ ထူးဆန်းသောရွာဟု တစ်စတစ်စ လက်ခံလိုက်မိတော့သည်။

လယ်ကွင်းထဲမှာ ပိတ္တာလေးရွာနှင့် အခြားရွာများကို ဆက်သွယ်ထားသော ဖို့မြေလမ်းရှိသော်လည်း နွေတွင်ခယောင်း၊ ဆောင်းမှာရွှံ့စေး၊ မိုးအေးလျှင် နွံပျစ်တို့ဖြင့် စိတ်ညစ်ဖို့ကောင်းသော မြေလမ်းမျှသာဖြစ်သည်။ ရာသီဥတုသာယာသည့်အခါ ထိုလမ်းကလေးတွင် လမ်းလျှောက်မိသည်။ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ရေနုတ်မြောင်းကြီးများရှိပြီး လယ်ကွက်များက အစီအရီ။

သည်လမ်းကိုအားပြုကာ ကျောင်းသွားကျောင်းပြန်၊ လယ်တောပြန်၊ ဈေးဝယ်ပြန်တို့ဖြင့် လူသွားလူလာ မပြတ်သည့်ကြားထဲ တံငါအလုပ်ဖြင့် အသက်မွေးသူတွေကို တွေ့ရသည်။ ပလိုင်းနှင့်တကွ ငါးဖမ်းကိရိယာတွေကို ထမ်းပြီး တအိအိပြန်လာကြသူတွေကိုမြင်တိုင်း အဖေ့ကို

ပြန်ပြောင်းသတိရမိသည်။

အဖေသည် ငါးရှာ၊ ဖားရှာ ဝါသနာပါ၍ ကျွမ်းကျင်သူတစ်ဦး ဖြစ်ခဲ့ဖူးသူတည်း။

*

ကျွန်တော် အသက်ငါးနှစ်ပြည့်လုခါနီးမှာ အဖေက အမေ့ကို ရေးကြီးခွင်ကျယ် စကားတစ်ခု ပြောပါသည်။

"မရွှေ၊ ဒီကောင့်ကို အတန်းကျောင်းလေး ဘာလေး ထားဦးမှဟ၊ စာတတ်တော့လည်း လူရာဝင်တာပေါ့ဟာ၊ ငါတို့ပေးနိုင်တာ ပညာအမွေပဲရှိတယ်"

ပုလင်းထဲက အရည်တွေကို အကြမ်းပန်းကန်လုံးထဲ သွန်ချရင်း အမေ့ကို ပြောပြနေပေမဲ့ အမေက စိတ်မဝင်စား၊ အဖေ ကျေနပ်ပုံမရတော့ "ငါစကားလည်း နားထောင်စမ်းပါဦးဟ၊ ဒီကောင့်ရှေ့ရေးကို နင်လည်း ကူပြီး စဉ်းစားပေးပါဦး" ဟု ထပ်ဆင့်မြွက်ကြားလေ၏။ အရက်သောက်ပြီးမှ ပြောတဲ့စကားဆိုတော့လည်း အမေက သိပ်ပြီး နားထောင်ချင်ပုံမရ။ ဆန်ကောထဲက စပါးလုံးကိုသာ တစ်စေ့ချင်း စေ့ငစွာ ကောက်ယူနေသည်။ အဖေက နည်းနည်းမူးလာတယ်ဆိုရင်ပဲ သူ့ရောမစီမံကိန်းကြီးကို အကောင်အထည်ဖော်တော့သည်။ ဘယ်က ဘယ်လို ရှာဖွေရသည်မသိရသော သူငယ်တန်း ဖတ်စာအုပ်ကို အိပ်ခန်းထဲက ထုတ်လာသည်။ စာအုပ်မှာ အတော်ဟောင်းနွမ်းစုတ်ပြဲကာ အနှောင့်ကို ဝါးခြမ်းနှစ်ခြမ်းဖြင့်ညှပ်ပြီး ချုပ်ထားလိုက်သေးသည်။ စာအုပ်ကို ကြမ်းပြင်ပေါ်ချပြီး ကျွန်တော့်ကို အထိုင်ခိုင်းသည်။

"သား ဟောသည်မှာဖတ်၊ ကကြီး ခခွေး ဂငယ် ဃကြီး င ကျယ်ကျယ်လေးဖတ်"

ကျောင်းတောင်မတက်ရသည့် ကလေးကို ဆက်တိုက်သင်ပေးသည်မှာ ဘယ်လိုဖတ်ရမှန်းတောင်မသိ။ မသိလည်း ကိစ္စမရှိ။ အချိုပန်းကန်ပြားထက်ကြီးသော သူ့လက်ဝါးကြီးကို အသားကုန်ဖြန့်ကားရင်းနားထင်နားရင်း အစရှိသော ချက်ကောင်းများကို ပိတ်ပက်ရိုက်သောကြောင့် လန့်ဖျပ်ပြီး မနည်း ကြိုးစားဖတ်ရသည်။ အက္ခရာငါးလုံးကိုရှေ့က တစ်ခေါက်ဖတ်ပြပြီး သင်ပေးတော့ အစိမ်းသက်သက်ကြီးမို့နားဝေတိမ်တောင်။ ကျောပြောင်ပြောင်ကလေးများ ထုလိုက်သည်မှာဝမ်းခေါင်းသံတောင် ပါသည်။

"ငိုသံမပါနဲ့၊ မျက်ခွက်ဖြတ်ရိုက်လိုက်လို့၊ ဗလုံးဗထွေးကြီး လုပ်နေပြန်ပြီ၊ သေတော့မှာပဲ၊ ဖတ်စမ်းပါ၊ တယ် ငါလေ ပိတ်ကန်လိုက်ရ၊ ဆိုလေ ဘာမော့ကြည့်နေတာလဲ၊ နားအုံတော့ ကွဲတော့မှာပဲ၊ သေသေချာချာ ပြန်ဖတ်၊ နာတော့မယ်၊ ကကြီး ခကွေး ငါးလုံးလောက်ကိုများဖတ်နေလိုက်တာ၊ စိတ်ရှိလက်ရှိ လုပ်ရရင်တော့ အရိုးတွေ ကျိုးပွဲကုန်တော့မှာပဲ၊ မှတ်ဉာဏ်မှမကောင်းတာ၊ ဒါနဲ့များ မရွှေတို့က သူ့သားကိုအထင်ကြီးလို့"

အက္ခရာငါးလုံးပေါ်သို့ ကျွန်တော့်မျက်ရည်ပေါက်ကြီးများ အလုံး ၅၀ လောက် တပေါက်ပေါက် ကျလာသည်အထိ အဖေ စာသင်တုန်း၊ တဗုန်းဗုန်း တဖြန်းဖြန်း ရိုက်နှက်ကန်ကျောက်လိုက်သည်မှာ ထိုနေရာကနေရာတောင် ရွေ့သွားသည်။ လက်ဦးဆရာ အဖေသည် ဆိုင်းဝိုင်းထဲကပတ်မတီးသေ၍ ဝင်စားသလားဟု ထင်မှားမိသည်။

တစ်ခွက်သောက်၊ တစ်လုံးသင်၊ တစ်ချက်ရိုက်စနစ်ဖြင့် နေ့စဉ်ရက်ဆက် ကြုံပါများလာတော့လည်း ထုသားပေသားမကျဘဲ စာသင်ရမည်ကို ကြောက်လာသည်။ အဖေ့မြင်သည်နှင့် စာအုပ်ကို တွဲဖက်မြင်လာသည်။ ထိုမှတစ်ဆင့် လက်ဝါး၊ လက်သီး ဒေါသကြီးလျှင်

တံတောင်၊ ဖနောင့်၊ ရင်ခေါင်းထဲ အောင့်သွားသောကြောင့် အဖေ့လိုသာ ကျောင်းမှာဆိုလျှင် ခက်ရော့မည်။

"ငါတို့ပေးနိုင်တာ ပညာအမွေပဲရှိတယ် မရွှေ"

လက်သုံးစကားကို အားမာန်လေးနည်းနည်းထည့်၊ တစ်ခွက် နှစ်ခွက် ဆင့်သောက်ပြီးချိန် ပလိုင်းဆွဲကာ ကျွန်တော့်ကို ချောင်းထဲ ခေါ်သွားပါတော့သည်။ အဖေ့နောက်က ရှိုက်သံနှင့် မျက်ရည်လည်ရွဲ ပြီး လိုက်ပါခွင့်ရသည်ကပဲ စာသင်တာထက် ကောင်းပေလိမ့်ဦးမည်။

ချောင်းကမ်းနဖူးမှ မတ်တတ်ရပ်၍ ဘယ်နေရာ ဘယ်ငါး၊ ဘယ် နားမှာ ငှက်သိုက်၊ ဘယ်ဗျိုက်တောမှာ ရေအိုင်ဆိုတာကို တံငါမျက်စိ ဖြင့် စူးစမ်းပြီး သိမ်းကျုံးကြည့်နေလေ၏။

"လာ သား၊ အရှေ့ချောင်းဖျားသွားမယ်၊ အဲဒီမှာ ကျိန်းသေနိုင် တယ်ကွ"

စာသင်တုန်းကတစ်မျိုး၊ ချောင်းရိုးရောက်တော့ လေသံပြောင်းလာ သည်။ ပြောင်းလေ ကောင်းလေ၊ နို့မဟုတ်လျှင် လူစင်စစ်က ငါးဖယ် ဖြစ်ရော့မည်။ နေပူလာသဖြင့် သူ့ခမောက်ကို ကျွန်တော့် ဆောင်းပေး သည်။ အဖေ့ ခမောက်ဆောင်းစရာ မလိုလောက်အောင် ဆံပင် ကောက်တိ ကောက်ကွေး ဘုတ်သိုက်ကြီးက နေရောင်ခြည်ကို ကာရံ ပေးပြီးသား ဖြစ်နေသည်။ စိတ်ရှုပ်လာလျှင် ဆံပင်ဖုတ်ထဲသို့ လက် ငါးချောင်းသွင်းကာ တဗျင်းဗျင်းကုတ်လိုက်သောအခါ အကြဲထွက် မထွက်တော့မသိ၊ အမှုန်တွေက တဖွားဖွားနှင့် မြင်မကောင်းအောင် ကျလာတတ်သည်။ သူ့အနားမှာ လူရှိနေလျှင် ဘာတွေလဲဟဟုမေးပြီး နောက်သို့ ခပ်ယို့ယို့ ရှောင်သွားလေသည်။

ချောင်းရိုးနှုတ်ခမ်းရှိ လယ်ကန်သင်းများကို ကွေ့ပတ်လျှောက်ရ လွန်း၍ ခြေထောက်ညောင်းတာ အသာထား၊ မြက်သင်တုန်းတွေရှ၍

စပ်ဖျဉ်းဖျဉ်းဖြစ်လာပြီ။ အဖေက ဒါတွေကို မမှုပြီ။ တော်ရုံတန်ရုံ မြေစိုင်ခဲပင် ခလုတ်တိုက်၍ ကြွေမွပုံ့ထွက်သွားလောက်အောင် သူ့ခြေထောက်တွေက မာကျောနေလေသည်။ ကျွန်တော့်မှာသာ အဖေ့နောက်လိုက်အဖြစ် စိတ်ညစ်လာသည်။ အိုင်တစ်အိုင်ကို စနည်းနာလိုက်၊ အခြေအနေမမှန် တွက်သားမကိုက်လျှင် ထားပစ်ခဲ့လိုက်နှင့် စိတ်မရှည်ချင်တော့။ ငါးပွက်နေသော ကျွဲလူးအိုင်များကို လက်ညှိုးထိုးပြသောအခါ မင်းဘာသိလို့လဲ၊ ရေနည်းနည်းများသေးတယ်၊ တို့မှာ ရေပက်စရာမှ မပါတာဟု ဆောင့်ကြီးအောင့်ကြီး ပြောသေးသည်။

"အိုကေ၊ အဆင်ပြေသဟ၊ ငါးသံကြားတယ်။ လာ သား၊ သွက်သွက်ကလေး"

အပြေးတစ်ပိုင်းနှင့်သွားတော့ ကလေးခြေလှမ်းဖြင့် ရမ်းသမ်းပြီးလိုက်ရသည်မှာ မလွယ်၊ ချောင်းနှင့် နည်းနည်းလှမ်းသော်လည်း အဖေပြောသလို ငါးခုန်သံ၊ ငါးတိုးသံ ဖြောင်းဆန်နေအောင် ကြားနေရသည်။ ထိုနေရာသည် ပထမတော့ ကျွဲလူးအိုင် ဖြစ်မည်ထင်ရသော်လည်း ခရာချုံတို့က ဝိုင်းအုံပေါက်နေသဖြင့် ကျင်းချိုင့်အဖြစ်သာ ကျန်ရစ်ခဲ့သည်။

ချောင်းရေက ခန်းလုနီးပါးကျသွားချိန်၌ လိုက်ပါမသွားဘဲ အနေကောင်း၍လည်းဖြစ်နိုင်သော လက်ကျန်ငါးတို့ကို ချုံအောက်မှာမို့ မမြင်ရ။ အသံသာကြားရသည်မှာ အားရှိစရာ။ အဖေက သူ့ဝသီအတိုင်း ခဏမျှ ဆောင့်ကြောင့်ထိုင်ကြည့်နေသေးသည်။ ကုန်မည့်အချိန်၊ ရမည့်ငါး၏ပမာဏကို ဝေဖန်သုံးသပ်ပြီးမှ ညစ်တီးညစ်ပတ် ညည်းတွားလိုက်သေးသည်။

"… မှပဲ၊ ဘယ်ကောင် လက်ဦးသွားတယ်မသိဘူး၊ ဒါဟာ နောက်ကျန်တဲ့ငါးပဲဖြစ်မယ်၊ ဒါတောင် မနည်းရှိသေးတယ်၊ အစက တော်တော်များမှာကွ၊ လက်မတင်လေး နောက်ကျသွားတယ်"

စဥ့်အိုးထဲမှာ လှောင်ထားသော ငါးတွေလို ဘယ်အချိန်ဖမ်းဖမ်း ရသည်မို့ စိတ်အေးအေးနှင့် အရသာခံကြည့်နေပြီးတော့မှ ခါးတောင်း မြှောင်အောင် ကျိုက်တော့သည်။ ပလိုင်းကို ကျွန်တော့်ကိုင်ခိုင်းပြီး နွံပျစ် ကျင်းထဲသို့ ဆင်းလေ၏။ ရေက တစ်ထွာလောက်မို့ ဖမ်းဖို့ မခက်ခဲ။ ကျင်းအစပ်ရှိ မြက်ချုံများဆွဲပြီး ရှင်းလိုက်ရာ ငါးရံ့တစ်ကောင် လန့်ခုန် လျက် အဖေ့လက်တွင်းသို့ ရောက်လာသည်။

"ဈေးဦးပေါက်ပဟေ့၊ ဟဲ့ နင့်အဖော် ၁၀၀၀ ခေါ်"

ငါးတစ်ကောင်ရလျှင် နောက်ထပ်ရပါစေဟု ပြောသလိုမျိုး။ တစ်ခါတစ်ရံ သွားရင်းလာရင်း ငါးပေါက်စကလေးတစ်ကောင် တွေ့ လျှင် ဟင်းလည်းမချို၊ တံစို့ထိုးကင်လည်း မရသည့်အတွက် လက် ကလေးနှင့် အသာကောက်ပြီး ချောင်းစပ်ဆင်းကာ နင့်အသက်တစ်ခါ လွှတ် ငါ့အသက် ၁၀ ခါလွှတ်ဟု အဖေ ရွတ်ဖူးသည်ကို တွေးမိပြီး အကောင်ကြီးသောအခါ နင့်အဖော် ၁၀၀၀ ခေါ်တဲ့၊ တော်တော် တော် တဲ့ အမြော်အမြင်ကြီးသော အဖေပါတကား။

အဖေပစ်ပေးသမျှ ငါးတွေကို ပလိုင်းထဲ ကောက်ထည့်ရသည် မှာ ပျော်စရာတစ်ခု။ ကိုယ်တိုင်မဖမ်းရပေမဲ့ ရလာသမျှ ငါးများသည် အရှင်ချည်းမဟုတ်။ အဖေ့လက်တွင်းရောက်သည်နှင့် ဆန့်ငင် ဆန့်ငင် ဖြစ်သွားလေ၏။ ငါးခူ၊ ငါးရံ့၊ ငါးပြေမ၊ ငါးသင်းအုံ့ အစရှိသော စားကောင်းသည့် ငါးနှင့်အတူ များသောအားဖြင့် ငါးခေါင်းတိုက များ သည်။

"ကျင်းပတ်လည်မှာ တွင်းတွေ အများကြီးပဲ၊ ကလိုင်ဖောက်ပြီး နေတာကွ၊ တချို့တွင်းဆို ငါးခူလေးငါးကောင်လောက် ရတတ်တယ်၊ ဟောတွေ့လား၊ ဒီမှာ"

တွင်းထဲနှိုက်လိုက်၊ ငါးတစ်ကောင်ဆွဲထုတ်လိုက်နှင့် အဖေ ပျော်

နေပုံရသည်။ အချိန်အတော်ကြာသောအခါတွင် "ဒီငါးရံ့က တော်တော်ခေါင်းမာတာပဲကွ၊ အထဲမှာ ရုန်းကန်နေတာ၊ ဘယ်ရမလဲကွာ၊ ငါနဲ့တွေ့ရင် သက်သာမယ်မထင်နဲ့" ဟု ပါးစပ်မှ တရစပ်ပြောပြီး သဲကြီးမဲကြီး ဖမ်းနေလေသည်။ ဖမ်းမမိလေ အဖေ စိတ်တိုလေ၊ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု၏အမည်ကို ဖိရွတ်လေ။

ခဏကြာတော့ ရှုံ့ရှုံ့မဲ့မဲ့နှင့် ကျင်းနှုတ်ခမ်းပေါ် တက်လာသည်။ လက်နှစ်ဖက်ကို ဆုပ်လာသည်မို့ ရောမအကောင်ကြီးလားဟု ကြည့်မိရာ ဘာမျှမတွေ့ဘဲ လက်ကို လက်ဖြင့် ဆုပ်လာခြင်းသာ ဖြစ်သည်။ ငါးကျည်းစူးတာဖြစ်မယ်ဟုတွေးပြီး ငိုင်တွေတွေကြည့်နေရာမှ အဖေက ကျွန်တော့်ကို မေးဆတ်ပြ၏။

"လာ အိမ်ကို အမြန်ပြန်ရအောင်"

ငါးလည်းကုန်၊ ပလိုင်းလည်းမကောက်၊ နောက်မြီးပြတ်နေသော ဖိနပ်ကိုတောင်မှ သတိမရတော့ဘဲ ရှေ့က သုတ်ခြေတင်လေ၏။ မူးရူးပြီး စိတ်မနှံ့ဖြစ်သွားသလားဟု ထင်မှားကာ ပလိုင်းကို မနိုင့်တနိုင်ထမ်းရင်း ကသောကမျောသွားနေသော အဖေ့နောက်က မနည်းမီအောင် ပြေးလိုက်ရသည်။

အိမ်ရောက်တော့ မမွေ ဖျာသာခင်းပေရော့ဟုပြောကာ ရွံ့ပေကျံလျက်က တက်အိပ်တော့သည်။ အမေက ဒက်ခနဲသိပြီ။ အဖေ့လက်ကို ဆေးကြောကြည့်လိုက်သောအခါ လက်ခွကြားတွင် အစွယ်ရာနှစ်ပေါက်နှင့် ညိုမည်းနေသောဒဏ်ရာကို တွေ့ရလေ၏။ အဖေ့ကိုနှိုးပြီး ဆေးဆရာဆီ သွားဖို့ပြင်တော့ လုံးဝသတိမရသည်သာမက သူချစ်သော ဇနီးနှင့်သားကို ခွဲခွာသွားလေပြီ။ သေခါနီး၌ ကျွန်တော့်ကို အနားခေါ်ပြီး နားနားကပ်ကာ စကားတစ်ခွန်း မှာခဲ့သည်။

အမေက ကျွန်တော့်ကို ရင်ခွင်ထဲဆွဲသွင်းရင်း အဖြစ်ဆိုးလှချည်

လား ကိုအောင်ဖြိုးရေဟု ဆွဲဆွဲငင်ငင် အော်ဟစ်ငိုလိုက်သောအသံက တစ်ရွာလုံးကို အကြောင်းကြားလိုက်သလို ဖြစ်သွားလေသည်။

*

ကျောင်းတက်ခေါင်းလောင်းထိုး၍ အတန်းထဲဝင်သည်နှင့် မင်္ဂလာပါဟူသော စကားလုံးဖြင့် ဝင်ရောက်ခဲ့ရသော်လည်း အနည်းအကျဉ်းတော့ စိတ်မသက်သာစရာတွေနှင့် ကြုံခဲ့ဖူးသည်ချည်းပင်။ သူတို့ မျက်နှာနုနုလေးတွေဆီက မင်္ဂလာပါဆရာဟူသော ရင်ထဲက ပါပါ မပါပါ စိတ်ချမ်းမြေ့စရာကိုတော့ တစ်ခါတစ်ခါ ခံစားခဲ့ရဖူးသည်။

တတ်နိုင်သည့် မိဘများက မြို့ကို ကျောင်းသွားထားသောကြောင့် ရွာမှာ ကျန်ခဲ့သူများမှာ စာတော်သည် မတော်သည် အပထား၊ ၅၀ ရာခိုင်နှုန်းသည် နှမ်းပါး၍ ကျန်တစ်ဝက်သည် မပြည့်စုံသူများသာ ဖြစ်ကြသည်။ အလယ်တန်းကျောင်းသားကြီးတွေ ဖြစ်သော်လည်း ဖိနပ်မပါသူ၊ လွယ်အိတ်မဝယ်နိုင်သူ၊ ကျောင်းအပ်စရာမရှိ၍ ကျောင်းထွက်ရသူ၊ နိုပ်စာအုပ် ဒါမှမဟုတ် ဗလာစာအုပ် မဝယ်နိုင်သူများသာ ဖြစ်သည်။ အသက်အရွယ်ကလည်း ရှစ်နှစ် ကိုးနှစ်ကျမှ သူငယ်တန်း စတက်ကြတော့ ရှစ်တန်းလည်းရောက်ရော အရွယ်ကို စဉ်းစားသာ ကြည့်ပေရော့။

နွေရာသီတစ်ခုတွင် မြို့ပြက သူငယ်ချင်း ဆရာမနှင့် ဆုံခဲ့ဖူးသည်။ သူမသည် အလယ်တန်းပြ လျှောက်လျှင်ရပါလျက် မူလတန်းပြကိုသာ တွယ်ကပ်နေသည်။ ပြန်ခါနီးကျတော့ နင်ကော အဆင်ချောရဲ့လားဟု မေးသဖြင့် နင့်လိုတော့မဟုတ်ဘူး၊ နေပျော်ရုံလေးပါပဲဟု မှုသားချိုချိုကလေးနှင့်ပြောပြီး ကသုတ်ကရက် ပြေးခဲ့ရသည်။

ကျွန်တော့်မှာ ဘယ်ရွာပြောင်းပြောင်း ဘယ်ကျောင်းနေနေ ကံကောင်းတာတစ်ခုကတော့ ကျောင်းသားနှင့်မိဘ၊ ကျောင်းကော်မတီ၊

ကျောင်းအုပ်နှင့် ပညာရေးဝန်ထမ်း၊ အောက်ခြေဝန်ထမ်းကအစ ချစ်ခင်ခြင်းခံခဲ့ရသော ဂုဏ်ပုဒ်ကလေးကလွဲ၍ ဘာမျှကြွားဝါစရာမရှိ။ ကျောင်းထွက်မည့်ကလေးကို အားပေးရင်း ထောက်ပံ့ရတာတစ်သွယ်၊ စာအုပ်မဝယ်နိုင်လို့ လှူတာကအမြတ်၊ ဖိနပ်ကအစ ခမောက်အဆုံး သိမ်းကျုံးဆင်ယင်ရတာလည်း တစ်မျိုး၊ သောက်ရေအိုး တံမြက်စည်းကို ကိုယ်တိုင်ဝယ်ပြီးထားရတာလည်း ရှိသေး၊ ရွာမှာနေသော အမေ့ဆီကို ပြေးပြေးပြီးမကြီးမငယ်နှင့် လက်ဖြန့်နေရတုန်းမို့ ကျောင်းဆရာလုပ်မိတာများ ငါးပါးရော သံဃာစင်ပါ မှောက်၊ တရားထောက်တဲ့သူလည်း ခေါင်းကွဲ၊ မိုးပြဲဒယ်လည်း နှုတ်ခမ်းပဲ့ဆိုတာလို ဖြစ်နေပြီ။

သူတို့၏ ကွက်လပ်ကလေးများ လိုက်လံဖြည့်ရလွန်းသဖြင့် အစားအသောက် ခြိုးခြံရသည်မှာ လူလည်း ခါးပြတ်ရှော့မည်။ ပီတိစားအားရှိသည်ထက် ငါးပိကိုစားနိုင်ဖို့အရေး တစ်နေ့တစ်နေ့ အားမွေးရသည်မှာ မလွယ်။ အိမ်ပြန်လက်ဆောင်ဆိုတာကတော့ အဖိုးတန်မဟုတ်ပေမဲ့ အနည်းအကျဉ်းတော့ ရတတ်သည်။ သီတင်းကျွတ်ကျောင်းပိတ်ရက်လိုမျိုးမှာ ကျွန်တော် အိမ်ကိုပြန်တတ်သဖြင့် အတန်းထဲမှာ ကလေးတွေ မေးဖူးသည်။ ဆရာ ဘယ်တော့ပြန်မှာလဲတဲ့။ ပြန်ရင်အသံပြုပါတဲ့။ ပြန်မယ့်ရက်ကို ကြိုပြောပါတဲ့။

တံငါရွာတွင် ငါးပိ ငါးခြောက်၊ တောင်သူရွာရောက်တော့ ဆန်နှင့် ကောက်ညှင်း၊ ရိုးမခြေရင်း ရွာတွေမှာ တောဟင်းလျာအခြောက်များရတတ်သည်ကလွဲ၍ သူငယ်ချင်းမ ပြောသလိုမျိုးတော့ ဆိုင်ပြန်သွင်းဖို့နေနေသာသာ ဝမ်းတစ်ထွာထဲကို အငြိုးနှင့် စုပုံပစ်သွင်းလိုက်တော့သည်။

အခန်းပြီးဆုံးမှုစာမေးပွဲ စစ်ပြီးသည်နှင့် သီတင်းကျွတ်ရှော့မည်။ ပြန်မှာလားလို့ တမေးထဲ မေးကုန်ကြပြီ။ ခပ်တည်တည်နှင့် ပြန်မယ်၊

ဘာထည့်ပေးမလို့လဲဟုမေးတော့ ရပါတယ်ဟု ဝိုင်းအုံပြောကြ၏။ သေချာပြီ၊ ပိတ္တာလေးရွာသည် ငါး ငါးပိ၊ ငါးရံ့ခြောက်၊ ငါးခူငါးပိကောင်၊ အုန်းနှင့် ကွမ်းသီး အလျှံပယ်ထွက်ရာရွာဖြစ်သောကြောင့် စိတ်နည်းနည်း အေးသွားသည်။ နိုင်ပါ့မလား၊ သင်္ဘောပေါ် အတက်အဆင်း လွယ်ပါ့မလားဟု ရှေ့ရေးတွေးပြီး စတိုင်ကျကျ ပူနေမိသေးသည်။

ခက်တာက နက်ဖြန်ပဲ စာမေးပွဲစစ်တော့မည်။ ကျောင်းခေါ်ချိန် စာရင်းလှန်ပြီး နာမည်ခေါ်တော့ ကျောင်းသားတစ်ယောက် နာမည် ပျောက်နေသည်။ ကျောင်းမတက်တာ သုံးရက်ရှိပြီ၊ ခွင့်လည်းမတိုင်၊ အရေးကြီးပါသည်ဆိုခါမှ နမော်နမဲ့နိုင်လွန်းသော ကျောင်းသားကို စိတ်တိုတိုနှင့် ကိုင်ပေါက်ပစ်လိုက်ချင်တော့သည်။ စာသင်ခဲ့သည့်ကာလ တိုင်း အဖေ့ကို သတိရပြီး ရိုက်နှက်ခြင်းကို ထာဝရရှောင်ကြဉ်ထားသူ မို့ ရောင့်တက်ခြင်းများလား။

"ခွေးကောင်၊ စောအေးမြင့်၊ ဒုက္ခတော့ ရောက်ဦးမှာပဲ"

လွှတ်ခနဲပြောမိသဖြင့် အတန်းထဲက ကလေးတွေ ကြားသွားသည်။ စိတ်ဆိုးနေပြီထင်ပြီး ငြိမ်ကုပ်ကုန်ကြသည်။ သူနှင့် နီးစပ်ရာတွေကို မေးမြန်းစုံစမ်းကြည့်တော့ အဖြေကို တိတိကျကျပြောနိုင်သည်။ မသိဘူးတဲ့။ သည်လိုဆိုလျှင် ခက်ပြီ။ ညနေကျောင်းဆင်းချိန်မှာ သူ့အိမ်ကို သွားပြီး ကြည့်ဦးမည်ဟု အားခဲထားပေမဲ့ စိတ်က တော်တော်တိုနေပြီ။ နေတာကလည်း လယ်ကွင်းထဲရှိ လယ်တဲကျွဲတင်းကုပ်မှာဆိုတော့ ရိုးဖြတ်ချောင်းကူး တကူးတကသွားရမှာမို့ စိတ်ပျက်နေမိသော်လည်း မတတ်နိုင်တော့။

*

"လာပါ၊ ညွှေ့သည်နဲ့တူပါရဲ့၊ ဩော် ဖိုးခွားရဲ့ဆရာပဲ၊ ထိုင်ပါ၊

ဘာကိစ္စများ ရှိလို့ပါလဲ"

ခင်းပေးသော သပေါ့ဖျာကလေးပေါ်ထိုင်ရင်း လာခဲ့ရသော ခရီးလမ်းကို ပြန်ဖို့အရေး တွေးတောင် ကြောက်လာသည်။ ခရီးကဝေး၊ လမ်းက မကောင်း၊ ချောင်းဖြတ်တံတားကလည်း ခနိုးခနဲ့။ ရွာနှင့်ဝေးတော့ မှောင်လာလျှင် ပိုးမွှားကြောက်ရသေးသည်။

"စောအေးမြင့် ကျောင်းမတက်လို့ လာတာပါ၊ နေမကောင်းဘူးလား၊ နက်ဖြန်ခါပဲ စာမေးပွဲစစ်တော့မယ်၊ ခွင့်လည်းမတိုင်တော့ ဘာအကြောင်းမှန်းမသိလို့ပါ"

"နက်ဖြန်ခါ စာမေးပွဲရှိတယ်ဆိုတာ သူ သိတယ်၊ စာလည်းကျက်တယ်၊ ကျောင်းပျက်တာကတော့ မနက်မိုးလင်းရင် ချောင်းထဲဆင်းသွားတာပဲ၊ ငါးရလာလည်း ချက်စား ရောင်းစားတာက နည်းနည်းရယ်၊ ငါးရံ့တွေခွဲ အခြောက်လှန်း၊ ငါးခူတွေကို ငါးပိကောင် လုပ်နိုင်းသေးတယ်၊ ဘာလုပ်ဖို့လဲမေးတော့ အမိုး နောက်တော့ သိမှာပါတဲ့"

ခရေစေ့တွင်းကျ ပြောပြနေတုန်းမှာ သီချင်းသံ အော်ကြီးဟစ်ကျယ်နှင့် စောအေးမြင့် ပြန်ရောက်လာသည်။ ဝမ်းသာလုံးဆို့ပြီး ငါးရလာကြောင်း သူ့အမိုးကို သတင်းပို့နေသေး၏။ တစ်ကိုယ်လုံး ရွှံ့များ လိမ်းကျံထားသော်လည်း ပင်ကိုရုပ်က မပျောက်။ တဲပေါက်ဝနားမှာ ငါးထည့်သည့် သံပုံးကြီးကိုချပြီး စိတ်အေးလက်အေး အမောဖြေနေသေးသည်။ ကျွန်တော့်ကို ရုတ်တရက်မြင်သွား၍ သူ့ခမျာ အနေအထိုင် ကျပ်သွားသည်နှင့် ပီတိတို့ရုပ်သိမ်းကာ ခေါင်းကလေး ငုံ့သွားရှာသည်။

"ဘယ်လိုလဲ အေးမြင့်၊ ငါ့ကိုတောင် သတိမရတော့ဘူးလား၊ မင်းက ကျောင်းမတက်ဘဲ ငါးချည်းဖမ်းနေတာကိုးကွ၊ ဘာလဲ ငါးဒိုင်သွင်းဖို့လား"

ရှက်ကိုးရှက်ကန်းဖြစ်နေပြီး ပြန်ပြောရမည့်စကား ရွေးချယ်နေဟန်

တူသည်။ ရှစ်တန်းကျောင်းသား လူပျိုပေါက်ကလေး၏ ဆံပင်သည် နေဒဏ်ကြောင့် ပုစွန်တုပ်အမွေးအရောင် ဖြစ်နေသည်။ သည်အရွယ်သည် ကျောင်းစာအံရမည့်အရွယ် ဖြစ်ပါလျက် ကွင်းကြိုကွင်းကြား၊ ချောင်းကြိုချောင်းကြားမှာ အချိန်ဖြုန်းနေသည်သာမက ခွင့်မဲ့ပျက်ကွက်ခြင်းကြောင့် သည်ကောင့်မြင်တော့ ဒေါသထွက်ရမလို သနားရမလို။

"ခွင့်လွှတ်ပါဆရာ၊ ကျွန်တော့်မှာ အပြစ်ရှိပါတယ်။ ကျောင်းပိတ်ရက်မှာ ဆရာပြန်မယ်ဆိုလို့ အတန်းထဲက ကောင်မလေးတွေ လက်ဆောင်လိုက်စုနေတယ်။ နန့်သင်းနွဲ့တို့အဖွဲ့က ကွမ်းသီးနဲ့အုန်းသီး၊ အောင်ဇော်လတ်တို့အဖွဲ့က ငါးငါးပိ၊ ဝါဝါဝင်းတို့အဖွဲ့က ငါးပိကောင်၊ ကျွန်တော်၊ ကျော်လွင်နဲ့ စိုးမင်းက ငါးခြောက် တာဝန်ယူလိုက်တယ်ဆရာ။ ကျော်လွင်နဲ့ စိုးမင်းက ပျင်းတော့ ကျွန်တော့်ချည်းပဲ လိုမ့်ခိုင်းနေတာ၊ နောက် ဆရာ့အတွက် ကျွန်တော်လည်း မျက်နှာမငယ်ရအောင် ကိုယ့်ဘာသာပဲ ဖမ်းဆီး၊ အခြောက်လှန်းပေါ့။ ကျွန်တော် မပေးနိုင်ရင် တစ်တန်းလုံးက ဝိုင်းပြီး အပြစ်တင်ငြိုငြင်မှာစိုးလို့ပါ။ ဒါကြောင့် ကျွန်တော် ကျောင်းပျက်တာပါ ဆရာ"

ရင်မှာ နင့်ခနဲ ခံစားရသည်နှင့်အမျှ ကိုယ့်အတွက်နှင့် တစ်ဖက်သား ပင်ပန်းနေသည်ကို မကြည့်ရက်။ သူ့ပခုံးကို ဖွဖွဖက်ရင်း တစ်ချိန်က အဖေ့ကို ပြေးပြီး မြင်ယောင်လာသည်။ သေအုံ့မှုးမှုးအချိန်တွင် ကျွန်တော့်ကို အနားခေါ်ပြီး စကားတစ်ခွန်း ပြောဖူးသည်ကို အမှတ်ရလာသည်။

"ငါ့သား နောက်ကို ရေခန်းငါး မဖမ်းနဲ့နော်၊ အန္တရာယ်ရှိတယ်"

အဖေသည် လောဘဇောကြီးစွာ အန္တရာယ်ရှိမှန်းသိပါလျက် ရေခန်းငါးကို ဖမ်းခဲ့ဖူးသောကြောင့် အစာမြင်၍ အာသာငမ်းငမ်းတက်နေသော အဆိပ်သတ္တဝါ၏လက်ချက်ဖြင့် မပြန်လမ်းသို့ မြန်းသွားရရှာ

လေပြီ။ အစာရှာသူချင်း ထိပ်တိုက်တွေ့ကာ အဖေ နောက်ကျသွားရာပြီ။ အဲသည်အချိန်က အဖေ့စကားသည် ဘာမှန်းမသိခဲ့သော်လည်းပြောမယုံ မကြုံဖူးခဲ့၍ ခုချိန်မှာ တန်ဖိုးကြီးမှန်း သဘောပေါက်ခဲ့သည်။

ကျွန်တော် ဆုံခဲ့ဖူးသည့် ကျောင်းသားများသည် ကြွယ်ဝသူများမဟုတ်သည့်အတွက် အနေအစားဆင်းရဲသည့်ဘဝမှာ ရောင့်ရဲနေသူများဖြစ်သဖြင့် ကိုယ်လျှောက်ခဲ့ရသောဘဝနှင့် နှိုင်းယှဉ်ကာ အမြဲတမ်း ကိုယ်ချင်းစာခဲ့ဖူးသည်။ အနစ်နာခံကာ လမ်းပြဦးဆောင်ခဲ့ဖူးသည်။

ချောင်းနှုတ်ခမ်းဖျား၊ ရေကျန် လက်ကျန် ငါးသွားရှာသည့် စောအေးမြင့်တစ်ယောက် ကံကောင်းထောက်မ အိမ်ပြန်ရောက်လို့သာ။ တကယ်လို့များ မပြောကောင်း မဆိုကောင်း ဝမ်းစာရှာသူအချင်းချင်း ပြိုင်ပွဲစည်းဝိုင်းအတွင်းမှာ အသက်လုပွဲ ဆင်နွှဲခဲ့ရပါသည်ဆိုလျှင် လက်ဆောင်ရဖို့ အသာထား၊ တုန်ချည့်ကြေကွဲ မျက်ရည်ဝဲလျက် အမိန့်စာပြန်နေရဦးမည်။

ခက်တာက ကျွန်တော်ကိုယ်တိုင် ရေခန်းငါးဖမ်းသူတစ်ယောက်ဖြစ်ချင်နေပါလားဟု သံသယပွားသည်နှင့်အမျှ ပြင်းထန်သောအဆိပ်တို့သည် ကြိတ်မနိုင် ခဲမရ လက်ဖျားမှတစ်ဆင့် နှလုံးသားဆီသို့ တရွေ့ရွေ့ စီးမျောလျက်။

မိုးမိုး(အင်းလျား)အမှတ်တရ ၂၀၀၀ ပြည့်နှစ် ဆုရဝတ္ထုတိုများ

❑

## ဆစ်ဂ်မန်ဖရွိုက် ပတ်ပျိုး

- ဇော်ဇော်အောင် -

လူအတော်စုံသည်။ စိန်မြင့်နှင့် အောင်ကြီးမြင့်တို့ ရောက်နှင့်နေပြီ။ လှမြင့်တို့ နောက်ထပ်လိုက်လာကြလိမ့်မည်။ လူစုံတော့ ဝိုင်းစသည်။ ထုံးစံအတိုင်း ကျွန်တော် ပုလင်းကိုင်၍ ခွက်လှည့်ပေးရသည်။ သိပ် ပျော်စရာကောင်းသည်။ သည်လို ပျော်စရာကောင်းပုံမျိုး နောက်ထပ် ကြုံတော့မည်မဟုတ်ကြောင်း ဟိုတုန်းက မစဉ်းစားမိ။ အတော်များများ သွားတော့ အိပ်ပျော်ကုန်ကြသည်။ ကျွန်တော် အိပ်မရသေး။ ကျွန်တော် မဝသေး။ တံခါးကို အသာစေ့၍ အောက်သို့ဆင်းခဲ့သည်။ ကမ်းနား လမ်းမပေါ်မှာ လူရှင်းနေ၏။ ရွှေဘုံသာလမ်းဘက်ဆီမှ ကားဟွန်းသံများ ကြားရသည်။ လဝန်း အတော်မြင့်ပြီ။ လေအေးကလေးတစ်ချက် မြစ် ဘက်ဆီမှ တိုက်ခတ်လာ၏။ ကျွန်တော် တောင်ပေါ်သို့ တက်ခဲ့သည်။ တောင်တက်လမ်းပြေရာမှ မတ်လာ၏။ အမြင့်ရောက်လေလေ အအေး ဓာတ်က ပိုလေလေ။ သစ်ပင်ကြီးတွေကြားမှာ လရောင်သည် ပြိုးပြောက် ကွက်ကျားနေ၏။ အောက်သို့ လှမ်းကြည့်လိုက်ရာ လရောင်ဝိုးဝါးတွင် လယ်ကွင်းများနှင့် ချောင်းငယ်များကို မြင်ရသည်။ တောင်ပေါ်သို့ ဆက် တက်သည်။ တောင်ထိပ်ဟုထင်ရသောနေရာသို့ ရောက်ပြီ။ သစ်ပင်ကြီး

တစ်ပင် ခြေရင်းမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ မိုးပေါ်မော့ကြည့်တော့ သစ်ပင်တွေကြားမှ လမင်းကို မြင်ရသည်။ ကျွန်တော် ရှေ့တည့်တည့်ခြေထောက်နားမှာ အရက်ပုလင်းကြီးတစ်ပုလင်း။ ဂျော်နီဝါးကားတံဆိပ်ပတ် အနက်။ သိပ်မဆိုးတဲ့ ဝီစကီပါပဲ။ ဒီနေရာမှာ ဘာ့ကြောင့် ဒီပုလင်းကြီး ရောက်နေသလဲမသိ။ ဘယ်သူ လာထားသွားသလဲ မသိ။ ဘယ်လိုရောက်လာသလဲ မသိ။ မစဉ်းစားနဲ့လေ။ ပုလင်းကိုဖွင့်၍ တစ်ငုံမော့လိုက်၏။ နေပါဦး၊ ဒီပုလင်းက...။ နောက်ထပ်တစ်ငုံမော့လိုက်၏။ ဒီနေရာမှာ ဘယ်လိုလုပ်ပြီး ရောက်...။ ကျွန်တော် နောက်ထပ်တစ်ငုံမော့လိုက်ပြန်၏။ ထို့နောက် တစ်ငုံ။ နောက် အတော်ကြာတော့ ကျွန်တော် အိပ်ပျော်သွားသည်။ ထိုတောင်ထိပ်က သစ်ပင်ကြီးနောက်မှာ ကျွန်တော် အိပ်ပျော်သွားသည်။

ထိုတောင်ထိပ်ပေါ်မှာ ကျွန်တော် အိပ်ပျော်သွားတာ နှစ်ပေါင်း ၄၀ ကြာသည်။ နှစ်ပေါင်း ၄၀ တိတိ ကြာအောင် အိပ်ပျော်သွားသည်ကို ဘယ်သူပြောသလဲ၊ ကျွန်တော် အသေအချာမသိ။ ကျွန်တော်သိတာက လသာတဲ့ ညတစ်ည တောင်ထိပ်တစ်ခုပေါ်မှာ အိပ်ပျော်သွားသည်။ ကျွန်တော်အိပ်တာ နှစ်ပေါင်း ၄၀ ကြာသည်ဟု တစ်စုံတစ်ယောက်က ပြော၍ ကျွန်တော် သိနေခြင်းဖြစ်သည်။ ယခု ကျွန်တော် အိပ်ရာက နိုးလာပြီ။

ကျွန်တော် အိပ်ရာကနိုးတော့ ဇေယျာလင်းတို့စားပွဲမှာ ရောက်နေတော့သည်။ ငြိမ်းဝေက ရေတွေ သောက်နေသည်။ ထွန်းဝေမြင့်က စကားမပြော၊ ဖန်ခွက်ကို လှည့်ပတ်ကစားနေသည်။ ခင်အောင်အေးက ဖန်ခွက်ထဲ ရေခဲတုံးထည့်နေ၏။ ဇေယျာလင်းက ကျွန်တော့်ကို ပြောသည်။

"အဘိုးကြီး ယူမှာလား"

"အင်း... နှစ်ယောက်ယူမယ်"

ဇေယျာလင်းက ကျွန်တော့်မျက်နှာကို လက်ညှိုးနှင့်ထိုး၍ ရယ်သည်။ ကျွန်တော်တို့ စကားပြောမှာ ကံတွေမပါတာလား၊ နာမ်တွေမပါတာလား မေးကြည့်ရဦးမယ်။ ကြိယာတော့ ပါ၏။ သူက ယူမလားမေးသည်။ ကျွန်တော်က ယူမယ်ပြောသည်။ ဘာပြဿနာမှ မဖြစ်တန်ကောင်းရာ။

"ဒါပြောတာ... ဒါပြောတာ အဘိုးကြီးရဲ့"

ဇေယျာလင်းက ရယ်မော၍ ပုလင်းကြီး ကိုင်မြှောက်ယမ်းပြသည်။

"အင်း... ထည့် ထည့်။ ငါက ဟိုဟာပြောတာ"

ကျွန်တော်က နံရံပေါ်က ချိတ်ထားသော ပြက္ခဒိန်ပေါ်က မိုဒယ်ကောင်မလေးနှစ်ယောက်ကို လက်ညှိုးထိုးပြ၏။ ခင်အောင်အေးက ကျွန်တော့်လက်ညှိုးကို ဖွန်းနှင့်ခေါက်၏။ ဒါ ဘာမှပြဿနာဖြစ်စရာအကြောင်းမရှိဟု ထင်သည်။ ကိုယ်ကျင့်တရား ပျက်ပြားသောကိစ္စမဟုတ်ဟုလည်း ထင်သည်။ ထိုညက ကျွန်တော် မအိပ်ဖြစ်ပါ။ သည်တစ်ခါ အိပ်ပျော်သွားလျှင် ဘယ်နနှစ် ကြာမည်လဲမသိ။ တစ်ညလုံးကာရာအိုကေဘားမှာ သီချင်းဆိုနေလိုက်၏။

တောင်ငူဆောင်ရှေ့မှာ သစ်ရိပ်ဝါးရိပ် ကြီးမားသည်။ နေပြောက်မထိုး၊ အေးမြ၏။ လက်ဖက်ရည်ဆိုင်တွေမှာ လူတွေ သိပ်မစည်သေး။

"ဒီစာအုပ် ဖတ်ပြီးပြီလား"

ကျွန်တော် စိတ်နှင့်ကိုယ်နှင့် သိပ်မကပ်။ ဘာမှ ဖြီးလိမ်းပြင်မထား၊ မျက်နှာဝင်းဝင်း ဆံပင်တိုတိုဖွာဖွာ ကောင်မလေးကိုကြည့်၍ ကြောင်နေသည်။ အမှန်တော့ အသက်သိပ်မငယ်လှ။ ကျွန်တော့်အသက်နှင့် နှိုင်းစာ၍ ကောင်မလေးဟု ထင်နေတာ ဖြစ်မည်။

"ဟင်... ဘယ်စာအုပ်လဲ"

"ဒီစာအုပ်လေး"

Anti-Aesthetics ဆိုသော စာအုပ်ဖြူဖြူလှလှကလေး။ ပန်းချီဆရာအေးကို နိုင်ငံခြားကဝယ်လာပြီး ကျွန်တော်ဖတ်ဖို့ ပေးထားသော စာအုပ်။

"ငါ စာမဖတ်ဘူး၊ စာအုပ်ကလေးလှလို့ ကိုင်လာတာ"

"ဟင်"

"ဟုတ်တယ်"

"ပို့စ်မော်ဒန် သဘောတရားတွေအကြောင်း ရေးထားတာလား"

"ငါ မဖတ်ပါဘူးဆိုနေမှ၊ ဘယ်သိမလဲ"

"ခင်ဗျားမဖတ်ရင် ကျွန်တော့်ကို ငှားပါလား"

"တစ်ခါတည်း အပိုင်ယူလိုက်တော့"

"ဟင်"

"ငါမှ မဖတ်တာ ယူလိုက်"

ကောင်မလေး စာအုပ်ရလို့ ဝမ်းသာသွားသည်။ ရသပညာအကြောင်းတွေ သူ စိတ်ဝင်စားတာ အရင်ကတည်းက သိနေသည်။ အမှန်တော့ ဤလောကမှာ ဘာရသမှမရှိ။ လူတွေက ရှိသည်ဟု ထင်နေကြတာ။ ဘာရသမှမရှိဘဲ ရသပညာဆိုတာ ဘာသွားလုပ်ရမှာလဲဟု တွေးမိ၏။ ထိုအတွေးသည် ခပ်ကြောင်ကြောင်ဖြစ်၍ တစ်ယောက်ယောက် ကြားသိသွားလျှင် အပြစ်တောင်တင်လိမ့်မည်။ အရေးကြီးတာက မရှိသောရသမဟုတ်။ ရှိမှမရှိတာ ဘယ်လိုလာ၍ အရေးကြီးရမည်လဲ။ သို့ဖြင့် အရေးကြီးတာက ဘာလဲ။ ဘာမှ အရေးမကြီးဘူးဟု ပြောလျှင်လည်း သိပ်မဟုတ်သေးဘူးဟု ထင်သည်။ ကျွန်တော့်ရှေ့က အုတ်နီခဲရောင်ထနေသော လက်ဖက်ရည်ခွက်ကို ကောက်ယူမော့သောက်ပစ်လိုက်၏။ ပါးစပ်ထဲမှာ ချဉ်နေသည်။ ဗီးဂတ်စ်တစ်လိပ် မီးညှိသောက်

လိုက်သည်။ ခံတွင်းချဉ်ပြေအောင်။

"ပါးစပ်ချဉ်တာ အရေးကြီးတယ်"

"ဟင်… ဘာလဲ"

ကောင်မလေးသည် အဆက်အစပ်ပြတ်နေသော ကျွန်တော့်စကားကြောင့် အူကြောင်ကြောင် ဖြစ်သွားပုံရ၏။

"ဘာမှမဟုတ်ပါဘူးဟာ"

ကောင်မလေးသည် စာအုပ်ကို တစ်ရွက်ချင်း ဖြည်းဖြည်းလှန်၍ ကြည့်နေသည်။ သူ အတော်သဘောကျနေပုံရသည်။ ကျွန်တော် ဘာ့ကြောင့် တောင်ငူဆောင်ရှေ့က ဦးချစ်သားများ လက်ဖက်ရည်ဆိုင်မှာသည် ကောင်မလေးနှင့် အတူထိုင်နေသလဲ။ ကျွန်တော်မသိ။ ကောင်မလေးသည် စာအုပ်ထဲက ပို့စ်မော်ဒန် သဘောတရားတွေကို လိုသလို ခုံမင်စွာဖတ်နေ၏။ ကျွန်တော် သည်နေရာမှာ ကြာကြာမနေနိုင်။ ကုံကော်ပန်းများ၏ ရနံ့သည် လေးတွဲချိုအီ၍ ကျွန်တော့်အရေပြားကို ယားယံစေသည်။ ကုံကော် Allergy အလာဂျီဟု ခေါ်ရလိမ့်မည်ထင်သည်။ ကောင်မလေးနှင့် စာအုပ်ကိုထားပစ်ခဲ့၍ ကျွန်တော် ထွက်လာခဲ့သည်။ ထိုညက ကျွန်တော် အိပ်ဖြစ်၏။ ရိုးရိုးပါပဲ။ အိပ်မက်တစ်ခု မက်သည်။ အိပ်မက်ထဲမှာ ကောင်မလေးသည် စံပယ်ပန်းတွေ ဝေနေအောင်ပန်၍ သီချင်းဆိုနေသည်။ ထိုကောင်မလေးသည် လက်ဖက်ရည်ဆိုင်မှာ စာအုပ်တစ်အုပ်နှင့် ကျွန်တော် ထားပစ်ခဲ့သော ကောင်မလေးနှင့် အတော်တူသည်။ အိပ်ရာကနိုးတော့ ကျွန်တော် ဈေးသွားသည်။

ဈေးထဲမှာ လူစည်သည်။ လူလည်း စုံသည်။ ကျွန်တော့်ခြေထောက်တွေ ညောင်းလာအောင် လှည့်ပတ်နေ၏။ ဆိုင်တစ်ဆိုင်မှာ ကျွန်တော် လိုချင်သောအရာ တွေ့၏။ အိတ်ထဲမှ စက္ကူတစ်ထပ်ကိုထုတ်၍ ဆိုင်ရှင်အား လှမ်းပေးလိုက်သည်။ ဆိုင်ရှင်က ကျွန်တော် လိုချင်သောပစ္စည်းကို

ကြွပ်ကြွပ်အိတ်တစ်လုံးနှင့် ထည့်၍ပေးသည်။ ပြီးတော့ ကျွန်တော်ပေးလိုက်သော စက္ကူများကို ကိုင်ပြ၍ ကျွန်တော့်ကို ပေးသည်။

"ခင်ဗျားပိုက်ဆံတွေ ရေရဦးမလား"

"မလိုဘူးထင်ပါတယ်ဗျာ"

"မလိုရင်လည်း မရေတော့ဘူးလေ"

"ဒါပေမဲ့ လိုနေရင် ဘယ့်နှယ်လုပ်မလဲ"

"ခင်ဗျားပဲ မလိုဘူးဆို"

"ကျွန်တော်ပြောတဲ့ လိုတယ်ဆိုတာ မပြည့်တာကို ပြောတာ"

"ပြည့်လိမ့်မယ် ထင်ပါတယ်ဗျာ"

"ထင်တယ်ဆိုတာ မသေချာဘူး"

"ဒါဖြင့်လည်း ရေကြည့်လေ"

"မရေတော့ပါဘူးဗျာ"

ကျွန်တော် ဆိုင်ရှင်ကို ကြည်ကြည်လင်လင် ပြုံးပြ၏။ ဆိုင်ရှင်ကလည်း ကျွန်တော့်ကို ကြည်ကြည်လင်လင် ပြုံးပြ၏။ ကျွန်တော်တို့နှစ်ယောက်စလုံး စိတ်ချမ်းသာမှု ရသွားသည် ထင်ရ၏။

"ဆရာ ဘာတွေဝယ်လာတာလဲ"

နောက်ဘက်ဆီမှ အသံကြား၏။ ငါ့ဘာသာ ဘာတွေဝယ်ဝယ် နင့်အလုပ်လား၊ နင်နဲ့ ဘာဆိုင်လို့လဲလို့ ကောတော့မည် စိတ်ထဲကကြံပြီးမှ မကောဖြစ်တော့။ အဘယ်ကြောင့်ဆိုသော် ထိုအသံသည် မိန်းကလေးခပ်ငယ်ငယ်တစ်ယောက်၏ အသံဖြစ်သောကြောင့် လှည့်ကြည့်လိုက်သည်။ ကျွန်တော်သည် အသက်အတော်ကြီးနေသော အဘိုးကြီးတစ်ယောက်ဖြစ်သော်လည်း မိန်းမပျိုကလေးများကို အတော်ငမ်းတတ်၏။ ထိုကိစ္စသည် ဖုံးကွယ်ထားစရာကိစ္စမဟုတ်၊ လူပီသသောကိစ္စဖြစ်သည်ဟု သူငယ်ချင်းတစ်ယောက်က ပြောဖူးသည်။

"ဆရာ ဘာတွေဝယ်လာတာလဲ"

ထပ်မေးသည်။ ကျောင်းသူအရွယ်၊ သို့မဟုတ် ကျောင်းသူကြီး အရွယ်၊ အတော်လှပသားနားသော မိန်းကလေးတစ်ယောက်၊ လက်ထဲမှာ ပလတ်စတစ်အကြည် ဖိုင်တွဲတစ်တွဲ ကိုင်ထား၏။ ပခုံးသိုင်းလွယ်ရသော အိတ်ကြီးကြီး လွယ်ထား၏။ တော်တော်ကလေး လှပါသည်။

"ဩော်... သိက္ခာတွေ ဝယ်လာတာပါ"

"ရှင်"

သည်ကလေးမသည် မဟာဝိဇ္ဇာတန်း တက်နေတာလား၊ ပါရဂူ အကြိုတန်း တက်နေတာလား ကျွန်တော်မသိ။ ကျွန်တော်သိတာကတော့ ကျွန်တော် ပြောတာ သူမသိဟူသော အချက်ဖြစ်၏။ ကျွန်တော့်ကို ပြုံးသလို မဲ့သလိုကြည့်၍ ခပ်သုတ်သုတ် ထွက်သွားသည်။ ကျွန်တော် မှားသွားသည်။ ငရုတ်သီးမှုန့်ဖြစ်ဖြစ်၊ သရက်သီးသနပ်ဖြစ်ဖြစ် တစ်ခုခု ဝယ်လာသည်ဟု ပြောလိုက်ဖို့ကောင်းသည်။ အခု ဝယ်လာသောပစ္စည်း အတိုင်း ပြောလိုက်၍ထွက်သွားသည်။ လှလှပပ မိန်းမငယ်တစ်ယောက် နှင့် အိပ်ပျော်မသွားခင် နိုးနေရက်နှင့် အိပ်မက်မက်သည်။ အိပ်မက်ဆိုတာ နိုးနေတုန်း မမက်ရဘူးဟု ပြောသော်လည်း မရ။ အိပ်မက်က အတင်းဝင် မက်သည်။ အိပ်မက်ထဲမှာ ဈေးဝယ်တုန်းက တွေ့ခဲ့သော ကောင်မလေး နှင့် ထပ်တွေ့သည်။ ကျွန်တော့်ကိုမြင်၍ ရှင် သိက္ခာမရှိဘူးဟု ပြော၏။ ကျွန်တော်က သိက္ခာရှိကြောင်းပြဖို့ သိက္ခာထည့်ထားသော ကြွပ်ကြွပ် အိတ်ကို ရှာသည်။ ကြွပ်ကြွပ်အိတ် ရှာမတွေ့။ ကျွန်တော် သိက္ခာရှိ ကြောင်း မပြောလိုက်ရ။ ကောင်မလေး ပြုံးပြီး ထွက်သွားသည်။ ထို့ နောက် ကျွန်တော် ပျော်သွား၏။

အိပ်ပျော်သွားသည်နှင့် အိပ်မက်မက်တော့သည်။ အိပ်မက်ထဲမှာ ကျွန်တော် တောင်ထိပ်ပေါ်မှာ အနှစ် ၄၀ ကြာအောင် အိပ်ပျော်သွားတာ

မဖြစ်နိုင်ဘူးဟု ကျွန်တော့် သူငယ်ချင်းများက ပြောသည်။ ကျွန်တော် အမှန်တကယ် နှစ် ၄၀ လောက် အိပ်ပျော်သွားတာ ကျွန်တော်သာ သိသည်။ သို့သော် ကျွန်တော်သိတာကို သက်သေပြလို့မရ။ အများသူငါ ယုံကြည်အောင်လည်း ပြောလို့မရ။ ထိုအိပ်မက်ထဲမှာပင် ကျွန်တော့် သူငယ်ချင်းများနှင့် အချေအတင် စကားများရ၏။ ကျွန်တော် အော်ငေါက် ထုတ်လိုက်သောကြောင့် သူငယ်ချင်းများ ပြန်သွားကြ၏။ ခဏကြာတော့ ကျွန်တော် အိပ်ရာကနိုးလာသည်။

နိုးလာတော့ ကျွန်တော့်အိပ်ရာဘေးမှာ ကျွန်တော့် သူငယ်ချင်း မိုးကြည် ရပ်နေသည်။

"ပြင်ဦးလွင် မိုးကြည်"

"အေး... ဟုတ်တယ်"

"မင်းနာမည် အရင်နာမည်လောက် ခေါ်လို့ မကောင်းဘူး"

"အေး... ဟုတ်တယ်"

"ဟ... နေပါဦး၊ မင်းကို ငါ့အိပ်မက်ထဲမှာ တွေ့တာ၊ အခု ငါနိုးနေပြီလေ။ ဘာလို့ အိပ်မက်နဲ့အတူ ပါမသွားဘဲ ချန်နေရခဲ့ရတာလဲ"

"သိဘူး"

"ဟကောင်ရ၊ အိပ်မက်ထဲကလူက အပြင်မှာ တကယ် မရှိရဘူး"

"ဒီမှာ ရှိလို့ရပါတယ်ကွာ"

"ဘယ်မှာ ရှိလို့ရတာလဲ၊ မဟုတ်သေးပါဘူး"

"ဒီစာမျက်နှာပေါ်မှာ ရတယ်"

"ဟင်"

"ဒါ ဝတ္ထုတိုမဟုတ်လား"

"အေး... ဟုတ်သားပဲ"

ကျွန်တော်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ ရယ်မော

လိုက်ကြသည်။ နှစ်ယောက်လုံး 'ဆပ် တိုရီ' ရသွားပြီ ထင်သည်။

"ငါ နှစ် ၄၀ လောက် တောင်ထိပ်မှာ အိပ်ပျော်သွားတာကို မင်းယုံလား"

"အေး... ငါလည်း အဲဒါပြောချင်လို့ ချန်နေရစ်ခဲ့တာ၊ ဒီမယ် ငါပြောမယ်၊ ငါယုံတယ်"

"မိုးကြည် မင်းတော်တယ်"

"ဘာလို့ ယုံတာလဲလို့ မမေးတော့ဘူးလား"

"မမေးတော့ဘူးလေ၊ ဝတ္ထုထဲမှာမို့လို့ မင်းယုံတာ မဟုတ်လား"

"ဒီတစ်ခါ မင်းတော်တယ်"

ကျွန်တော်တို့နှစ်ယောက် နောက်ထပ်တစ်ခါ 'ဆပ်တိုရီ' ရသွားပြန်သည်။ တကယ်တော့ ကျွန်တော့် သူငယ်ချင်း မိုးကြည် ကွယ်လွန်တာ လေးငါးနှစ်လောက် ရှိပြီ။ တကယ့် သူငယ်ချင်းမိုးကြည် အစစ်မရှိတော့ပေမဲ့ သည်ဝတ္ထုထဲမှာ ရှိလို့ရသည်။ သည်လိုပဲ ဂျူးလီယက်ဆီဇာတို့၊ ကျန်စစ်သားတို့၊ ဟစ်တလာတို့ ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာ ခဏခဏ ပြန်ပြန်တွေ့နေရသည်။ ကျန်စစ်သားတို့တောင် ပြန်လာလို့ရသေးတာပဲ၊ မိုးကြည်လည်း ဝတ္ထုထဲမှာ ပြန်လာမှာပေါ့။ ကျွန်တော်တို့ စကားအကြာကြီး ပြောကြ၏။ စိန်မြင့်အကြောင်း၊ ခင်ဝမ်း အကြောင်းတွေ ပါသည်။ အတော်ကြာတော့ မိုးကြည် ပြန်သွား၏။ ကျွန်တော့်ကိုလည်း စကားတစ်ခွန်း ပြောသွားသေး၏။

"ငါပြန်သွားတာနဲ့ မင်းဝတ္ထုကို အဆုံးသတ်လိုက်တော့"

"ဘာလို့လဲဟ"

"မင်းဝတ္ထုက ရှည်ရှည်လာတော့ ကြာလာရင် ပျင်းစရာကောင်းလာပြီ"

"အေး... ဒါလည်း ဟုတ်တယ်"

မိုးကြည်ပြောသွားတော့ ကျွန်တော့်ဝတ္ထုက ပျင်းစရာကောင်းလာပြီ တဲ့။ ဟုတ်သားပဲ။ သို့သော်လည်း စဉ်းစားတာက ဝတ္ထုကို အဆုံးသတ်လို့ မဖြစ်သေး။ နှစ် ၄၀ အိပ်ပျော်ရာက နိုးရာတော့...

၁။ ဗေယျာလင်းတို့နှင့် အရက်သောက်သည်။

၂။ တက္ကသိုလ် လက်ဖက်ရည်ဆိုင်မှာ ကောင်မလေးတစ်ယောက်နှင့် ထိုင်သည်။

၃။ ဈေးထဲမှာ ပစ္စည်းတစ်ခု ဝယ်သည်။

၄။ အိပ်မက်ထဲက ကျန်နေရစ်တဲ့ သူငယ်ချင်းနှင့် တွေ့သည်။ အခုထိ အဖြစ်အပျက်တွေက အဆက်အစပ်မရှိသေး။ ဝတ္ထုရုပ်လုံး မပေါ်သေး။ အဓိက Theme ဖြစ်တဲ့ နှစ် ၄၀ အိပ်ပျော်သွားတာနဲ့ ဇာတ်ကွက်တွေနဲ့ အဆက်အစပ်မရှိသလိုဖြစ်နေသည်။ အနှစ် ၄၀ တောင်ပေါ်မှာ အိပ်ပျော်သွားတာ ဘာအဓိပ္ပာယ်လဲ။ အဲဒီအကျိုးဆက်က ဘာလဲ။ ဘာဆက်ဖြစ်သလဲ၊ ဘာ့ကြောင့်...။

ဤဝတ္ထုရေးသော စာရေးဆရာသည် အလွန်တုံးသောသူ ဖြစ်၏။ တကယ့်ချာဗင်။ သူ့ဝတ္ထုသူ ဘာရေးလို့ ရေးမှန်းမသိ။ ဘယ်ရောက်လို့ ရောက်မှန်းမသိ။ အဆက်အစပ်သဘောတရားမသိ။ ဝတ္ထုသဘောတရားမသိ။ ဇာတ်လမ်း၊ ဇာတ်ကွက် သဘောတရား မသိ။ ဝတ္ထု တည်ဆောက်ပုံ အနုပညာကို မသိ။ နာမည်တစ်လုံးနှင့် ဝတ္ထုရေးဆရာလုပ်နေတာ ရှက်စရာကောင်းသည်။ အဆိုးဝါးဆုံးအချက်က သူ့ဝတ္ထုထဲမှာ သူ အနှစ် ၄၀ အိပ်ပျော်သွားသောအကြောင်းကို စာဖတ်သူတွေ ကောင်းကောင်းသဘောပေါက်နေကြောင်းကို သူမသိ။ ဤဝတ္ထုရေးသူ အလွန်တုံးသည်။

ဟန်သစ်မဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၂၀၀၃

❑

၂၀၂၁ - နှစ်သစ်ကြို

ဝတ္ထု ၁၂ ပုဒ်အစီအစဉ် - ၂

KLA0005

1,800.00 KS